# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ၏။**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၉ ရက် ၂၀၁၇ ခုနှစ်၊ ဇွန် ၃ ရက်၊ စနေနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၄၃)

# ကလေးစာပေပွဲတော်မှ ကလေးများအတွက် ဗဟုသုတအတွေးအခေါ်များ မြင့်မားစေ

## ကလေးစာပေပွဲတော် တောင်ကြီးဖွင့်ပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အမှာစကားပြော




နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကလေးစာပေပွဲတော် တောင်ကြီးတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား ကြည့်ရှုအားပေးစဉ် (သတင်းစဉ်)

**နေပြည်တော် ဇွန် ၂**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ရှိ တောင်ကြီးတက္ကသိုလ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ နိုင်သက်လွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝင်းမင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ၊ စာပေချစ်မြတ်နိုးသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

**လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကျင်းပ** စာမျက်နှာ - ၅

**ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ စောင့်ကြည့်မည့်သူများအတွက် JMC မှ ခွင့်ပြုသည့် ဒေသခံအရပ်သား စောင့်ကြည့်သူများကိုသာ အသိအမှတ်ပြုမည်** စာမျက်နှာ - ၆

**ပါရီသဘောတူညီချက်မှ အမေရိကန်နိုင်ငံ နုတ်ထွက်မည်ဖြစ်ကြောင်း ထရန့်ပြောကြား** စာမျက်နှာ - ၁၀



မြန်မာ့အလင်း

# အေတီအေကာနေး

နိုင်ငံတကာနှင့် ကုန်သွယ်လုပ်ကိုင်သောအခါ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်စွမ်းရှိမှသာ အပြည့်အဝ ယှဉ်ပြိုင်လုပ်ကိုင်နိုင်စွမ်းရှိမည်ဖြစ်ပါသည်။ နိုင်ငံတကာကုန်သွယ်ရေး၌ ကုန်ပစ္စည်းထုတ်လုပ်သောနိုင်ငံအတွက်ဖြစ်စေ၊ ဝယ်ယူသုံးစွဲမည့် နိုင်ငံအတွက်ဖြစ်စေ အရောင်းအဝယ်ပြုလုပ်မည့်ကုန်ပစ္စည်းကို စမ်းသပ်သုံးစွဲခွင့် ရရှိမည်ဆိုပါက နှစ်ဦးနှစ်ဖက်စလုံး အကျိုးရှိစေမည်ဖြစ်ပါသည်။ တချို့သော စီမံကိန်းတို့၌ လုပ်ငန်းအတွက် လိုအပ်သောကိရိယာတန်ဆာပလာများကို ယာယီသဘော တင်သွင်းအသုံးပြုရသည်များရှိပါသည်။ ကုန်စည်ပြပွဲတို့၌လည်း ပြသရန်အတွက် ကုန်ပစ္စည်းတို့ကို အချိန်တိုသဘော တင်သွင်းပြသကြရပါသည်။ အထက်၌ ရည်ညွှန်းဖော်ပြထားသည့် ဖြစ်ရပ်သုံးမျိုးစလုံးသည် ယာယီသဘောဖြစ်သော်လည်း တစ်နိုင်ငံမှ တစ်နိုင်ငံသို့ တင်ပို့/တင်သွင်းခြင်းများဖြစ်၍ ပုံမှန်အားဖြင့်ဆိုပါက အခွန်အကောက် ဂျူတီ (duty) တို့ကို ပေးဆောင်ရမည်ဖြစ်ပါသည်။ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ယာယီသဘော တင်ပို့/တင်သွင်းကြရသည့် ကုန်ပစ္စည်းတို့အတွက် အခွန်အကောက် ဂျူတီတို့ကို ပေးဆောင်ရပါက အပိုကုန်ကျစရိတ်သဘော သက်ရောက်မည်ဖြစ်သကဲ့သို့ ကုန်သွယ်မှုလုပ်ငန်းစဉ်တို့ကို နှောင့်နှေးစေမည်ဖြစ်ပါသည်။

အထက်၌ ရည်ညွှန်းဖော်ပြထားသည့် အခက်အခဲတို့ကို ကျော်လွှားနိုင်ရေးအတွက် နိုင်ငံတကာအကောက်ခွန်အဖွဲ့အစည်း **(World Custom Organization-WCO)** နှင့် နိုင်ငံတကာ ကုန်သည်ကြီးများအသင်း **(International Chamber of Commerce)**တို့ ပူးပေါင်း၍ အေတီအေကာနေး **(ATA Carnet)** ဟူသော နိုင်ငံတကာ အကောက်ခွန် စာရွက်စာတမ်းစနစ်တစ်မျိုးကို ပုံဖော်ဖန်တီးထားပါသည်။ အဆိုပါ အေတီအေကာနေးစနစ်ကို အသုံးပြုဆောင်ရွက်ပါက ကုန်ပစ္စည်းတို့ကို တစ်နှစ်အထိ အကောက်ခွန်မဲ့၊ ဂျူတီမဲ့ တင်သွင်းခွင့်ရမည်ဖြစ်ပါသည်။ သို့သော် ခွင့်ပြုသက်တမ်းမကုန်ဆုံးမီ ကုန်ပစ္စည်းတို့ကို မူရင်းတင်ပို့ရာနိုင်ငံသို့ ပြန်လည်တင်ပို့ပေးရမည် ဖြစ်ပါသည်။ သတ်မှတ်စည်းကမ်းချက်တို့ကို ဖောက်ဖျက်ပါက ဒဏ်ကြေး သဘော ပေးဆောင်ရမည်ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ကြည့်ပါက ၂၀၁၂ ခုနှစ်တွင် ဒေါ်လာ ဘီလီယံ ၂၀ ကျော်သော ကာနေးစာရွက်စာတမ်း ၁၇၅၀၀၀ ကျော် အသုံးပြုခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဒေါ်လာ ၃၀ ဒသမ ၅ ဘီလီယံကျော်သော ကာနေးစာရွက်စာတမ်း ၁၇၈၁၅၀ ကျော် အသုံးပြုခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးစနစ်အတွင်းသို့ ထဲထဲဝင်ဝင် လှုပ်ရှားဆောင်ရွက်နိုင်ရန် ကြိုးပမ်းအကောင်အထည်ဖော်နေသည့်အလျောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် အေတီအေကာနေးစနစ်အတွင်းသို့ ဝင်ရောက်ရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိပါသည်။ လက်ရှိ၌ ကမ္ဘာ့နိုင်ငံပေါင်း ၈၅ နိုင်ငံသည် အေတီအေကာနေးစနစ်ကို လက်ခံကျင့်သုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အေတီအေကာနေး အဖွဲ့ဝင်နိုင်ငံများဖြစ်သကဲ့သို့ အာဆီယံနိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည်လည်း အေတီအေကာနေး အဖွဲ့ဝင်နိုင်ငံများဖြစ်ပါသည်။ အချုပ်အားဖြင့်တင်ပြရသော် နိုင်ငံတကာစံချိန်စံညွှန်းတို့ကို အပြည့်အဝလိုက်နာအကောင်အထည်ဖော်ရေးကိုဦးတည်လျက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ဦးဆောင်ကျင်းပသည့် အေတီအေကာနေး အလုပ်ရုံဆွေးနွေးပွဲတို့ကို ဂုဏ်ပြုကြိုဆိုကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## လူထုဗဟိုပြုစီမံကိန်း သင်တန်းပေး

**ကျောက်တန်း ဇွန် ၂**

လူထုဗဟိုပြုစီမံကိန်းနှင့်ဆက်နွယ်သူများအားလုံး ပူးပေါင်းပါဝင်ခြင်းဖြင့် အကြံပြုတိုင်ကြားနိုင်သောစနစ်ကိုဖော်ဆောင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်သော ကျေးရွာအဆင့် ဝေဖန်အကြံပြု တိုင်ကြားချက်ဖြေရှင်းရေးသင်တန်းကို ဇွန် ၁ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ Learning Center တွင် ဖွင့်လှစ်ရာ ပတ်ဝန်းကျင်ကျေးရွာ ၂၀ တို့မှ ကိုယ်စားလှယ် ၄၀ တက်ရောက်ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ကမ္ဘာ့ဘဏ်တို့ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုစီမံကိန်းလုပ်ငန်းများကို ကျောက်တန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် စီမံကိန်းအထောက်အကူပြုကော်မတီများနှင့် ကျေးရွာလူထုစုပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အခမ်းအနားတွင် လူထုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့ ဒေါ်မြင့်မြင့်ရွှေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အကြီးတန်းစာရေး ဒေါ်ဇင်မာကြည်တို့က လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(၀၁၉)**

# မုတ္တမကမ်းရိုးတန်းဒေသအား အပြည်ပြည်ဆိုင်ရာ ရေဝပ်ဒေသ (Ramsar) အဖြစ်သတ်မှတ်

**မော်လမြိုင် ဇွန် ၂**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် သစ်တောဦးစီးဌာန၊ HELVETAS Myanmar၊ NAG၊ IUCN နှင့် BANCA အဖွဲ့တို့ ပူးပေါင်း၍ မုတ္တမကမ်းရိုးတန်းဒေသအား အပြည်ပြည်ဆိုင်ရာ ရေဝပ်ဒေသ (Ramsar)အဖြစ်သတ်မှတ်ခြင်း အခမ်းအနားကို မေ ၃၀ ရက်က ကျိုက်ထိုမြို့နယ် စွပ္ပနူးကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံက မုတ္တမပင်လယ်ကွေ့ဒေသအနေဖြင့် ကျယ်ပြန့်သည့် လဟာပြင်၊ မြစ်ကြီးသုံးစင်းမှ ပို့ချသည့် နုန်းအနည်အနှစ်တို့တွင် ပါသည့် ဩဇာဓာတ်တို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝရေသယံဇာတပေါများသည့် ဒေသကြီးဖြစ်ကြောင်း၊ ယင်းအပြင် တစ်ကမ္ဘာလုံး၌ အကောင်ရေ ၅၀၀ အောက်သာရှိတော့သည့် ရေညှော်နှုတ်ဝိုင်းငှက် ၆၀ ရာခိုင်နှုန်းတို့၏ ဆောင်းခိုကျက်စားရာ အဓိကနေရာတစ်ခုအဖြစ် ကမ္ဘာသိလက်ခံထားသောနေရာတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

မုတ္တမကမ်းရိုးတန်းဒေသအား အပြည်ပြည်ဆိုင်ရာ ရေဝပ်ဒေသ (Ramsar Site) အဖြစ်သတ်မှတ်ခြင်း အထိမ်းအမှတ်အနေဖြင့် ကျိုက်ထိုမြို့နယ် ခလွန်းကျေးရွာ၌ ကျွန်း ၁၇ပင်၊ ပျဉ်းမ ၁၀ ပင်၊ ကံ့ကော်နှစ်ပင်၊ ခရေနှစ်ပင်၊ ပျဉ်းကတိုးသုံးပင်၊ ယင်းမာတစ်ပင်၊ မိုင်းဂျန်ရှား ၆၀၅ ပင်နှင့် မဟော်ဂနီ ၆၀၀ ပင် စုစုပေါင်း ပျိုးပင် ၁၂၅၀ ပင်တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

# ကရင်ပြည်နယ်ရှိကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရန် မှိုစိုက်ပျိုးနည်းသင်တန်းဖွင့်

**မြဝတီ ဇွန် ၂**

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကော်ဖီ-ရာသီသီးနှံဌာနခွဲတို့ ပူးပေါင်း၍ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြဝတီမြို့နယ် ထီးဝါပလော့ကျေးရွာအုပ်စု ထော့မဲပါမွေးမြူရေးစခန်း၌ မှိုမျိုးစုံမွေးမြူရေးစိုက်ပျိုးရေးသင်တန်းကို မေလနောက်ဆုံးပတ်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။



အဆိုပါသင်တန်းဖွင့်ပွဲတွင် ထော့မဲပါမွေးမြူစခန်းတာဝန်ခံ ဦးစောကော်လူးက ကျေးဇူးတင်စကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက အမှာစကားပြောကြားကာ သင်တန်းသူ သင်တန်းသား ၃၈ ဦးနှင့် ဌာနဆိုင်ရာအရာထမ်းအမှုထမ်းများ ၂၄ ဦး တက်ရောက်သည်။ ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ဒေသဖွံ့ဖြိုးရေးအတွက် ကော်ဖီမျိုးစေ့၊ ကော်ဖီစိုက်နည်းစာစောင်များ၊ မှိုအမျိုးမျိုး၊ ပုလင်းမျိုးထုပ်များနှင့် လယ်ယာစီးပွားစာစောင်များအား ဒေသတာဝန်ခံများဖြစ်သော ဦးစောကော်လူးနှင့် ဦးအောင်ကိုလတ်တို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မှိုသင်တန်းဆရာဆရာမများကလည်း ဒေသခံပြည်သူများ စိုက်ပျိုးလုပ်ကိုင်မှုလွယ်ကူစေရန် လက်တွေ့စိုက်ပျိုးလုပ်ကိုင်မှုများကိုပါ ပို့ချပေးလျက်ရှိကြောင်း သိရသည်။ **သိမ့်သိမ့်မိုး**

# စစ်မှုထမ်းဟောင်း မိသားစုများကို ပညာသင်စရိတ်ထောက်ပံ့

**စလင်း ဇွန် ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ ဇွန် ၁ ရက်က အဖွဲ့ဝင်မိသားစုများကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဒုအရာခံဗိုလ်ကိုလေး (ငြိမ်း)က မိမိတို့အဖွဲ့သည် နှစ်စဉ်ကျောင်းဖွင့်ရက်ဖြစ်သော ဇွန် ၁ ရက်တွင် အဖွဲ့ဝင်မိသားစုများကို မြို့နယ်အဖွဲ့က ပညာသင်စရိတ်ထောက်ပံ့ပေးကြောင်း ပြောကြားပြီး အဖွဲ့ဝင်မိသားစု တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် အဖွဲ့ဝင်မိသားစု ၂၁၅ ဦးအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂-၆-၂၀၁၇ **ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၁၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၈ | ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ | ·၃ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၀၆ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁၂ |
| တရုတ် | တစ်ယွမ် | ၁၉၉ | ·၁၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ | ·၀၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ကျောင်းသား ကျောင်းသူများ၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားကလေးငယ်များနှင့်အတူ ကလေးစာပေပွဲတော် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မဟော်ဂနီပင်ကို တောင်ကြီးတက္ကသိုလ် ရှေ့မျက်နှာစာ၌ အမှတ်တရစိုက်ပျိုးပေးသည်။

**ဖွင့်လှစ်ပေး**

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို တောင်ကြီးတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက **"ကလေးစာပေပွဲတော် Theme Song"** သီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

**ကလေးစာပေပွဲတော်များ နိုင်ငံအနှံ့ ကျင်းပ**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အချိန်အခါ၌ ဝန်ကြီးဌာနအသီးသီးအနေဖြင့် မိမိတို့၏ ဌာနလုပ်ငန်းများကို အောင်မြင်အောင် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာမည့် ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာရန်နှင့် ကလေးစာပေများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် နိုင်ငံအနှံ့တွင် ကလေးစာပေပွဲတော်များ ကျင်းပပေးနေသည်ကို တွေ့ကြရမည် ဖြစ်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကလေးစာပေပွဲတော် တောင်ကြီးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

**ဝမ်းမြောက်ပီတိဖြစ်**

ပြီးခဲ့သည့် တစ်နှစ်တာအတွင်း ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များ၊ စာပေကိုချစ်မြတ်နိုးသူများနှင့် ပူးပေါင်းပြီး နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်မြို့တို့တွင် ကလေးစာပေပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြပါကြောင်း၊ ထို့အပြင် ခရိုင်မြို့ကြီး ၁၁ မြို့တွင်လည်း ကလေးစာပေပွဲတော်များကို ဒေသခံများနှင့်ပူးပေါင်းပြီး ကျင်းပနိုင်ခဲ့သည်ဟု သိရသည့်အတွက် ဝမ်းမြောက်ပီတိဖြစ်မိပါကြောင်း။

**အကျိုးကျေးဇူးများနိုင်**

ထိုသို့ ကလေးစာပေပွဲတော်များကို ကျင်းပနိုင်သဖြင့် ကလေးများအတွက် ပျော်ရွှင်မှု၊ ဗဟုသုတအတွေးအခေါ် မြင့်မားစေမှု၊ စာအုပ်စာပေကို ချစ်ခင်မြတ်နိုးတတ်မှု၊ စာဖတ်သည့် အလေ့အထများ လေ့ကျင့်ပျိုးထောင်ပေးနိုင်မှု၊ နိုင်ငံချစ်စိတ်ဖြင့် တိုင်းကျိုးပြည်ကျိုးထမ်းဆောင်လိုစိတ်များ မြင့်မားစေမှု၊ ဘဝကို ရဲရင့်မှန်ကန်စွာ ကျော်ဖြတ်နိုင်မည့် အားမာန်သတ္တိများ ပြည့်ဝစေမှု စသည့် အကျိုးကျေးဇူးများ ရရှိနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း။

စာပေထဲတွင် ကလေးစာပေသည် အခြားစာပေများထက် ပိုပြီးခက်ခဲနက်နဲသည်ဟု ခံစားမိပါကြောင်း၊ လူကြီးစာပေဆိုသည်မှာ နယ်နိမိတ်သတ်မှတ်ချက် နည်းပါးပြီး စိတ်ရှိသလောက် လွတ်လပ်စွာ ဖန်တီးနိုင်သည်ဟု မိမိမြင်မိပါကြောင်း၊ ကလေးစာပေများမှာ ကလေးများနှင့် ရင်းနှီးသည့် ပတ်ဝန်းကျင်မှ အကြောင်းအရာများကိုသာ စဉ်းစားရပါကြောင်း၊ ကလေးများ၏ အတွင်းစိတ်ကိုဝင်ကြည့်ပြီး ထိုစိတ်ကူးစိတ်သန်းများနှင့် လိုက်ဖက်ညီညွတ်အောင် ရေးသားဖန်တီးကြရခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ကလေးစာပေသည် မိမိတို့၏ ကလေးငယ်များကို အပြစ်ကင်းအောင်၊ ပျော်ရွှင်အောင်နှင့် ချစ်စရာအကောင်းဆုံး လူသားများဖြစ်အောင် ဖန်တီးရေးဖွဲ့ကြရသည့် စာပေဖြစ်၍ မိမိတို့အတွက် အလွန်တန်ဖိုးရှိသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အားလုံး အားပေးမြှင့်တင်ပေးရမည်ဟု တွေးမြင်ခံစားမိပါကြောင်း၊ ထို့ကြောင့် ယခုလို ကျောင်းသား ကျောင်းသူများနှင့်အတူ ဤပွဲတော်ကြီးကို အားပေးမြှင့်တင်သည့် အနေဖြင့် တက်ရောက်ဖွင့်လှစ်ပေးရခြင်း ဖြစ်ပါကြောင်း။

**အလွန်တန်ဖိုးရှိ**

မိမိတို့နိုင်ငံ၏ မြန်မာ့ကျေးလက်ပုံပြင်များ၊ ကျေးလက်ကဗျာများသည် ကလေးစာပေအဖြစ် နှုတ်ပြောစာပေအသွင်နှင့် ပေါ်ပေါက်လာခဲ့သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ငယ်စဉ်က ကြားနာရွတ်ဆိုခဲ့ရသည့် အမေမျှော်တေးများ၊ သားချော့တေးများသည် မိမိတို့ကလေးစာပေသမိုင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး တစ်ခေတ်တစ်ခါက မြန်မာစာပေညွှန့်ခန်းဆောင်ကြီးထဲတွင် ဂုဏ်သရေရှိစွာ ပေါ်ထွက်ခဲ့ဖူးခြင်းမှာ အလွန်ပင်တန်ဖိုးရှိသည်ဟု ပြောကြားလိုပါကြောင်း။

**ပြုစုပျိုးထောင်ပေး**

ထိုကလေးစာပေများမှ တစ်ဆင့် မိမိတို့ကို ရိုးသားမှုများ၊ အားမာန်သတ္တိများ၊ နိုင်ငံချစ်စိတ်များ မွေးဖွားပေးခဲ့ခြင်း ဖြစ်သည့်အတွက် အနာဂတ် နိုင်ငံတော်၏ သားကောင်းရတနာများကို ကလေးစာပေများ၊ ကလေးစာဖတ်ခန်းများ၊ ကလေးကဗျာများနှင့်အတူ ပြုစုပျိုးထောင်ပေးကြပါဟု အကြံပြုတိုက်တွန်းလိုပါကြောင်း၊ ဤနေရာမှာ **"လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ"** ဆိုသကဲ့သို့ မိဘဆိုသည်မှာ ကလေးများ၏ လက်ဦးဆရာဖြစ်သည့်အတွက် လွန်စွာအရေးပါလှပါကြောင်း၊ မိမိကလေး၏ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေချင်သည်မှာ မိဘတိုင်း၏ဆန္ဒဖြစ်ပါကြောင်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဖန်တီးရယူကြသည့်နေရာတွင် အသိပညာနုနယ်သည့် သားသမီးလေးများအတွက် ဖြောင့်မတ်မှန်ကန်သည့် နည်းလမ်းများနှင့် လမ်းညွှန်ပေးရန် လိုပါကြောင်း၊ ကလေးများကို စာပေဖတ်ရှုလေ့လာတတ်သည့် အလေ့အထများ ပေါ်ပေါက်လာအောင် မိဘများအနေဖြင့်လည်း ဖြည့်ဆည်းဖန်တီးပေးကြပါဟု တိုက်တွန်းပြောကြားလိုပါကြောင်း။

**ဝိုင်းဝန်းလုပ်ဆောင်**

နည်းပညာဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့လို အချိန်အခါမျိုးတွင် မိမိတို့၏ ကလေးငယ်များကို အတွေးအခေါ် အယူအဆများ၊ ပြုမူပြောဆိုပုံများ၊ ယိမ်းယိုင်ပျက်ယွင်းစေမည့်ဖျော်ဖြေရေးနည်းများ၊ ကစားနည်းများသည် ပုံစံအမျိုးမျိုးနှင့် ကလေးသူငယ်များအကြား ထိုးဖောက်ဝင်ရောက်နေသည်ကို မိဘများအနေဖြင့် အထူးသတိထားရန် လိုမည်ဖြစ်ပါကြောင်း၊ ထိုအခြေအနေမျိုးတွင် ကလေးများ စာပေဖတ်ရှုလာအောင်၊ စာကြည့်တိုက်ဝန်းကျင်တွင် မွေ့လျော်လာအောင် စည်းရုံးဆောင်ရွက်ကြရန်မှာ လွယ်ကူမည် မဟုတ်ပါကြောင်း၊ သို့သော်လည်း မိမိတို့၏ ကလေးများ၊ မိမိတို့၏အနာဂတ် တိုးတက်ကောင်းမွန် လာရန်အတွက် မဖြစ်မနေ ဝိုင်းဝန်းလုပ်ဆောင်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယနေ့ကျင်းပသည့် ကလေးစာပေပွဲတော်ကြီးတွင် မိမိအနေဖြင့် အထူးတိုက်တွန်းမှာကြားလိုသည်မှာ အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် ကလေးများကို ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ စာပေနှင့်ရင်းနှီးပြီး ပညာရည်ပြည့်ဝသည့် သားကောင်းရတနာလေးများဖြစ်လာစေရန် အားလုံးပူးပေါင်းပါဝင်ကူညီပေးကြပါ၊ အနာဂတ်နိုင်ငံတော်၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် ကလေးစာပေများ၊ ကလေးကဗျာများနှင့် ကလေးစာဖတ်ခန်းများ ဖွံ့ဖြိုးလာအောင် ဝိုင်းဝန်းကူညီပေးကြပါဟု ပြောကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာအုပ်စာပေနှင့်နီးစပ်သည့် ပတ်ဝန်းကျင်တွင် ကလေးငယ်များ ပျော်ရွှင်၍ စာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်စေရန်၊ ကလေးများ၏ အနာဂတ်၊ မိမိတို့၏ အနာဂတ်၊ နိုင်ငံ၏ အနာဂတ် ထွန်းလင်းတောက်ပြောင်ပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော်ကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ကျေးဇူးတင်စကားပြောကြားသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက **"လှတဲ့မြန်မာ"** သီချင်းဖြင့်လည်းကောင်း၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက **"ရှမ်းရိုးရာအက"** ဖြင့် လည်းကောင်း၊ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက **"ပအိုဝ်းရိုးရာအက"** ဖြင့်လည်းကောင်း၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက **"ဓနုရိုးရာအက"** ဖြင့်လည်းကောင်း တေးသရုပ်ဖော် ဖျော်ဖြေတင်ဆက်ကပြကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**လှည့်လည်ကြည့်ရှု**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် တောင်ကြီးတက္ကသိုလ် မြေညီထပ်၊ ပထမထပ်နှင့် တက္ကသိုလ် အဆောက်အအုံ ဘေးဘယ်ညာတွင် ခင်းကျင်းပြသထားသည့် ပြိုင်ပွဲများ၊ စာဖတ်ခန်းများ၊ ပြခန်းများနှင့် စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ယခုကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် ကျောင်းသားကျောင်းသူများနှင့် ကလေးငယ်များသည် စက္ကူရုပ်ခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကာတွန်းပုံတူဆွဲပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲများတွင် ပျော်ရွှင်စွာဝင်ရောက်ယှဉ်ပြိုင်ကြပြီး မျက်နှာဆေးရောင်ခြယ်ခြင်းနှင့် နည်းပညာမိတ်ဆက်၊ 3D ကမ္ဘာ၊ ကလေးစာဖတ်ခန်း၊ သိပ္ပံလက်တွေ့ပြခန်း၊ အိမ်တွင်းမှုပြခန်း၊ သင်ထောက်ကူပစ္စည်းများပြခန်း၊ တီထွင်စမ်းသပ်မှုပြခန်း၊ ပညာပေးပြခန်း၊ ဒေသလက်မှုလုပ်ငန်းပြခန်း၊ သဘာဝဘေးအသိပညာပေးပြခန်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများပြခန်းအစရှိသည့် ပြခန်းများတွင်လည်း ပျော်ရွှင်စွာဝင်ရောက်လေ့လာကြသည်။

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဇွန် ၃ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြခန်းပေါင်း ၃၂ ခန်းကျော်၊ စာအုပ်အရောင်းဆိုင် ၆၀ ကျော်နှင့် ဆရာကြီးမင်းသုဝဏ်၏ ဘဝဖြစ်စဉ်မှတ်တမ်း၊ ကလေးကဗျာများနှင့် မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသရောင်းချလျက်ရှိကြောင်း သိရသည်။

ကလေးစာပေပွဲတော်များကို နိုင်ငံ၏ နောင်အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာကြမည့် ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်နှင့် နှုတ်မှုရေးရာ ပြောဆိုနိုင်သည့် စွမ်းရည်များ မြင့်မားလာစေရန်၊ ကလေးများ စာပေနှင့် ထိတွေ့ရင်းနှီးခွင့်ရပြီး စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေးများ၏ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးနေခြင်းဖြစ်ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တောင်ကြီးမြို့နယ် ကက္ကူကျေးရွာရှိ မွေတော်ကက္ကူဘုရားအား လည်းကောင်း၊ ညနေပိုင်းတွင် တောင်ကြီးမြို့ပေါ်ရှိ ရွှေဘုန်းပွင့်ဘုရားနှင့် စူဠာမုနိလောကချမ်းသာစေတီတော်တို့အားလည်းကောင်း သွားရောက် ဖူးမြော်ကြည်ညိုကာ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်



ကလေးစာပေပွဲတော်တောင်ကြီးတွင် ခင်းကျင်းပြသထားသည့် စာအုပ်စာပေများကို ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ ကြည့်ရှုအားပေးကြစဉ် (သတင်းစဉ်)

**အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့်ကလေးများကို ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ စာပေနှင့် ရင်းနှီးပြီး ပညာရည်ပြည့်ဝသည့် သားကောင်းရတနာလေးများ ဖြစ်လာစေရန် အားလုံးပူးပေါင်းပါဝင်ကူညီ**

# သတ်မှတ်ကာလလေးနှစ်ကျော်အတွင်း ၁၄၉၂၀၂၃ ဧက စိုက်ပျိုးလုပ်ကိုင်မှုမရှိ စိစစ်တွေ့ရှိ

**နေပြည်တော် ဇွန် ၂**

မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အမှာစကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအတွင်းရေးမှူး ဦးသက်နိုင်ဦးက လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့်ကိစ္စရပ်များအား ဖတ်ကြားတင်ပြရာ ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များက အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ၁၅ ဖွဲ့မှ ပြန်လည်စိစစ်တင်ပြလာမှုများအရ ယခင် ဗဟိုအဖွဲ့က လုပ်ကိုင်ခွင့်ပြုခဲ့သည့် ခွင့်ပြုဧရိယာ ၂၂၃၅၇၈ ဧကတွင် သတ်မှတ်ကာလလေးနှစ်ကျော်လွန်သည်အထိ စိုက်ပျိုးလုပ်ကိုင်မှုမရှိသည့် ဧရိယာ ၁၄၉၂၀၂၃ ဧက ဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ ယခု စိစစ်တွေ့ရှိချက်များအနေဖြင့် လက်တွေ့မြေပြင်အခြေအနေတို့တွင် အနည်းငယ်သော ကွဲလွဲမှုတချို့ရှိနိုင်သည့်အတွက် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းထံမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂(ဃ)အရ ပြန်လည်သိမ်းယူခြင်း ဆောင်ရွက်သည့်နေရာတွင် အတိအကျပြန်လည်တိုင်းတာပြီး ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၂(ဂ) ပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည့်အတွက် ပြန်လည်သိမ်းယူရေးလုပ်ငန်းကို ဆောင်ရွက်ရန်၊ ဥပဒေပြဋ္ဌာန်းချက်ပါ ကင်းလွတ်ခွင့်ကာလကုန်ဆုံးခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအပေါ်တွင်လည်း



သတ်မှတ်ချက်ပါအတိုင်း မြေခွန်တော်ကောက်ခံရေးဆိုင်ရာ ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်၊ လျှောက်ထားခြင်းကိစ္စရပ်များနှင့် ယခင်ခွင့်ပြုထားခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများမှ စိုက်ပျိုးမြေ တည်ငြိမ်မှုရှိလာသည့် မြေများကို လယ်ယာမြေအဖြစ် သတ်မှတ်ပေးပါရန် လျှောက်ထားလာသည့် ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၂**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန်က တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကောက်ယူရရှိသော တိရစ္ဆာန်ကောင်ရေစာရင်းများအပေါ် အခြေခံ၍ မွေးမြူမှုဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများရေးဆွဲလျက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် ရေး၊ နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုရေး၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်မှလည်း တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းကို တစ်နိုင်ငံ လုံးအတိုင်းအတာဖြင့် လုပ်ဆောင်နိုင်ရေးနှင့် အခြေခံကိန်းဂဏန်းစာရင်းများ မှန်ကန်ရေးအတွက် လမ်းညွှန်ထားရှိပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်များအပေါ် အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရာတွင် ကိန်းဂဏန်းစာရင်းများ အမှန်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဦးစီးဌာနရှိ ဌာနခွဲမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများက မိမိတို့ဌာနခွဲများနှင့် ဒေသအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်၂ ရက်တွင် ကျင်းပခဲ့ပြီး တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကျင်းပ




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးတင်ပြခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဇွန် ၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးတင်ပြခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဆင့်မြင့် အရာရှိကြီးများနှင့် ယူနီဆက်ဖ်တို့မှ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ကလေးစာပေပွဲတော် ပထမနေ့ လာရောက်သူများဖြင့် စည်ကားများပြား

တောင်ကြီး ဇွန် ၂

**ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပထမနေ့ကို တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် (ဘက်စုံခန်းမ) ၌ကျင်းပရာ ဖွင့်ပွဲအခမ်းအနားစတင်ချိန် နံနက်ပိုင်းမှ ပြပွဲသိမ်းချိန် ညနေ ၅ နာရီအထိ လာရောက်လေ့လာသူများ၊ ပါဝင်ဆင်နွှဲသူများနှင့် စည်ကားများပြားလျက်ရှိသည်။**



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် ဆရာကြီးမင်းသုဝဏ်၏ မှတ်တမ်းဓာတ်ပုံများကို ကျောင်းသူလေးများ ကြည့်ရှုလေ့လာစဉ်

အဆိုပါပွဲတော်တွင် ရှမ်းပြည်နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ် ၂၄ ခု၊ ရွှေရတနာရုပ်သေးအဖွဲ့နှင့် မျက်လှည့်ဆရာများ၏တင်ဆက်မှုများကို ပွဲတော်လာသူများက တစ်ခဲနက်အားပေးခဲ့ကြသည်။

ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၇၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပွဲတော်လာကလေးများအား စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပဟေဠိပြိုင်ပွဲများနှင့် စုပေါင်းယှဉ်ပြိုင်ရသည့် ပြိုင်ပွဲများကျင်းပပေးခဲ့ပြီး တာဝန်ရှိသူများက ဆုများပေးအပ်သည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ မောင်ခွန်နွယ်(အင်းလေး)က "စာအုပ်စာပေသည်သာ ကျောင်းသား လူငယ်တို့၏ မိတ်ဆွေပါ"၊ စာရေးဆရာ ဆွေကြည်အေးက "ကျွန်မ၏ ကလေးဘဝတုန်းက ကာတွန်းကဗျာများနှင့် ပုံပြင်များ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးပြီး မွန်းလွဲပိုင်းတွင် ဦးသိန်းသန်းထွန်း၊ ဆွေကြည်အေး၊ ယွန်းဆုဝသန်၊ မြမြင့်မိုရ်(တောင်ကြီး)၊ ကြည်စိုး (တောင်ကြီး)တို့က "ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ စာဖတ်ကျင့်ကို ပျိုးထောင်စို့" ခေါင်းစဉ်ဖြင့် ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကိုလည်းကောင်း ကျင်းပခဲ့ရာ ပွဲတော်လာရောက်သူများက စိတ်ပါဝင်စားစွာ နားထောင်ခဲ့ကြသည်။




ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ပထမနေ့ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်

ပွဲတော်သို့ လာရောက်သည့် ကျောင်းသား ကျောင်းသူများအား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကပူးပေါင်း၍ ကြက်သားဆန်ပြုတ်၊ နို့သာဂူ၊ နို့ဆန်ပြုတ်၊ တောင်ကြီးတက္ကသိုလ်မှ ပေါက်ပေါက်ဘူးများနှင့် စေတနာရှင်ပြည်သူများက ရေသန့်၊ အအေးနှင့် မုန့်မျိုးစုံ၊ PRE-MIER မှ ကွေကာ၊ နို့အေးများနှင့် Dumex တို့ကလည်း ကလေးများအား နို့မှုန့်များ တိုက်ကျွေးသည်။

ကလေးစာပေပွဲတော် တောင်ကြီးတွင် ပညာပေးပြခန်း ၂၅ ခန်း ခင်းကျင်းပြသထားပြီး စာအုပ်ထုတ်ဝေရေးနှင့် ဖြန့်ချိရေးလုပ်ငန်းများမှ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ပြသရောင်းချလျက်ရှိပြီး ကလေးစာပေနှင့် ပတ်သက်သည့် စာအုပ်စာစောင်များ အများဆုံးရောင်းရကြောင်း သိရှိရသည်။

**သတင်းနှင့်ဓာတ်ပုံ- အောင်မင်းဟန်**



ကလေးစာပေပွဲတော်တွင် ကလေးများ ပဟေဠိပြိုင်ပွဲ ဆောင်ပုဒ်ဆက်ခြင်းကို ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ကြစဉ်



ကလေးစာပေပွဲတော်တွင် ကလေးများ ကွန်ပျူတာပန်းချီ ဆေးရောင်ခြယ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ကြစဉ်



ကလေးစာပေပွဲတော်လာ ညီပရိသတ်များ မျက်လှည့်ဆရာ၏ တင်ဆက်မှုကို စိတ်ဝင်တစား ကြည့်ရှုအားပေးကြစဉ်





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်၊ ပူးတွဲစစ်ဦးစီးဌာန၊ စစ်ဦးစီးချုပ် General Fang Fenghui တို့ အထူးတပ်ဖွဲ့သင်တန်းသားများ ကိုယ်ခံပညာ စွမ်းရည်ပြသနေမှုကို ကြည့်ရှုစဉ်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ပူးတွဲစစ်ဦးစီးဌာန စစ်ဦးစီးချုပ်တို့ အထူးတပ်ဖွဲ့လေ့ကျင့်နေမှုများ ကြည့်ရှုလေ့လာ

**နေပြည်တော် ဇွန် ၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်၊ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်၊ ပူးတွဲစစ်ဦးစီးဌာန၊ စစ်ဦးစီးချုပ် General Fang Fenghui တို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၊ အထူးတပ်ဖွဲ့ လေ့ကျင့်ရေးကွင်းသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ကျောင်းအုပ်ကြီးက အထူးတပ်ဖွဲ့လေ့ကျင့်ရေးကွင်း ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

**လေ့ကျင့်မှုများပြသ**

ထို့နောက် အထူးတပ်ဖွဲ့သင်တန်းသားများက ကိုယ်ခံပညာစွမ်းရည်ပြသခြင်း၊ ယုံကြည်မှု ကွင်းအတားအဆီးများဖြတ်ကျော်ခြင်း၊ လေထီးဆင်းပုံစံတုလေ့ကျင့်ခြင်း၊ ခါးစာခံ ကယ်တင်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာလေ့ကျင့်ရေးကွင်း၌ လေ့ကျင့်မှုများ ပြသကြသည်။

**နိုင်ငံတကာအဆင့်မီ**

ယင်းနောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ ဗဟိုစစ်ကော်မရှင် အဖွဲ့ဝင်၊ ပူးတွဲစစ်ဦးစီးဌာန၊ စစ်ဦးစီးချုပ်က ယခုပြသသည့် လေ့ကျင့်ခန်းများသည် နိုင်ငံတကာအဆင့်မီကြောင်း၊ အချိန်တိုအတွင်း ယခုကဲ့သို့ အခက်အခဲအတားအဆီး များအား ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် လေ့ကျင့်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရသည့် အတွက် လေးစားဂုဏ်ယူပါကြောင်း၊ မြန်မာ့တပ်မတော်၏ အထူးတပ်ဖွဲ့ဖြစ်ခြင်းကြောင့် နိုင်ငံအတွက်အမှန်တကယ် အားထားရသည့်တပ်ဖွဲ့ဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ လေ့ကျင့်ခန်းများကို ဆောင်ရွက်ခြင်းဖြင့် စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်မှု အတွက် များစွာအထောက်အကူပြုကြောင်း၊ စိတ်ဓာတ်ကြံ့ခိုင်မှုကိုလည်း ရရှိစေ ကြောင်းနှင့် တာဝန်ထမ်းဆောင်မှုအပိုင်းတွင်လည်း များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဧည့်သည်တော်အဖွဲ့သည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ကျောင်းဧည့်ခန်းမ၌ ကျောင်းအုပ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကျောင်းနှင့် ပတ်သက်သည်များကို Video Clip များဖြင့် ရှင်းလင်း တင်ပြသည်။ ယင်းနောက် သင်တန်းသားများအား နှုတ်ခွန်းဆက်စကား ပြန်လည် ပြောကြားကာ ကျောင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာစောင့်ကြည့်မည့်သူများအတွက် JMC မှ ခွင့်ပြုသည့် ဒေသခံအရပ်သားစောင့်ကြည့်သူများကိုသာ အသိအမှတ်ပြုမည်

**ရန်ကုန် ဇွန် ၂**

ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ စောင့်ကြည့်မည့်သူများအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ ( JMC) မှ စောင့်ကြည့်ခွင့်ပြုသည့် ဒေသခံအရပ်သား စောင့်ကြည့်သူများကိုအသိအမှတ်ပြုမည်ဖြစ်ပြီး အရပ်ဘက်လူမှု အဖွဲ့အစည်းများ (CBO/CSO) က ဒေသခံစောင့်ကြည့်သူ များအား နည်းပညာအကူအညီပေးမှုများလုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးခွဲ၌ ပြုလုပ်သည့် ဒေသခံကိုယ်စားလှယ်များ ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းများ တွင် မည်သို့ပါဝင်နိုင်သည်ကို ရှင်းလင်းအသိပေးသည့် JMC နှင့် CBO/CSO များ၏ တွေ့ဆုံပွဲအပြီးတွင် JMC-U ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦးကပြောကြားသည်။

“JMC ကနေပြီးအရပ်သားတွေပါဖို့အတွက် သဘော လည်း တူထားပြီးပြီ။ လုပ်မယ်ဆိုတာကိုလည်းလက်ခံ ထားပြီးပြီ။ CSO တွေ အခန်းကဏ္ဍမှာလည်း CSO တွေ ပါချင်တယ်ဆိုရင် တစ်ဦးတစ်ယောက်ချင်းဆိုပါလို့ရတယ်။ အသင်းအဖွဲ့အနေနဲ့ ဆိုရင်တော့ စွမ်းအင်မြှင့်တင်ရေးလုပ်ငန်းတွေမှာ ဝိုင်းဝန်း ကူညီပြီး ပါပေးပါဆိုတာမျိုးကိုတော့ JMC ဘက်ကနေ ဆွေးနွေး ပါတယ်။ အခုလက်ရှိမှာ အချို့ CSO တွေက စောင့်ကြည့်ရေး Project ဆိုပြီး စောင့်ကြည့်ရေးလုပ်ငန်းတွေ လုပ်နေတာ တွေရှိတယ်။ သူတို့က JMC နဲ့ အပြိုင် ပုံစံမျိုးလုပ်နေတာဆို တော့ ပြည်သူလူထုရှုပ်ထွေးမှုမရှိအောင် ခေါ်ယူညှိနှိုင်းတဲ့ သဘောလည်းဖြစ်ပါတယ်။ စောင့်ကြည့်တဲ့အခါမှာ ဒေသမှာရှိ တဲ့ တကယ်ခံစားနေရတဲ့ လူထုရဲ့အသံက အရေးကြီးတော့ ဒေသခံလူထုက တိုက်ရိုက်ပါဝင်ဖို့လိုတယ်။ ဒါကြောင့် ဒေသခံ



တွေပဲ စောင့်ကြည့်ဖို့ဖြစ်ပါတယ်” ဟု ဒေါက်တာမင်းဇော်ဦးက ပြောသည်။

အရပ်သားစောင့်ကြည့်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် JMC အနေဖြင့် ဒေသခံစောင့်ကြည့်သူများသာ အသိအမှတ် ပြုသွားမည်ဖြစ်ပြီး CBO/CSO များအနေဖြင့် အရပ်သား စောင့်ကြည့်သူများနည်းပညာအကူအညီပေးခြင်းနှင့် စွမ်းအင် မြှင့်တင်ခြင်းလုပ်ငန်းများတွင် အကူအညီပေးနိုင်မည်ဖြစ်သည်။

JMC-U အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင် က “JMC-L အဆင့်ကို စတင်ဖွဲ့စည်းပြီဖြစ်တဲ့အတွက် JMC-L ရဲ့အောက်မှာ သက်ဆိုင်ရာအရပ်ဘက်စောင့်ကြည့် ရေးလုပ်ဆောင်မယ့်သူတွေရဲ့လုပ်ထုံးလုပ်နည်း (SOP) တွေကို ရှင်းလင်းပြသပါတယ်။ အဓိကက စောင့်ကြည့်ရေးလုပ်ငန်းဖြစ်တဲ့ အတွက် ပါဝင်ဆောင်ရွက်မယ့်သူဟာ အဓိကသတင်းလုံခြုံဖို့၊ သတင်းကိုစိစစ်အတည်ပြုခြင်းမလုပ်နိုင်ခင်မှာ ကောလာဟလ ပြောတာတွေမရှိဖို့ ဆိုတာ CBO/CSO တွေကို ရှင်းပြတာပါ” ဟုပြောသည်။

ဒေသဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ပူးတွဲစောင့် ကြည့်ရေးကော်မတီ (JMC-L) ကို ရှမ်းပြည်နယ် လင်းခေး မြို့၌ စတင်ဖွဲ့စည်းနေပြီဖြစ်ပြီး JMC-L ဖွဲ့စည်းပြီးပါက အရပ် သား ဒေသခံစောင့်ကြည့်ရေးလုပ်လိုသူများအား ခေါ်ယူ၍ စောင့်ကြည့်မှုများ ပြုလုပ်စေမည်ဖြစ်သည်။

JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရဲက “ဒီနေ့ ဆွေးနွေးတာက စောင့်ကြည့်ရေးက JMC တစ်ခုတည်းကပဲ လုပ်လို့ရတာမဟုတ်ဘူး။ ဒါပေမယ့် စောင့်ကြည့်ရေးလုပ်ငန်းတွေ အတွက် ပြည်သူကိုချပြရမယ်။ CBO/CSO က ဘယ်လောက် အထိ လက်တွဲမလဲစောင့်ကြည့်ရမယ်။ CSO တွေက သူတို့ မရှင်းတာတွေ မေးမြန်းတယ်။ CSO အနေနဲ့ ကျန်တဲ့အကူ အညီတော့ပေးလို့ရပါတယ်”ဟု ပြောသည်။

ချင်းငြိမ်းချမ်းရေးကော်မတီ (CPTP)၊ ချင်းအပစ်အခတ် ရပ်စဲခြင်းပူးတွဲစောင့်ကြည့်ရေးအဖွဲ့ (CCMT) မှ တလွန်ကျဲအို က “ကျွန်တော်တို့ CBO / CSO တွေ စောင့်ကြည့်ရေး လုပ်ငန်းမှာမလုပ်တာတော့ ကောင်းတယ်ပြောတယ်။ မစောင့် ကြည့်ရဘူးတော့ မပြောဘူး။ JMC အနေနဲ့ စောင့်ကြည့်မယ့် ဒေသခံတွေကူညီမယ်ပဲပြောတယ်။ ဒီနေ့ဆွေးနွေးတာကတော့ CSO တွေ စောင့်ကြည့်တာကိုအသိအမှတ်မပြုဘူး။ သူတို့ အသိအမှတ်ပြုတဲ့ ဒေသခံတွေကိုပဲထောက်ပံ့မယ်ပေါ့။ CSO တွေကစောင့်ကြည့်တာမလုပ်ဘဲ ဒေသခံစောင့်ကြည့်မယ့်သူတွေ ကိုအသိပညာပေးတာတွေ၊ ကူညီတာတွေပဲခွင့်ပြုမယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ ချင်းမှာဆို ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) မဖွဲ့ထားဘူး။ ခွင့်မပြုထားဘူး။ ဖွဲ့ပေးစေချင်တယ်” ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးသို့ အရပ်ဘက်လူမှု အဖွဲ့အစည်း ၂၁ ဖွဲ့မှ CBO/CSOများ၊ အရပ်သားစောင့်ကြည့် ရေးအစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ(၂) စောမတ်သယူး အေး၊ JMC-U အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ JMC-S ကိုယ်စားလှယ်များတက်ရောက်ကြကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

***❖ ကျောဖုံးမှ***

ထို့ပြင် အဆိုပါသွေးကြောချဲ့ခန်း၌ လက်တွေ့ သွေးကြောချဲ့နေသည်ကို ရုပ်မြင်သံကြားမှတစ်ဆင့် သင်ကြားရေး ခန်းမအတွင်းရှိ လေ့လာနေသူများကို လည်း တိုက်ရိုက်ပြသ၍ ၎င်းတို့၏သိရှိလို သည်များကို ပြန်လည်ဖြေကြား၍ သင်ကြားပေးခဲ့သည်။

“လူနာသုံးဦးကို လက်တွေ့ သွေးကြောချဲ့ရင်း ခက်ခဲတဲ့သွေးကြောချဲ့ ရတာတွေ၊ တွေ့ကြုံနိုင်တဲ့ အခက်အခဲ တွေကို လက်တွေ့ကုသနေရင်း အမေးအဖြေလုပ် သင်ကြားပေးတာပါ။ သင်ကြားပေးတဲ့ ဆရာဝန်ကြီးက အာရှ နိုင်ငံ ရှစ်နိုင်ငံမှာ သင်ကြားပေးမှုတွေ ပြုလုပ်နေတာ အခု ကျွန်တော်တို့ နိုင်ငံနဲ့ဆို ကိုးနိုင်ငံမြောက်ပါ” ဟု မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီး နှလုံးရောဂါအထူးကုဌာနမှ ပါမောက္ခ ဒေါက်တာကျော်စိုးဝင်းက ပြောသည်။

ယခင်က နှလုံးသွေးကြောချဲ့ခြင်းကို ပေါင်ရင်းရှိသွေးကြောကို အသုံးပြု၍ ကုသခဲ့သော်လည်း မန္တလေး အထွေထွေ ရောဂါကုဆေးရုံကြီး၌ ၂၀၁၃ ခုနှစ်မှ စ၍ လက်ကောက်ဝတ်သွေးကြောအသုံးပြု၍ နှလုံးသွေးကြောချဲ့ခြင်းကို ကုသပေး လျက်ရှိရာ ၂၀၁၆ ခုနှစ်အထိ လူနာ ၂၅၀၀ ခန့်အား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

# အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြု

**နေပြည်တော် ဇွန် ၂**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းခုနစ်ခုမေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခုနှင့် အဆိုတစ်ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်းတစ်ခု ဆွေးနွေးအတည်ပြုခြင်း တို့ကို ဆောင်ရွက်ကြသည်။

**ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်**

အစည်းအဝေးတွင် ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး၏ **ယင်းမာပင်မြို့နယ် အင်ကြင်းပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် (ပေ ၁၂၀ × ပေ ၃၀ × ၁၂ ပေ) အုတ်ညှပ် တစ်ထပ်ဆောင်ဆောက်လုပ်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အင်ကြင်းပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အမှန်တကယ် ကျောင်းဆောင်လိုအပ်နေသည်ကိုတွေ့ရှိရသည့်အတွက် ခွဲဝေရရှိသည့် ဘဏ္ဍာငွေအခြေအနေအရ ပေ (၁၂၀ × ၃၀)မဟုတ်သော်လည်း ပေ (၈၀ × ၃၀) သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင် ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေခေါင်းစဉ်အောက်မှ ငွေကျပ် ၃၁ ဒသမ ၂သန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ **ဒိုက်ဦးမြို့နယ် လက်ပံသုံးခွ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လက်ပံသုံးခွအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏အထက်တန်းကျောင်း(ခွဲ) သက်တမ်းမှာ ခုနစ်နှစ်ရှိပြီး ၂၀၁၆ -၂၀၁၇ ပညာသင်နှစ်စာရင်းအရ စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၂၀၆ ဦး ရှိပါကြောင်း၊ အဆိုပါကျောင်းသည် သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီမှုရှိသည့်အတွက် ၂၀၁၇ ခုနှစ် မေ ၂၃ ရက်တွင် အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်အစည်းအဝေး မစတင်မီတွေ့ရစဉ်

**ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန်**

ပုတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ၏ **ဒုတ္တန်အခြေခံပညာအထက်တန်းကျောင်း၏ ခါကာဘိုကျောင်းဆောင်(နှစ်ထပ်ဆောင်အဟောင်းအား ကျောင်းဆောင်အသစ်တည်ဆောက်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဒုတ္တန်အခြေခံပညာအထက်တန်းကျောင်းတွင် ဟောခန်းမဆောင်နှင့် ကျောင်းဆောင်သစ်ဖြစ်သော ပေ (၉၀ × ၃၀)အဆောင်မပါ စာသင်ဆောင်ခြောက်ဆောင်ရှိပါကြောင်း၊ ယခုနှစ်တွင် အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အမှုတွဲတည်ဆောက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၅ သန်းဖြင့် ဆောက်လုပ်ပေးထားသော ပေ(၉၀ × ၃၀) သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်(သိပ္ပံဆောင်)သည် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည့်အတွက် အဆိုပါကျောင်းဆောင်ကို စာသင်ခန်းအဖြစ် အသုံးပြုရန် စီစဉ်ထားပါကြောင်း ဖြေကြားသည်။

**ဆရာ၊ ဆရာမများ ဖြည့်ဆည်းခန့်ထားရေး**

မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင်၏ **ဒေါ့ဖုန်းယန်မြို့နားလုံ အ.ထ.က(ခွဲ) ကျောင်းအား ပြီးဆုံးအောင် ဆောက်လုပ်ပေးရန်နှင့် အထက်တန်းပြဆရာမ ထပ်မံခန့်အပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ယင်းကျောင်းဆောင်သည် ၂၀၁၇ ခုနှစ် ဧပြီ ၂၈ ရက်တွင် လေပြင်းတိုက်ခတ်မှုဒဏ် ခံခဲ့ရပါကြောင်း၊ ယင်းကျောင်းဆောင်ကို ဖျက်သိမ်းပြီး ပေ(၉၀ × ၃၀)သွပ်မိုး အုတ်ညှပ် တစ်ထပ်ဆောင်အဖြစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကျောင်း၏ အထက်တန်းပြဆရာလိုအပ်ချက်ကို ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဆရာ၊ ဆရာမများ ဖြည့်ဆည်းခန့်ထားရေး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း၊ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုးနှင့် ကံမမဲဆန္ဒနယ်မှ ဦးစိန်ဟန်တို့၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကိုလည်း ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

**လက်ခံဆွေးနွေးရန်သဘောတူ**

ထို့နောက် ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်းက **နိုင်ငံသားများအား စားသုံးသူပညာပေးရေး (Consumer Education) ဘာသာရပ်ကို သင်ကြားပေးခြင်းဖြင့် စားသုံးသူရေးရာ အသိပညာမြင့်မားလာပြီး ရွေးချယ်ဝယ်ယူသုံးစွဲလာကြခြင်းကြောင့် အန္တရာယ်ရှိသော အစားအစာ၊ ဆေးဝါးအတုများနှင့် ညံ့ဖျင်းသောဝန်ဆောင်မှုများ ဈေးကွက်တွင် အလိုအလျောက် တဖြည်းဖြည်းပျောက်ကွယ်သွားမည်ဖြစ်ရာ ၎င်းဘာသာရပ်ကို အခြေခံပညာအလယ်တန်း (၆၊ ၇၊ ၈) တန်း သင်ရိုးညွှန်းတမ်းမှစ၍ ထည့်သွင်းသင်ကြားပေးရန် ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏ တာဝန်များအား ပြင်ဆင်သတ်မှတ်အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော "ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ဖြစ်မြောက်နိုင်စွမ်းမရှိသည့်အခြေအနေအပေါ် နောက်ထပ်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် ဒုံသမိလျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်းကို ရပ်နားခဲ့ရ

**နေပြည်တော် ဇွန် ၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး အဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရာထူးဝန်ဆိုင်ရာ မေးခွန်းတစ်ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဆိုင်ရာ မေးခွန်းငါးခုတို့ကို ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ဝန်ထမ်းခန့်အပ်နိုင်ရေး**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း၏ **ပလက်ဝမြို့နယ်အတွင်း အစိုးရဌာနတစ်ခုခုမှ အောက်ခြေဝန်ထမ်း၊ အမှုထမ်းအသစ်များ လျှောက်လွှာခေါ်ယူရာတွင် ချင်းပြည်နယ်၏ မြို့တော်ဖြစ်သော ဟားခါးမြို့သို့ ကိုယ်တိုင်သွားရောက်လျှောက်ထားခြင်း၊ အင်တာဗျူးဖြေရခြင်းတို့ကို ပလက်ဝမြို့တွင်သာ ပြောင်းလဲပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အဆင့်ဌာနများအနေဖြင့် မိမိလက်အောက်ရှိ ခရိုင်၊ မြို့နယ်ရုံးများအတွက် အောက်ခြေဝန်ထမ်း၊ အမှုထမ်းအသစ်များ လျှောက်လွှာခေါ်ယူရာတွင် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်များတွင် လျှောက်လွှာခေါ်ယူပေးလျက်ရှိပြီး ဝန်ထမ်းခန့်အပ်နိုင်ရေးအတွက် ပြည်နယ်သို့ ပေးပို့ရပါကြောင်း။

ဝန်ထမ်းခန့်အပ်နိုင်ရေးကို ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ ချင်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရပြီး လိုအပ်ပါက သက်ဆိုင်ရာရုံးချုပ်များသို့ အဆင့်ဆင့်ပေးပို့ဆောင်ရွက်ရပါကြောင်း၊ အချို့သောဌာနများအနေဖြင့် လစ်လပ်ဝန်ထမ်းများ ခေါ်ယူရာ၌ သက်ဆိုင်ရာရုံးချုပ်၏ ညွှန်ကြားချက်အရ တစ်ပြည်နယ်လုံးအတွက် လျှောက်လွှာခေါ်ယူ၍ ရေးဖြေ၊ လူတွေ့၊ နှုတ်ဖြေကိစ္စရပ်များအား ချင်းပြည်နယ်၏မြို့တော် ဟားခါးမြို့တွင်သာ ဖြေဆိုရခြင်းဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ

ထို့ကြောင့် ပလက်ဝမြို့နယ်အတွင်း အစိုးရဌာနတစ်ခုခုမှ အောက်ခြေဝန်ထမ်း၊ အမှုထမ်းအသစ်များ လျှောက်လွှာခေါ်ယူရာတွင် ဟားခါးမြို့သို့ ကိုယ်တိုင်သွားရောက်လျှောက်ထားခြင်း၊ အင်တာဗျူးဖြေရခြင်းတို့ကို ပလက်ဝမြို့တွင်သာ ပြောင်းလဲပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

**သီးသန့်ရန်ပုံငွေရရှိ**

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ကျောက်တော်မြို့နယ် ကျောက်တော်မှ စပါးဆိပ် (ပီ)နယ်မြေ ငထရံထိ ကျေးရွာချင်းဆက်လမ်းအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျောက်တော်- စပါးဆိပ် (ပီ)ငထရံ ကျေးရွာချင်းဆက်လမ်းသည် အရှည် ၂၀ မိုင်ရှိပြီး ကျန်ရှိသောလမ်း ၁၂ မိုင် ၅ ဖာလုံအား မြေသားလမ်း၊ ကျောက်ချောလမ်း၊ ကွန်ကရစ်တံတား နှစ်စင်းတည်ဆောက်ပါက စုစုပေါင်းငွေကျပ် ၂၅၀၉ ဒသမ ၄၅ သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ ကျောက်တော် စပါးဆိပ်(ပီ)ငထရံ ကျေးရွာချင်းဆက်လမ်း ၂၀ မိုင်အနက် မြေသားလမ်းငါးမိုင် ဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းပေါ်ရှိ ရေပွန် ၁၀ စင်း တည်ဆောက်ခြင်းများအတွက် ငွေကျပ် ၁၂၄ ဒသမ ၈၀ သန်းအား ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ အစီအစဉ်တွင် သီးသန့်ရန်ပုံငွေရရှိကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျန်လုပ်ငန်းများဆောင်ရွက်ခြင်းအား ၂၀၁၇ -၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် လျာထားပါဝင်ခြင်း မရှိပါကြောင်းဖြင့် ဖြေကြားသည်။



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်း

**စီမံကိန်းလုပ်ငန်းကို ရပ်နား**

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန်း၏ **ပြည်သူ့ဘဏ္ဍာ ငွေကျပ်သန်းပေါင်း ၁၂၇၀၀ ကျော် အကုန်အကျခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ဝါးပါးဆည်၊ ကျုံထော်ရေထိန်းတံခါး၊ ရပ်ဆိုင်းနေသော ဒုံသမိလျှပ်စစ်မြစ်ရေတင် စီမံကိန်းများသည် မူရင်းလျာထားချက် မပြည့်မီသည့်အပေါ် ၎င်းစီမံကိန်းသုံးခုအား ပြန်လည်စိစစ်သုံးသပ်၍ ဒေသခံတောင်သူလယ်သမားများ မျှော်လင့်လျက်ရှိသည့် သီးထပ်နွေစပါး စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက စီမံကိန်းသုံးခု၏ စုစုပေါင်းကုန်ကျစရိတ်သည် ငွေကျပ် ၁၈၀၈ ဒသမ ၇၄၂ သန်းဖြစ်ကြောင်း၊ ဝါးပါးရေလှောင်တမံသည် စီမံကိန်းကုန်ကျစရိတ် ၅၂ ဒသမ ၁၃ သန်းဖြစ်ပြီး လက်ရှိတွင် ဧက ၅၀၀ အား သီးထပ်နွေစပါးစိုက်ပျိုးရေ ပြည့်စုံလုံလောက်စွာ ပေးဝေနိုင်ပါကြောင်း၊ ကျုံထော်ရေထိန်းတံခါးသည် စီမံကိန်းကုန်ကျစရိတ် ငွေကျပ် ၆၉၉ ဒသမ ၀၁၇ သန်းဖြစ်ပြီး လယ်ယာမြေဧက ၂၂၀၀၀ ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပေးခြင်းဖြင့် အကျိုးပြုနိုင်ခဲ့သော်လည်း မမျှော်မှန်းနိုင်သည့် ပယ်လယ်ရေစီးကြောင်းပြောင်းလဲမှုကြောင့် ကမ်းပြိုရာတွင် ပါဝင်သွားခဲ့ကြောင်းနှင့် ဒုံသမိလျှပ်စစ်မြစ်ရေတင်စီမံကိန်း သုံးစွဲငွေမှာ ငွေကျပ် ၁၀၅၇ ဒသမ ၉၅၉သန်းဖြစ်ပြီး အဆိုပါဒေသရှိ တောင်သူလယ်သမားများ၏ နွေစပါးသီးထပ်စိုက်ပျိုးရန် ဆန္ဒမရှိသည့်အခြေအနေများအရလည်းကောင်း၊ ဖြစ်မြောက်နိုင်စွမ်းမရှိသည့် အခြေအနေအပေါ် နောက်ထပ်ဆုံးရှုံးမှုများ ထပ်မံမဖြစ်စေရေးအတွက်လည်းကောင်း စီမံကိန်းလုပ်ငန်းကို ရပ်နားခဲ့ရပါကြောင်း ဖြေကြားသည်။

**ရှင်းလင်းဖြေကြား**

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၊ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးကင်းရှိန်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် **စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်း** အား လွှတ်တော်မှ အတည်ပြုပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တင်သွင်းပြီး ဥပဒေကြမ်းကော်မတီဝင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာမျိုးအောင်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး နဝမနေ့ကို ဇွန် ၅ ရက် တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော် (သတင်းစဉ်)**

# ကလေးစာပေပွဲတော် (တောင်ကြီး) စိတ်ကူးအတွေးများဖြင့် နွဲပျော်

**တွေ့ဆုံမေးမြန်း- အောင်မင်းဟန်နှင့် အဖွဲ့ ဓာတ်ပုံ- သန်းမင်းအောင်**

**ကလေးစာပေပွဲတော်ကို ဇွန် ၂ ရက်မှ ၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် (ဘက်စုံခန်းမ)၌ စည်ကားပျော်ရွှင်စွာ ကျင်းပလျက်ရှိသည်။ ကလေးစာပေပွဲတော်သို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် မိဘများက ကလေးစာပေပွဲတော်နှင့်ပတ်သက်၍ ၎င်းတို့၏ သဘောထားအမြင်များကို အောက်ပါအတိုင်း ပြောပြခဲ့သည်။**

**ဒေါက်တာနွယ်နွယ်ယဉ်**
**ဒုတိယပါမောက္ခချုပ်**
**တောင်ကြီးတက္ကသိုလ်**

တောင်ကြီးတက္ကသိုလ်မှာ ကျင်းပခွင့်ရတဲ့အတွက် တောင်ကြီးတက္ကသိုလ်ရဲ့ မိသားစုတွေအနေနဲ့ ဂုဏ်ယူဝမ်းသာလိုပါတယ်။ ဒါဟာ နိုင်ငံတော်ပွဲ ဖြစ်တဲ့အတွက် တောင်ကြီးတက္ကသိုလ်က ကြိုးစားအားထုတ်ပြီး ဝိုင်းဝန်းကူညီပံ့ပိုးပေးထားတာတွေ အများကြီးရှိပါတယ်၊ ကလေးတွေ စာဖတ်ရှိန်မြင့်မားတိုးတက်အောင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနဲ့ ပြည်နယ်အစိုးရတို့ ပူးပေါင်းပြီးဆောင်ရွက်တဲ့အတွက်ကြောင့် ရှမ်းပြည်နယ်တစ်နယ်လုံးမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေသာမက မြန်မာတစ်ပြည်လုံးမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေပါ စာဖတ်ရှိန်မြင့်ပြီး စိတ်အားထက်သန် လာလိမ့်မယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ပါတယ်။

ကျွန်မ အကြံပြုချင်တာကတော့ ဒီမိုဘိုင်းတယ်လီဖုန်းဆိုတာ မသုံးမဖြစ်သုံးရတဲ့ အခြေအနေအထိရောက်နေပြီဖြစ်တဲ့အတွက် သူ့ကို အကျိုးရှိအောင် သုံးမယ်ဆိုရင် ကလေးတွေအတွက် အကျိုးရှိနိုင်ပါတယ်။ အကျိုးရှိတဲ့ဘက်က အကျိုးရှိစွာ အသုံးပြုမယ်ဆိုရင် စာဖတ်အားတွေနဲ့အတူ ဒါလည်း မိုဘိုင်းကို အသုံးပြုပြီး အင်တာနက်မှာ ရှာဖွေလို့ရနိုင်တယ်။ အပြည်ပြည်ဆိုင်ရာ စာပေဗဟုသုတတွေကို စာအုပ်ဖတ်တာထက်ပိုပြီး အကျိုးရှိတယ်လို့ ယူဆရပေမယ့်လည်း စာအုပ်လည်း ဖတ်ရမယ်၊ မိုဘိုင်းကိုလည်း မျှတစွာအသုံးပြုမယ်ဆိုရင် ပိုပြီးတော့ အကျိုးရှိပါတယ်။

ရှမ်းပြည်နယ်မှာ တိုင်းရင်းသားကလေးတွေက အလွန်များပါတယ်။ ကျန်တဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်ထက်ကို ရှမ်းပြည်နယ်မှာရှိတဲ့ တိုင်းရင်းသားကလေးတွေက ငယ်ရွယ်စဉ်ကတည်းက သူတို့ ဘာသာစကားနဲ့ပဲ သင်ယူတတ်မြောက်လာတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်တဲ့အခါမှာလည်း တိုင်းရင်းသားဘာသာစကားတွေကို ထည့်သွင်းသင့်ပါတယ်။ မူလတန်းအဆင့်ကတည်းက နေပြီး ထည့်ပေးဖို့ ပြုလုပ်နေပြီဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ကတော့ သင်ကြားပေးသင့်တယ်လို့ ထင်ပါတယ်။ ဒါမှသာ တက္ကသိုလ်ရောက်လာတဲ့အခါမှာလည်း သူတို့ တိုင်းရင်းသားဘာသာတင်မကဘဲ အင်္ဂလိပ်စာရော၊ မြန်မာစာရော နှစ်ခုစလုံးကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ တတ်မြောက်လာရမယ်လို့ ထင်ပါတယ်။

**ဦးမြင့်အောင်**
**မြို့နယ်ပညာရေးမှူး၊ တောင်ကြီးမြို့**

ကလေးတွေအတွက် စာပေပွဲတော် လုပ်ပေးတာ ကောင်းပါတယ်။ ကလေးတွေရဲ့ စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှုရတယ်လို့ မြင်ပါတယ်။ ကလေးတွေအတွက် စာပေလည်းပါတယ်၊ ပျော်ရွှင်မှုတွေ၊ ဖျော်ဖြေရေးတွေလည်းပါတယ်၊ စိတ်ပိုင်းရော၊ ကိုယ်ပိုင်းရော ပျော်ပျော်ရွှင်ရွှင်နဲ့ ကလေးတွေ အတွက် ပွဲတော်လုပ်ပေးတာ သူတို့အတွက် သင့်တော်ကောင်းမွန်တယ်လို့ မြင်ပါတယ်။

ဒီလိုမျိုး စာပေပွဲတော်တွေ များများ လုပ်ပေးသင့်ပါတယ်။ ခုခေတ်မှာ ကလေးတွေက မီဒီယာအသစ်အဆန်းတွေပေါ်တော့ အဲ့ဒီဘက်ကို ပိုရောက်နေတာများပါတယ်၊ ရသစာပေဘက်မှာ ကလေးတွေသာမက လူကြီးတွေပါ အားနည်းနေပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျောင်းတွေကနေ စာကြည့်တိုက်တွေ လုပ်ပြီးတော့ စာအုပ်စာပေနဲ့ ကလေးတွေ



ဒေါက်တာနွယ်နွယ်ယဉ်

ကို မိတ်ဆက်ပေးမှသာ ရသစာပေလိုင်းကို ကြီးတဲ့အထိ စာပေနဲ့ကလေးတွေ ရင်းနှီးကျွမ်းဝင်သွားမှာဖြစ်ပါတယ်။ အဲ့ဒီလိုမျိုး လုပ်ပေးတာလေးတွေရှိတာ ကောင်းပါတယ်။ ဒီလိုမှမဟုတ်ရင် ခေတ်သစ်မီဒီယာတွေ နောက်မှာပဲ ကလေးတွေ စိတ်ပါသွားမှာဖြစ်ပါတယ်၊ အထူးသဖြင့် ပြောလိုတာကတော့ ရသစာပေလိုင်းမှာ အားနည်းသွားမှာဖြစ်ပါတယ်၊ လူတွေရဲ့ ခံစားမှုအပိုင်းမှာ



မောင်နေဒွေးနိုင်

emotion အပိုင်းမှာ အားနည်းသွားနိုင်မှာဖြစ်ပါတယ်။

တိုင်းရင်းသားဆိုပေမယ့် ကျွန်တော်တို့က ပြည်မဘက်က ပြောင်းလာတာဖြစ်ပါတယ်။ တက္ကသိုလ်အောင်ကတည်းက ရောက်လာတာဖြစ်ပါတယ်၊ သို့သော်လည်း စာပေလိုင်းမှာ ကျွန်တော်တို့ ရောက်ခါစနဲ့ယှဉ်ရင် ကလေးတွေရဲ့ပညာသင်ကြားမှု၊ သင်ယူမှုအပိုင်းတွေမှာ ရာခိုင်နှုန်းတွေ တက်လာပါတယ်၊ ပညာတတ်တွေလည်း များလာပါတယ်၊ အခုလိုခေတ်မှာက ရသပိုင်း အားနည်းနေတာလေးကို တွေ့ရပါတယ်၊ ရသစာပေနဲ့ စာပေနဲ့ ရင်းနှီးမှုရှိအောင် ကျွန်တော်တို့ ဒီလိုပွဲလေးတွေ လုပ်ပေးတာ၊ စာပေနဲ့ မိတ်ဆက်ပေးတာ၊ တကယ်ကောင်းပါတယ်။ ကျွန်တော်က ပညာရေးက ဆိုပေမယ့် တောင်ကြီးမြို့နယ် စာရေးဆရာအသင်းထဲမှာ ပါဝင်ပါတယ်၊ ကျွန်တော်တို့ခေတ်တုန်းကတော့ ရှမ်း၊ ချင်း၊ ကချင်တွေသာရှိပြီးတော့ အခုဆိုရင်တော့ ရှမ်း၊ ပအိုဝ်းတိုင်းရင်းသားတွေ များလာပါတယ်။ သူတို့ထဲမှာလည်း စာဖတ်တဲ့ သူငယ်ချင်းတွေနဲ့ စာရေးတဲ့ သူငယ်ချင်းတွေ အများကြီးရှိပါတယ်။ ခုလည်း အမျိုးသားစာပေဆုရ ဆရာကြီးတွေရှိပါတယ်၊ တောင်ကြီးမြို့နယ် စာပေဥက္ကဋ္ဌဆိုရင်လည်း ပအိုဝ်းလူမျိုး ဖြစ်ပါတယ်။ အင်းသားတွေနဲ့ ပအိုဝ်းတွေကလည်း စာပေတွေဖတ်ကြပါတယ်။ ခုလိုကျတော့ ခေတ်လူငယ်



ဦးမြင့်အောင်

တွေအတွက် စာပေဘက်ကို ပိုအာရုံရောက်စေပါတယ်။

**ဒေါ်နန်းစမ်ယွန့် (မ်) (အလယ်တန်းပြ)**
**အ.ထ.က (၁) တောင်ကြီး**

ဒီလိုစာပေပွဲတော်တွေ လုပ်ပေးခြင်းအားဖြင့် ကလေးတွေဟာ စာပေကို ချစ်မြတ်နိုးတတ်လာမှာ ဖြစ်ပါတယ်၊ စာဖတ်ချင်တဲ့ စိတ်ဓာတ်ကလေးတွေ ပိုပြီးတော့မှ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်၊ ခုခေတ်ကလေးတွေက စာသိပ်မဖတ်



မနန်းမိုဆိုင်ဟွမ်

ကြဘူး၊ ဖုန်းတွေနဲ့ပဲ အချိန်ကုန်တာများတဲ့အတွက် ဒီလိုလေးလုပ်ပေးတာ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

ဒီလို ပြုလုပ်ပေးတဲ့အတွက် ကိုယ့်ကလေးတွေဟာ စာအုပ်နဲ့ပိုပြီးတော့ ရင်းနှီးမှုတွေ ရှိလာမှာဖြစ်ပါတယ်၊ ခင်းကျင်းပြသထားတဲ့ စာအုပ်လေးတွေဟာလည်း ဖတ်ချင်စရာလေးတွေ ဖြစ်လာမှာဖြစ်ပါတယ်၊ ကလေးတွေရဲ့ စိတ်ဓာတ်ကို ဆွဲဆောင်တတ်လာမယ်ဆိုရင် ကလေးတွေဟာ စာဖတ်တဲ့အရှိန်လည်း မြင့်မားလာမှာဖြစ်ပါတယ်၊ ဘာစာအုပ်လေးပဲဖြစ်ဖြစ် သူတို့ဟာ ဖတ်ချင်တဲ့စိတ်ဓာတ်ကလေးတွေ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။

**မအေးသီတာခိုင်**
**(ဒသမတန်း) ပညာရောင်ခြည်**
**ကိုယ်ပိုင်အထက်တန်းကျောင်း**

တအားပျော်ပြီး စိတ်ဓာတ်အလွန်တက်ကြွနေတယ်၊ နိုင်ငံတော်သမ္မတကြီးကို ပထမဆုံးတစ်ခေါက် တွေ့ရတယ်ဆိုတော့ တအားပျော်ပါတယ်။

စက္ကူခေါက်တဲ့ပွဲနဲ့ ဆေးရောင်ခြယ်တဲ့ပွဲတွေ ဝါသနာပါပါတယ်။ ကျောင်းမှာလည်း စက္ကူခေါက်တာတွေ၊ ဆေးရောင်ခြယ်တာတွေ အများကြီး သင်ပေးပါတယ်။ အင်္ဂလိပ်စာပေတွေ၊ ဝတ္ထုတွေ၊ ရယ်စရာဟာသတွေ ဖတ်ရတာကို နှစ်သက်ပါတယ်။ စာတွေများများ ဖတ်နိုင်အောင်၊ စာစီစာကုံးကောင်း



ဒေါ်နန်းစမ်ယွန့် (မ်)

ကောင်းရေးနိုင်အောင်၊ စကားပုံတွေ အများကြီး ဖတ်နိုင်အောင်၊ စကားပုံဆက်တာတွေအများကြီး ဆက်နိုင်အောင်၊ ကျောင်းတွေမှာလည်း အများကြီးသင်နိုင်အောင် အကြံပြုချင်ပါတယ်။ ဆရာ ဆရာမတွေကလည်း စာပေဖတ်ဖို့နဲ့ မိုဘိုင်းဖုန်းတွေ လျှော့သုံးဖို့ အမြဲတမ်း ပြောပါတယ်။ တက္ကသိုလ်ဝင်တန်းဆိုတော့ ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ဖို့အတွက်ကိုလည်း အကုန်လုံးက ရည်မှန်း



ဦးစိုင်းခေးလျို

ထားပါတယ်။ ရည်မှန်းထားတယ်ဆိုတော့ အမြဲတမ်းစာဖတ်ပြီး စာကျက်မှုဖြစ်ပါတယ်။ ဗဟုသုတပေးထားတဲ့ ဝတ္ထုတွေ အများကြီးဖတ်မယ်ဆိုရင် တက္ကသိုလ်ဝင်တန်းကို ကောင်းကောင်း အောင်နိုင်မယ်လို့ထင်ပါတယ်။ ပွဲတော်တွေ ကျင်းပတဲ့အတွက် တိုင်းရင်းသားတွေ အများကြီး တွေ့ရပါတယ်။ သူငယ်ချင်းတွေ အများကြီးရပြီး ကျောင်းတွေမှာ ဘယ်လိုမျိုးတွေ စာသင်တယ် အပြန်အလှန်ပြောဆိုကြပါတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စာများများဖတ်ကြဖို့ အကြံပြုချင်ပါတယ်။ စာများများဖတ်ခြင်းအားဖြင့် နိုင်ငံအတွက် ရော၊ နိုင်ငံ့ခေါင်းဆောင် ဖြစ်နိုင်အောင်ရော အများကြီးအထောက်အကူပြုတယ်လို့ ထင်မိပါတယ်။

**မောင်နေဒွေးနိုင်**
**(အဋ္ဌမတန်း) ပညာရောင်ခြည်**
**ကိုယ်ပိုင်အထက်တန်းကျောင်း**

အလွန်ပျော်ရွှင်ပါတယ်။ စာပေပွဲတော်ဆိုတော့ စာလည်းများများလာဖတ်နိုင်ပြီး ဗဟုသုတတွေလည်း အများကြီး ရနိုင်တယ်။ ဂိမ်းအများကြီး ဆော့ကြရတော့ ကလေးတွေက ဂိမ်းကို စိတ်ဝင်စားကြပါတယ်။ ဂိမ်းလည်းများများ လာဆော့ကြပါတယ်၊ ဗဟုသုတအများကြီး ရတဲ့အတွက် ပျော်ရွှင်မိတယ်၊ ပုံပြင်စာအုပ်တွေ၊ ဝတ္ထုရှည်တွေ ဖတ်ရတာကို ပိုပြီးကြိုက်နှစ်သက်ပါတယ်၊ စာဖတ်တာကတော့ ဘယ်လိုပဲဖြစ်ဖြစ် ဗဟုသုတရမှာပဲဖြစ်တယ်၊ စာအုပ်တွေက ပုံများ



မအေးသီတာခိုင်

များပါရင်တော့ ကလေးတွေ စိတ်ဝင်စားပြီး စာများများ ဖတ်ကြမယ်ထင်ပါတယ်။

**မနန်းမိုဆိုင်ဟွမ် (သတ္တမတန်း)**
**အ.ထ.က (၅) တောင်ကြီး**

စာပေပွဲတော် ကျင်းပတာဟာ ညီမတို့အတွက် ဗဟုသုတလည်း အများကြီးတိုးတက်စေပါတယ်၊ ဒီစာပေပွဲတော်ကို လာရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်၊ ကင်းထောက်အနေနဲ့ပဲ ပါဝင်တက်ရောက်လာတာ ဖြစ်ပါတယ်။



ဒေါ်နန္ဒာသွေး

ကျောင်းအနေနဲ့လည်း ကိုယ်စားပြုရွေးချယ်ထားတယ်ဆိုတော့ ဂုဏ်ယူပျော်ရွှင်မိတယ်။

**ဦးစိုင်းခေးလျို**
**ကျောင်းသားမိဘတစ်ဦး**
**SYO (Shan Youth Organization)**

ရှမ်းပြည်နယ်မှာလုပ်တာ ပထမဆုံးအကြိမ်ဖြစ်တဲ့အတွက် ဘယ်လိုပဲဖြစ်နေဖြစ်နေ ကျောင်းသားမိဘအနေနဲ့ ဝမ်းသာဂုဏ်ယူစွာနဲ့ လာရောက်ပံ့ပိုးကူညီပေးတာဖြစ်ပါတယ်။ အ.ထ.က(၂) တောင်ကြီးမြို့ ကျောင်းသားမိဘတစ်ယောက်အနေနဲ့ လာပြီးမှ ကူညီပံ့ပိုးပေးတာနဲ့အတူ ရှမ်းပြည်နယ်ကိုယ်စားပြုတဲ့ ရှမ်းရိုးရာယဉ်ကျေးမှု ကိန္နရီ၊ ကိန္နရာ၊ တိုးနရားအကကိုလည်း ကျွန်တော်က ဦးစီးပြီးမှ ဒီကလေးတွေကို သင်ပေးပြီးမှ လာရောက်ကူညီပံ့ပိုးပေးတာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ရဲ့ မျက်နှာဖုံးလည်းဖြစ်တဲ့အတွက် ရှမ်းပြည်နယ်မှာ မပါရင်မဖြစ်တဲ့ ရှမ်းရိုးရာယဉ်ကျေးမှု ကိန္နရီ၊ ကိန္နရာ၊ တိုးနရားနဲ့ ကျွန်တော်တို့ သားသမီးလေးတွေနဲ့အတူ ဒီစာပေပွဲတော်ကို လာရောက်ခြင်းဖြစ်ပါတယ်။

စာပေပွဲတော်မှာ စာအုပ်တွေ လေ့လာဖို့ဆိုတာ အများကြီးတော့ရှိပါတယ်။ သွားရောက်မလေ့လာရသေးတဲ့အတွက်ကြောင့် ဘယ်စာအုပ်တွေရှိတယ်ဆိုတာ မသိသေးပါဘူး၊ ကြိုက်နှစ်သက်တာတွေ့ပြီး ကိုယ်နဲ့ကိုက်ညီမယ့်၊ လိုက်လျောညီထွေ အဆင်ပြေမယ့် စာအုပ်လေးတွေ ကြည့်ရှုဖို့တော့ အဆင်သင့်မဖြစ်သေးပါဘူး။

ကလေးတွေအတွက် အဓိကဖတ်ရမှာကတော့ သမိုင်းကြောင်း ဖြစ်ပါတယ်။ သမိုင်းကြောင်းတွေ တော်တော်များများ ဖတ်သင့်တယ်လို့ ထင်ပါတယ်။ ကလေးတွေလည်း ပညာရေးနဲ့ဆိုင်တဲ့ ဖတ်စာလေးတွေလည်း ဖတ်သင့်တယ်လို့ ထင်ပါတယ်။

ကျောင်းတိုင်းမှာလိုလို စာကြည့်တိုက်တွေရှိပါတယ်။ ဆရာ ဆရာမတွေရဲ့ သင်ကြားမှုအပေါ်မှာလည်း မူတည်ပါတယ်။ သင်ကြားမှုအနေနဲ့ ကလေးတွေ ပိုပြီးတော့ စိတ်ဝင်စားလာအောင် ဆွဲဆောင်မှုအမျိုးမျိုးနဲ့ ဆရာ ဆရာမတွေ လုပ်ပေးမယ်ဆိုရင် ကလေးတွေအတွက် ပိုပြီးတော့ ထိရောက်မှုရှိမယ်လို့ ထင်မိပါတယ်။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးခြုံကြည့်မယ်ဆိုရင် နေရာဒေသတိုင်းမှာ မည်သည့်တိုင်းရင်းသားမဆို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ အတိုင်း မည်သည့်တိုင်းရင်းသားမဆို မိမိရဲ့စာပေ မိမိရဲ့ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ပိုင်ခွင့်ရှိတယ်ဆိုပြီးတော့ အခန်း (၈) အပိုဒ် ၃၆၅ နဲ့ ၃၆၆ မှာ ပါပြီးသားဖြစ်ပါတယ်။

ဒါကြောင့် တိုင်းရင်းသားစာပေတွေကိုလည်း စာသင်ကျောင်းတွေမှာ၊ နေရာဒေသအသီးသီးမှာ သင်ကြားခွင့်ရှိတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။ ထိရောက်မှုရှိအောင်နဲ့ လွတ်လွတ်လပ်လပ် သင်ကြားနိုင်အောင်လို့ ကျောင်းစာသင်ချိန်မှာပဲ နေ့တိုင်း လိုလို မိမိတို့ရဲ့ တိုင်းရင်းသားစာပေယဉ်ကျေးမှုကို သင်ကြားပေးစေချင်ပါတယ်။ အပြောနဲ့အလုပ် လက်တွေ့ကျကျ လုပ်နိုင်မယ်ဆိုရင် ပိုပြီးမှ ထိရောက်မှုရှိမယ်လို့ထင်ပါတယ်။ နေရာဒေသတော်တော်များများက တိုင်းရင်းသားတွေဟာ တချို့ဗမာစကား မတတ်ကြဘူး။ လာသင်တဲ့ ဆရာ ဆရာမတွေဟာ မြန်မာတိုင်းရင်းသားတွေ ဖြစ်နေတော့ သင်ကြားရေးမှာ တအားကြီး ခက်ခဲပါတယ်၊ ရှမ်းစာသင်ကြားတဲ့၊ ရှမ်းစာတတ်မြောက်တဲ့ ရှမ်းစာလည်းတတ်၊ ရှမ်းစကားလည်းတတ်၊ ဗမာစကားလည်းတတ်တဲ့ ဆရာ ဆရာမတွေကို ထားပေးမယ် ဆိုရင်တော့ ပိုပြီး အဆင်ပြေပါတယ်။ ဘယ်လိုပဲဖြစ်နေဖြစ်နေ နေရာဒေသတိုင်းမှာ တိုင်းရင်းသားစာပေ တတ်မြောက်တဲ့ ဆရာတွေ ဆရာမတွေထားပေးမယ်ဆိုရင် ပိုပြီးတော့ ထိရောက်မှုရှိမယ်၊ ပိုပြီးမှ အဆင်ပြေမယ်လို့လည်း ထင်မိပါတယ်။

**ဒေါ်နန္ဒာသွေး**
**ကျောင်းသားမိဘတစ်ဦး**
**တောင်ကြီးမြို့**

ကလေးစာပေပွဲတော် ကျင်းပတဲ့အတွက် အလွန်ဝမ်းသာပြီး ကျေနပ်မိပါတယ်။

*စာမျက်နှာ ၉ သို့*

# ဘူးသီးတောင်မြို့နယ်တွင် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသည့် လူနေအိမ်များအား ကူညီထောက်ပံ့

**မောင်တော ဇွန် ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကိုကိုနိုင်၊ မောင်တော ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဘူးသီးတောင်မြို့နယ်အတွင်း ကျေးရွာများသို့ သွားရောက်ကာ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် လူနေအိမ်များအား မိုးမကျမီ အချိန်မီ ပြန်လည်ဆောက်လုပ်နိုင်ရန် ငွေကြေးများ သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။



"မုန်တိုင်းကြောင့် ပြိုကျပျက်စီးသွားတဲ့ လူနေအိမ်တွေကို ပြန်လည်တည်ဆောက်နိုင်ဖို့အတွက် မြေပြင်ကွင်းဆင်း စစ်ဆေးပြီး ထောက်ပံ့ခဲ့ပါတယ်။ ကျန်နေတဲ့ အိမ်တွေကိုလည်း ဆက်လက်ထောက်ပံ့သွားမှာပါ"ဟု ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကိုကိုနိုင်က ပြောသည်။

ဘူးသီးတောင်မြို့နယ် ဂွဆုံကျေးရွာတွင် နေထိုင်သည့် ဒေါ်လှစိန်ဖြူက "မုန်တိုင်းကြောင့် တစ်အိမ်လုံးပြိုကျသွားတယ်။ ယာယီတဲလေးဆောက်ပြီး အကာလေးနဲ့ နေပါတယ်။ မုန်တိုင်းတိုက်ပြီး နောက်ရက်မှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေက ပြိုတဲ့အိမ်တွေ၊ ပျက်သွားတဲ့အိမ်တွေကို စာရင်းလာကောက်တယ်။ ဒီနေ့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက အိမ်ပြိုသွားတဲ့အတွက် ငွေကျပ် တစ်သိန်း လာထောက်ပံ့ပါတယ်" ဟု ပြောသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက မောင်တောခရိုင်တွင် မုန်တိုင်းကြောင့် ပြိုကျပျက်စီးသွားသည့် လူနေအိမ်များအား ကူညီထောက်ပံ့နိုင်ရန်အတွက် ခရိုင်အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ကာ ပြိုကျပျက်စီးသွားသည့် လူနေအိမ်များ စာရင်းဇယားတွင် မကျန်ရှိစေရေး၊ စာရင်းဇယားဖောင်းပွမှုမဖြစ်စေရေးတို့အတွက် အမှန်တကယ်လိုအပ်သည့် နေရာများတွင် ထောက်ပံ့နိုင်ရန် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ရဲထွဋ်**

# စစ်တွေမြို့ ကျေးတောကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိ

**စစ်တွေ ဇွန် ၂**

ဆိုင်ကလုန်းမုန်တိုင်း မိုရာ၏ အရှိန်ကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျေးတောကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် စာသင်ဆောင်အမိုးသွပ်များ၊ အမိုးဒိုင်းများနှင့် မြားများ ပျက်စီးခဲ့ရာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများနှင့် တပ်မတော် အင်ဂျင်နီယာတပ်ရင်းတို့က မေ ၃၁ ရက်မှစ၍ စာသင်ဆောင်ပျက်စီးမှုများနှင့် ခြံစည်းရိုးများ ပြန်လည်မွမ်းမံပြင်ဆင်ခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ဇွန် ၁ ရက်တွင် စာသင်ဆောင်ပျက်စီးမှုများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများနှင့် စာသင်ကျောင်းခြံစည်းရိုးများအား ပြန်လည်မွမ်းမံခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ကျောင်းသား ကျောင်းသူများ ကျောင်းဖွင့်ချိန်တွင် ပညာသင်ကြားမှု နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အေးချမ်းစွာ ဆက်လက်ပညာသင်ကြားလျက်ရှိသည်။

ဇွန် ၂ ရက် နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မောင်မောင်စိုးနှင့် တာဝန်ရှိသူများသည် ရပ်မိ/ရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့်အတူ စာသင်ဆောင်များ ပြန်လည်ပြုပြင်ပြီးစီးမှုကို သွားရောက်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုများကို အားပေးကြည့်ရှုသည်။ **(ယာပုံ)**

ထို့နောက် စစ်တွေတပ်နယ်ရှိ လေးဝတီ ပညာရေးရိပ်သာနှင့် အမှတ်(၉)အခြေခံပညာအလယ်တန်းကျောင်းတို့၌ မိုရာမုန်တိုင်းကြောင့် ပျက်စီးမှုများအား နယ်မြေခံတပ်မတော်သားများက ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မုန်တိုင်းကြောင့် ဘူးသီးတောင်မြို့နယ် စာသင်ကျောင်းများပျက်စီးမှု နယ်မြေခံတပ်မတော်သားများ ပြန်လည်ပြင်ဆင်



**စစ်တွေ ဇွန် ၂**

ဆိုင်ကလုန်းမုန်တိုင်း(မိုရာ)၏ အရှိန်ကြောင့် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (လက်ဝဲဒက်ပုဇွန်ချောင်း)တွင် စာသင်ဆောင်အမိုးသွပ်များနှင့် အမိုးဒိုင်းများ၊ မြားများပျက်စီးခဲ့ရာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ ဘူးသီးတောင်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများက မေ ၃၁ ရက်မှစ၍ စာသင်ဆောင်ပျက်စီးမှုများအား ပြန်လည်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ **(ဝဲပုံ)**

ဇွန် ၁ ရက်က စာသင်ဆောင် ပျက်စီးမှုများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့သဖြင့် ကျောင်းသား ကျောင်းသူများ ကျောင်းဖွင့်ချိန်တွင် ပညာသင်ကြားမှု နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အေးချမ်းစွာ ဆက်လက်ပညာသင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စာမျက်နှာ ၈ မှ**

ကလေးတွေကို ဒီလိုစာပေပွဲတော်တွေ ပြုလုပ်ပေးခြင်းအားဖြင့် ကလေးတွေဟာ စာပေဗဟုသုတအများကြီးရမှာ ဖြစ်တဲ့အတွက်ကြောင့် ကျေနပ်ပါတယ်။ အတိုင်းမသိလည်း ဝမ်းသာပါတယ်။

ကလေးတွေအတွက် ဒီလိုစာအုပ်စာပေတွေ ထားထားပေးပြီး စာကြည့်ခန်းတွေရှိတယ်ဆိုတော့ ကလေးတွေအနေနဲ့ ပျော်လည်း ပျော်ရွှင်ရမှာဖြစ်ပါတယ်၊ နောက် မိဘတွေအနေနဲ့လည်း ကိုယ့်ရဲ့သားသမီးတွေကို ဖတ်ချင်တဲ့စာတွေ၊ လေ့လာစေချင်တဲ့ စာတွေကို ဝယ်ပေးနိုင်မှာ ဖြစ်ပါတယ်။ စာအုပ်စာပေတွေ ကြည့်ရှုပြီး ဖတ်ပြပေးနိုင်တဲ့အတွက်ကြောင့် အများကြီး ကျေနပ်မိပါတယ်။

သမိုင်းကြောင်းကို ဖတ်ရတာ နှစ်သက်ပါတယ်။ ဒါကြောင့် ကျွန်မရဲ့သားကိုလည်း သမိုင်းကြောင်းတွေ အမြဲတမ်းပြောပြပြီး အမြဲတမ်းဖတ်ပြပါတယ်။

ကလေးတွေ စာဖတ်ချင်အောင် မိဘတွေက ပုံပြင်ပြောပြရမှာ ဖြစ်ပါတယ်။ ရုပ်ပြစာအုပ်တွေက တစ်ဆင့်ဆွဲခေါ်သွားမယ်ဆိုရင် ကလေးတွေက စာဖတ်တာကို ဝါသနာပါလာမှာဖြစ်ပါတယ်။

ကလေးတွေကို ပြုစုပျိုးထောင်ပေးဖို့ အဓိကကတော့ မိဘတွေဖြစ်ပါတယ်။ မိဘတွေက မိုဘိုင်းဖုန်းကို တစ်ချိန်လုံး အသုံးပြုပြီး ကိုင်နေမယ်၊ အသုံးပြုနေမယ်ဆိုရင် ဒါကိုပဲ ကလေးတွေက ဝါသနာပါ လာမှာဖြစ်ပါတယ်။ မိဘက သားသမီးရဲ့ စံပြနမူနာဖြစ်ပါတယ်။ အဲဒါကြောင့် မိဘကနေ သားသမီးကို ရှေ့ကနေစာဖတ်ပြမယ်၊ စာပေအကြောင်းကို လေ့လာဆွေးနွေးမယ်၊ စာအုပ်စာပေက ဘယ်လိုအကျိုးရှိတယ်ဆိုတာကို အမြဲတမ်းပြောပြသွားမယ်ဆိုရင် သားသမီးတွေဟာ စာပေဘက်ကို ဝါသနာပါလာမယ်လို့ ထင်ပါတယ်။

တိုင်းရင်းသား စာပေဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကျတော့ အခုလက်ရှိကျောင်းတွေမှာ ဒေသခံ ဆရာ ဆရာမတွေကို ခန့်လိုက်ရင် ပိုပြီးအဆင်ပြေလာမှာ ဖြစ်ပါတယ်။ တချို့ရှမ်းတိုင်းရင်းသားတွေ၊ လားဟူတိုင်းရင်းသားတွေဟာ ဗမာစကားကို နားမလည်ကြပါဘူး။ ဒါကြောင့် စာသင်ရင်းနဲ့ တစ်ခွန်းစ၊ နှစ်ခွန်းစ ပြောပြောပြီးတော့ ရှင်းပြသွားမယ်ဆိုရင် သူတို့အတွက် ပိုပြီးတော့အဆင်ပြေလာမှာဖြစ်ပါတယ်။

## မျိုးဆက်သစ်အတွက် သမိုင်းပေးတာဝန်-(၂၁) ရာစုပင်လုံ

တို့မမွေးခင်ကပင်လုံ
ရင်တုန်စရာဇာတ်လမ်းအစ
အမှောင့်ပယောဂပေါင်းစုံကြား
တိုင်းရင်းသားခေါင်းဆောင်တွေသွေးမြေကျ
အရယူခဲ့တဲ့လွတ်လပ်ရေး
တို့တစ်သက်မှာ တစ်ခါကြုံ
(၂၁) ရာစုပင်လုံတဲ့
ရင်ခုန်စရာအစည်းအဝေး
မျိုးဆက်သစ်တိုင်းရင်းသားတွေဆွေးနွေး
ငြိမ်းချမ်းရေးညီညွတ်ရေးမှသည်
ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး။
မိသားစုညီမှ အိမ်လုံသလို
တိုင်းရင်းသားအားလုံးညီမှ ပြည်လုံမှာမို့။
ဒီတစ်ခါပင်လုံနဲ့
ပြည်မြန်မာလုံခြုံငြိမ်းချမ်းဖွံ့ဖြိုးဖို့
မျိုးဆက်သစ်တွေလက်တွဲလို့
သမိုင်းပေးတာဝန်ကျေပွန်စို့၊
မြန်မာ့ဂုဏ်ပြောင်ခေတ်သစ်သို့
နောင်မျိုးဆက်ကိုရောက်အောင်ပို့။

**ရန်နောင်လှိုင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၉/မြောက်ရပ်ကွက်၊ လေးဒေါင့်ကန်လမ်း၊ အမှတ်(၇၂)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ**သည် ယင်းပါတီ၏ အလံကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏အလံကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ၏ အလံပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၂**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိပြီး လှိုင်းအမြင့်မှာ လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။
(မိုး/ဇလ)

## ရသေ့တောင်၌ ပျက်စီးသွားသောစာသင်ကျောင်းများအား ရှင်းလင်း

**ရသေ့တောင် ဇွန် ၂**

ရသေ့တောင်မြို့နယ်၌ မေ ၂၉ ရက် ညပိုင်းက ဆိုင်ကလုန်းမုန်တိုင်း မိုရာ စတင်ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ရန်အောင်ပြင်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းဆောင်အား အချိန်မီကျောင်းဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ဇွန် ၂ ရက် နံနက် ၈ နာရီတွင် ရှင်းလင်းဖယ်ရှားမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်အား ရှင်းလင်းဆောင်ရွက်ရာတွင် ရသေ့တောင်အခြေစိုက် အမှတ်(၂၇၀) ခြေလျင်တပ်မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်းပြီး ကျောင်းဆောင်အပျက်အစီးများအား ရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက ကျောင်းဖွင့်လှစ်သင်ကြားနိုင်ရန်အတွက် မိုးကာစများလှူဒါန်းပြီး ကျောင်းဆောင်အား မိုးကာစများဖြင့် ယာယီပြုပြင်ပေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

# ပါရီသဘောတူညီချက်မှ အမေရိကန်နိုင်ငံနုတ်ထွက်မည်ဖြစ်ကြောင်း ထရန့် ပြောကြား

**ဝါရှင်တန် ဇွန် ၂**

ရာသီဥတုပြောင်းလဲခြင်းကို တိုက်ဖျက်ရန် တစ်ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်ဖြစ်သော ပါရီသဘောတူညီချက်မှ အမေရိကန်နိုင်ငံ နုတ်ထွက်တော့မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မကြာမီက ပြောခဲ့သည်။

ယင်းဆုံးဖြတ်ချက်သည် အမေရိကန်အစိုးရအတွက် ငွေကြေးနှင့်စီးပွားရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့နည်းသွားစေရန် လုပ်ဆောင်ချက်ဖြစ်ကြောင်း အမေရိကန်သမ္မတက အိမ်ဖြူတော်နှင်းဆီဥယျာဉ်၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့ခြင်းဖြစ်သည်။




ထို့အပြင် ထရန့်က ပါရီသဘောတူချက်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် စဉ်းစားကောင်း စဉ်းစားမည်ဖြစ်သော်လည်း အစိုးရအဖွဲ့၏ ထိပ်တန်းဦးစားပေးအနေဖြင့် အမေရိကန်နိုင်ငံနှင့် စီးပွားရေးသမားများ၊ အလုပ်သမားများနှင့်အခွန်ထမ်း ပြည်သူများအတွက် သင့်လျော်သော သဘောတူညီချက်အသစ်တစ်ခုကို လုပ်ဆောင်သင့်ကြောင်း ၎င်းကပြောခဲ့သည်။

ပါရီသဘောတူညီချက်မှ နုတ်ထွက်ရန်သဘောတူလိုက်ခြင်းသည် ရွေးကောက်ပွဲကတိအတိုင်း လုပ်ဆောင်ခြင်းဖြစ်ကြောင်း ထရန့်က ဆက်လက်ပြောကြားခဲ့သည်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပါရီသဘောတူညီချက်ကို အချိန်ယူညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီးနောက် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံအားလုံးနီးပါးက သဘောတူညီခဲ့သည်။

ထရန့်သည် အခွန်ထမ်းပြည်သူများအား ပေးအပ်ထားသည့် ၎င်း၏ ကတိကဝတ်ကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ပါရီသဘောတူစာချုပ်သည် အမေရိကန်နိုင်ငံအတွက် တရားမျှတမှုမရှိကြောင်း ထရန့်က ပြောကြားခဲ့သည်။

ပါရီသဘောတူစာချုပ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း ထရန့်ကအိမ်ဖြူတော်၌ ကြေညာခဲ့ပြီးနောက်တွင် ဝါရှင်တန်ဒီစီရှိ သမ္မတအိမ်ဖြူတော်အပြင်ဘက်၌ ဆန္ဒပြဆန့်ကျင်သူများ စုဝေးရောက်ရှိလာခဲ့သည်။

ဥရောပခေါင်းဆောင်များသည် ထရန့်၏ ဆုံးဖြတ်ချက်ကို ဝေဖန်ခဲ့ကြသည်။ ဒတ်ချ်ဝန်ကြီးချုပ် မတ်ရူတီကမူ ထရန့်၏နုတ်ထွက်ရန် ဆုံးဖြတ်မှုကို အသိအမှတ်ပြုကြောင်း ဖေ့စ်ဘုတ်စာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။

**(ရိုက်တာ)**

**ပါရီသဘောတူစာချုပ်မှ နုတ်ထွက်ရန် ထရန့်ပြောကြားခဲ့ပြီးနောက် အိမ်ဖြူတော်အပြင်ဘက်တွင် ဆန္ဒပြစုဝေးသူများကို တွေ့ရစဉ်**

## တရုတ်သမ္မတရှီကျင့်ဖျင် အစည်းအဝေးများတက်ရောက်ရန် ကာဇတ်စ်တန်သို့ထွက်ခွာ

**ပေကျင်း ဇွန် ၂**

ဇွန်လ ၇ ရက်မှ ၁၀ ရက်နေ့အထိ ကာဇတ်စ်တန်နိုင်ငံသို့ တရုတ်သမ္မတ ရှီကျင့်ဖျင် ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် ကြေညာချက် ထုတ်ပြန်လိုက်သည်။

ကာဇတ်စ်တန်နိုင်ငံသမ္မတ နာဆောတန်နာဇာဘာယစ်၏ ဖိတ်ကြားမှုကြောင့် သွားရောက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လူ့ကန်က ပြောကြားခဲ့သည်။

ကာဇတ်စ်တန်ခရီးစဉ်အတွင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်း ခေါင်းဆောင်များ၏ (၁၇)ကြိမ်မြောက်အစည်းအဝေးနှင့် အက်စ်တာနာ၌ ပြုလုပ်မည့် ကမ္ဘာ့ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း လူ့ကန်ကပြောခဲ့သည်။ **(ဆင်ဟွာ )**




## တရုတ်ထိပ်တန်းနိုင်ငံရေးအကြံပေးပုဂ္ဂိုလ် ဟန်ဂေရီလွှတ်တော်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူနှင့် တွေ့ဆုံ

**ပေကျင်း ဇွန် ၂**

တရုတ်ထိပ်တန်း နိုင်ငံရေးအကြံပေး ပုဂ္ဂိုလ် ယုကျန်ရှန်သည် သောကြာနေ့တွင်ဟန်ဂေရီလွှတ်တော်ဆိုင်ရာ ပြောဆိုခွင့်ရပုဂ္ဂိုလ် လက်စ်ဇီအိုကိုဗာနှင့်အတူ တရုတ်နိုင်ငံပေကျင်းမြို့တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။



တရုတ်နိုင်ငံ နိုင်ငံရေးရာအကြံပေး ကွန်ဖရင့်ဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌဖြစ်သူ ယုက တရုတ်နှင့်ဟန်ဂေရီ နှစ်နိုင်ငံသည် နှစ်နိုင်ငံဆက်ဆံရေးကို ဆန်းသစ်စေခြင်းဖြင့် အပြန်အလှန် ယုံကြည်လေးစားမှုကို အားဖြည့်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နည်းဗျူဟာများကို အရှိန်မြှင့်သွားရန် အလေးထားဆောင်ရွက်သင့်ကြောင်း ပြောကြားခဲ့သည်။

**(ရိုက်တာ)**

## မနီလာရှိ ဟိုတယ်တစ်လုံး တိုက်ခိုက်ခံရပြီးနောက် သေဆုံးသူ ၃၄ ဦးမက ရှိလာ

**မနီလာ ဇွန် ၂**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ဟိုတယ်တစ်ခု၌ သေနတ်သမားတစ်ဦး တိုက်ခိုက်ခဲ့ပြီး မီးရှို့မှုကြောင့် အနည်းဆုံး လူ ၃၄ ဦး သေဆုံးခဲ့ရာ အများစုမှာ အမျိုးသမီးများဖြစ်ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က မကြာသေးမီက ပြောခဲ့သည်။

သေနတ်သမား တိုက်ခိုက်သည့် အဆောက်အအုံသည် မနီလာမြို့ရှိ အပန်းဖြေဟိုတယ် ဖြစ်သည်။ အလောင်းအချို့ကို ဟိုတယ်ဒုတိယထပ် ကာစီနိုအခန်းအတွင်း တွေ့ရှိခဲ့ပြီး အချို့ကို ဗိမ်ခံခန်းအတွင်း တွေ့ရှိခဲ့သည်ဟု တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ အကြီးအကဲ တိုမက်စ်အပိုလီနာရီရိုက ပြောကြားခဲ့သည်။

သောကြာနေ့ အစောပိုင်းအချိန်လောက်တွင် သေနတ်သမားသည် ကာစီနိုရုံအတွင်း၌ သေနတ်ပစ်ခတ်ခဲ့ပြီးနောက် မီးစွဲလောင်စေသည့် အရည်တစ်မျိုးကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ဒဏ်ရာရရှိသူများသည် အသက်ရှူမွန်းကျပ်သည့် ဒဏ်ကို ခံစားခဲ့ရဟန်ရှိကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ လူ ၅၀ ကျော်ခန့်မှာ ဒဏ်ရာအနည်းငယ် ရရှိခဲ့ကြသည်ဟု ဆိုသည်။

စုံစမ်းစစ်ဆေးသူများက ယင်းဖြစ်ရပ်တွင် အကြမ်းဖက်မှုနှင့် ဆက်စပ်သည့် ဖြစ်ရပ်မျိုးတွေ့ရှိရခြင်း မရှိကြောင်းနှင့် သေနတ်သမားသည် ကာစီနိုလောင်းကစားရုံကို ဓားပြတိုက်ရန် ရည်ရွယ်ခဲ့ဟန်ရှိပြီး တစ်ကိုယ်တော်လုပ်ရှားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**



## ဗန်ကောက်ရှိစာတိုက်ပုံးတစ်ခုတွင် လက်ပစ်ဗုံးလေးလုံး တွေ့ရှိ၍ ဖယ်ရှားရှင်းလင်းခဲ့ရ

**ဗန်ကောက် ဇွန် ၂**

ထိုင်းနိုင်ငံ၏ မြို့တော်ဗန်ကောက်ရှိ စာတိုက်ပုံးတစ်ခု၌ လက်ပစ်ဗုံးလေးလုံး တွေ့ရှိရသဖြင့် ရဲတပ်ဖွဲ့က ဖယ်ရှားရှင်းလင်းခဲ့ရမှုတစ်ခု သောကြာနေ့က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဈေးဆိုင်ရှင်တစ်ဦးက ရဲတပ်ဖွဲ့သို့ အကူအညီတောင်းသည့် ဖုန်းခေါ်ဆိုမှုပြုလုပ်ခဲ့ပြီးနောက်တွင် Bangkhen အနီးရှိ ပုဂ္ဂလိက စာတိုက်ပုံးတစ်ခု၌ တွေ့ရသည့် M 67 လက်ပစ်ဗုံးများကို ပေါက်ကွဲပစ္စည်းများ ဖယ်ရှားရှင်းလင်းရေးယူနစ်အဖွဲ့က ဖယ်ရှားရှင်းလင်းမှုလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယင်းလက်ပစ်ဗုံးများသည် ၅ မီတာမှ ၁၀မီတာအကွာထိ ပေါက်ကွဲနိုင်ပြီး လူများကို သေကျေပျက်စီးဒဏ်ရာရရှိစေနိုင်ကြောင်း သိရသည်။ လက်ပစ်ဗုံးပါရှိသည့် ပုံးပို့ဆောင်ခဲ့သူကို ဖမ်းဆီးထားပြီဖြစ်ပြီး ရဲတပ်ဖွဲ့ကစုံစမ်းစစ်ဆေးရန် ခေါ်ဆောင်သွားကြောင်းသိရသည်။ **(အင်န်အိတ်ချ်ကေ)**



ဇွန် ၂ ရက်က မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဇနီး ဒေါ်စန်းစန်းယုတို့အား မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး H.E. Mr.Pier Giorgio Federico Aliberti က ကြိုဆိုနှုတ်ဆက်စဉ် (သတင်းစဉ်)

# စေတီယင်္ဂဏဗ္မာစရိယအောင်လက်မှတ်ရဆရာတော်များ ဆက်သွယ်နိုင်ပါရန် လျှောက်ထားခြင်း

**နေပြည်တော် ဇွန် ၂**

၂၀၁၈ခုနှစ်တွင် ကျင်းပပြုလုပ်မည့် စေတီယင်္ဂဏစာမေးပွဲ နှစ် ၁၀၀ ပြည့် အခမ်းအနားတွင် စေတီယင်္ဂဏ ဗ္မာစရိယ အောင်လက်မှတ်ရ သံဃာတော်အရှင်သူမြတ်များအား ပင့်ဖိတ်မည်ဖြစ်ရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးရုံးများအား စာရင်းကောက်ယူစေခဲ့ရာ စေတီယင်္ဂဏ ဗ္မာစရိယအောင်လက်မှတ်ရရှိသော ဆရာတော် ၈၀ပါးစာရင်းသာ ရရှိသည်။

စေတီယင်္ဂဏဗ္မာစရိယအောင်လက်မှတ်ရရှိပြီးသော သံဃာတော်များအနေဖြင့် မိမိတို့၏ ဘွဲ့တော်၊အသက်/သိက္ခာ၊လက်ရှိသီတင်းသုံးရာ ကျောင်းတိုက်လိပ်စာ၊ အောင်လက်မှတ်မိတ္တူတို့ကို သာသနာရေးဦးစီးဌာန၊ဦးစီးရုံးဖုန်းအမှတ် ၀၆၇-၄၀၆၀၁၆၊၀၆၇-၄၀၆၁၇၀၊ ဖက်(စ်)အမှတ် ၀၆၇-၄၀၆၀၁၃တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အချက်အလက်များ သိုလှောင်သိမ်းဆည်းနိုင်သည့်ဝန်ဆောင်မှု မြန်မာရန်ကုန်ကမာရွတ်ဒေတာစင်တာ စတင်

**ရန်ကုန် ဇွန် ၂**

ကုမ္ပဏီများ၊ ဘဏ်များ၊ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် အစိုးရဌာနများ၏ အချက်အလက်များ သိုလှောင်သိမ်းဆည်းနိုင်သည့် ဝန်ဆောင်မှုကို မြန်မာရန်ကုန်ကမာရွတ် ဒေတာစင်တာ(Data Center)မှ စတင်တော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့ Vantage Tower ၌ ယနေ့ကျင်းပသည့် အဆိုပါ မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

မြန်မာနိုင်ငံရှိ Myint & Associates Telecoms နှင့် ကမ္ဘာ့တစ်ဝန်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်နေသည့် NTT Communications (Thiland) တို့ Resale Programme သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး အဆိုပါ သဘောတူညီမှုအရ ယခုဝန်ဆောင်မှုကို စတင်လိုက်ခြင်းဖြစ်သည်။ မြန်မာရန်ကုန် ကမာရွတ်ဒေတာစင်တာသည် ၃၀၀ စတုရန်းမီတာ ကျယ်ဝန်းပြီး ဆာဗာသိုလှောင်ခန်း ၉၀ (Server Racks ) အထိ ဝင်ဆံ့သည်။ အဆင့် ၃ လက်မှတ်ရရှိထားပြီး သုံးစွဲသူဒေတာအချက်အလက်များကို အပြည့်အဝကာကွယ်နိုင်ရန် အဆင့် ၇ အထိ လုံခြုံမှုပေးစွမ်းထားသည်။

"ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေက ကိုယ့်ဘာသာ ဒေတာစင်တာတွေ၊ ကွန်ပျူတာခန်းတွေ တည်ဆောက်လို့ရပါတယ်။ ဒါပေမယ့် ဒါတွေကို ဘယ်လိုထိန်းသိမ်းမလဲ၊ လူသားအရင်းအမြစ်တွေကို အဆင့်မီဘယ်လိုသင်တန်းတွေ ပေးမလဲဆိုတာ အဓိကအချက် ဖြစ်ပါတယ်။ တစ်နှစ်ပြီးတစ်နှစ် ထိန်းသိမ်းသွားရမှာ အလွန်ခက်ခဲပါတယ်။ ဒါကြောင့် ဒေတာစင်တာမှာ လာထားမယ်ဆိုရင် အဲလိုမျိုးတွေအတွက် တာဝန်ပေါ့သွားတော့ ကျန်တဲ့အပိုင်းတွေကို ပိုပြီးအာရုံစိုက် အလေးထားလို့ရပါတယ်" ဟု Myint & Associates Telecoms မှ အထွေထွေမန်နေဂျာ ဦးသိန်းစိုးထိုက်က ပြောသည်။

မြန်မာနိုင်ငံတွင် အချက်အလက်များ ၊ Digital Data များကို သိုလှောင်သိမ်းဆည်းနိုင်သည့် ကိုယ်ပိုင်ဒေတာစင်တာ တည်ဆောက်ရန် ဆောက်လုပ်ရေးစရိတ်ကြီးမားခြင်း၊ ကောင်းမွန်စွာထိန်းသိမ်းရန် ခက်ခဲခြင်းတို့မှာ စိန်ခေါ်မှုအသွင်ရှိနေသော်လည်း ဒေတာစင်တာများတွင် သိုလှောင်သိမ်းဆည်းသည့်စနစ်မှာ နည်းပါးနေသေးသည်။



တခြားနိုင်ငံတွေမှာလည်း ဒေတာစင်တာတွေမှာထားတဲ့ အဆင့်တွေ ဖြစ်နေကြပါပြီ။ လုံခြုံစိတ်ချရမှုအပိုင်းမှာ ပိုပြီး အားသာချက်ရှိပါတယ်" ဟု အထွေထွေမန်နေဂျာ ဦးသိန်းစိုးထိုက်က ဒေတာစင်တာများတွင် သိမ်းဆည်းခြင်းဖြင့် ရရှိနိုင်သည့် အကျိုးတရားများကို ထောက်ပြထားသည်။ **တာရာ**

# နယ်လှည့်တီဘီရောဂါ ကွင်းဆင်းကုသ

**ဗန်းမော် ဇွန် ၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် မြို့တော်ခန်းမ၌ ကချင်ပြည်နယ်နယ်လှည့်အခမဲ့ တီဘီရောဂါရှာဖွေကုသရေးအဖွဲ့က အသက် ၁၅ နှစ်နှင့်အထက်တီဘီသံသယရှိ လူနာများအား အခမဲ့ဓာတ်မှန်ရိုက်ပေးခြင်း၊ သလိပ်စစ်ပေးခြင်းနှင့် တီဘီရောဂါရှိသူများကို တီဘီဆေးဝါးများ ကုသပေးခြင်းလုပ်ငန်းကို ဇွန် ၂ ရက်က ဆောင်ရွက်ကြရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့ကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြသည်။

အဆိုပါ လုပ်ငန်းကို ဇွန် ၃ ရက်တွင် မိုင်းခေါင်ကျေးလက်ကျန်းမာရေးဌာန၊ ဇွန် ၄ ရက်တွင် ဟန်ထက်ကျေးလက်ကျန်းမာရေးဌာန၊ ဇွန် ၅ ရက်တွင် သံတံတားကျေးရွာ စီကော်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဇွန် ၆ ရက်တွင် ကောင်လွင် ကျေးလက်ကျန်းမာရေးဌာနခွဲ စသည်ဖြင့် မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ဆက်လက်၍ နယ်လှည့်ကုသဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန် /ဆက်)**

# ဆေးမြည့်သစ်သားတိုင်နှင့် သံတိုင်များအား ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်

**ဇီးကုန်း ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အမှတ်(၁) ရပ်ကွက်၊ အမှတ်(၂)၊ အမှတ်(၃) ရပ်ကွက်နှင့် မယင်းကျေးရွာတို့တွင် ဆေးမြည့်သစ်သားတိုင် ၂၂ တိုင်နှင့် ဆေးမြည့် သံတိုင် ၈၅ တိုင်တို့အား ကွန်ကရစ်တိုင်၊ သံလက်တန်းတို့ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦး ရန်နိုင်ဝင်းဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ မေလနောက်ဆုံးပတ်က လုပ်ငန်းများအားလုံးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ခြင်းအားဖြင့် အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်း၍ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။
**မောင်ရွှေဝင်း(ပြည်)**

# စာရေးဆရာ၊ ဂန္ထဝင်ကဗျာဆရာ၊ အမျိုးသားစာပေဆုများရှင် ပျဉ်းမနား မောင်နီသင်း ကဗျာခရီးလမ်းမှ ကြွေလွင့်ခြင်း

ကဗျာသည်ဘဝ၊ ကဗျာသည် အသက်၊ ကဗျာသည် အလုသစ္စာတရားဟုခံယူကာ ကွယ်လွန်ချိန်အထိ ကဗျာကိုဖက်တွယ်သွားသူမှာ စာရေးဆရာ၊ ကဗျာဆရာ ပျဉ်းမနား မောင်နီသင်းပင်ဖြစ်သည်။

ဖခင်ပန်းထိမ်ဆရာ ဦးသာအုံး၊ မိခင်ဒေါ်စောရှင်တို့မှ ၁၉၄၇ ခုနှစ် ဇွန် ၂၈ ရက်တွင် မွေးဖွားကာ နာမည်ရင်းမှာ ဦးတင်ဝင်း ဖြစ်သည်။ ပျဉ်းမနားဇာတိဖြစ်၍ ဇာတိမြေကို ဂုဏ်ပြုသောအားဖြင့် ကလောင်နာမည်ရှေ့တွင် ဇာတိမြို့အမည် ပျဉ်းမနားကို တပ်ခဲ့သည်။

**တာဝန်ထမ်းဆောင်ခဲ့**

ပညာရေးတက္ကသိုလ်မှ B.Ed, M.Ed ဘွဲ့များရရှိကာ ဗန်းမော် အ.ထ.က(၁)တွင် အထက်တန်းပြဆရာအဖြစ်မှ ၁၉၇၁ ခုနှစ် အငြိမ်းစားယူချိန်အထိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့တွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ယင်းအပြင် ပျဉ်းမနားမောင်နီသင်းသည် ၁၉၇၅ ခုနှစ်မှ စတင်၍ ကျောင်းစာတတ်မြောက်ရေးဗဟိုကော်မတီဝင်၊ အခြေခံပညာကျောင်းသုံးစာအုပ်ကော်မတီများတွင် အဖွဲ့ဝင်၊ ၁၉၈၆ ခုနှစ် နိုင်ငံတကာလူငယ်များနှစ် စိစစ်ရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၇၃၊ ၁၉၉၂ နှင့် ၁၉၉၆ ခုနှစ်များတွင် ဂျပန်၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့တွင် ကျင်းပသော ပညာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးပွဲများ တက်ရောက်ခဲ့သည်။

**အမျိုးသားစာပေဆုများ**

စာရေးဆရာ၊ ကဗျာဆရာ ပျဉ်းမနားမောင်နီသင်းသည် ၁၉၆၄ ခုနှစ် အမျိုးသားစာပေဆု (ကလေးစာပေဆု)၊ ၁၉၆၅ ခုနှစ် "ရတနာဦးကဗျာများ" စာအုပ်၊ ၂၀၀၁ ခုနှစ်၊ "မြစပယ်နှင့် အခြားပုံပြင်များ"စာအုပ်နှင့် ၂၀၁၂ ခုနှစ်တွင် "ငှက်ကလေး၏ တေးချိုချို" စာအုပ်တို့ဖြင့် အမျိုးသားစာပေဆု လေးကြိမ်ရရှိသူဖြစ်သည်။

ဂန္ထဝင်ကဗျာဆရာ၊ စာရေးဆရာ ပျဉ်းမနားမောင်နီသင်းသည် ကလောင်အမည်ရှေ့ ဇာတိမြေကို ညွှန်းထားပြီး နောက်ကမောင်နီသင်းကိုမူ သူ့ဇာတိမြေမှ သူ့ကဗျာပရိသတ်များက ပေးခြင်းဖြစ်သည်ဟု သိရဖူးသည်။

**တဖြုတ်ဖြုတ်ကြွေ**

ပျဉ်းမနားမောင်နီသင်းသည် ကဗျာရေးဖော်တချို့ပြည်ပသို့ သွားကြချိန်မှာပင် အမိမြေကို ဖက်တွယ်ကျန်ရစ်သူဖြစ်သည့်အပြင် ဘဝတူများ တဖြုတ်ဖြုတ်ကြွေသွားကြသည်နှင့် ပတ်သက်ပြီး သူက အမုန်းနဲ့ မခွဲချင်ဘဲချစ်လျက်နဲ့ပဲ ခွဲခွာချင်သည် ဟုဆိုသည်။

ပျဉ်းမနားမောင်နီသင်းနေထိုင်ရာ ကမာရွတ်မြို့နယ် အမှတ်(၆)ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာ၊ တိုက် (၁၆)၊ အခန်း(၂) (မြေညီထပ်)ဖြစ်သည့် ဗမ္မာရုံလမ်းသည် လမ်းထိပ်တွင် ပညာတန်ဆောင်စာကြည့်တိုက်၊ စာရေးဆရာမ ရွှေကူမေနှင်း (ယခုဝဂ္ဂီပြောင်းနေသည်။)၊ ပန်းချီ ဆရာနန္ဒာလှိုင်(ယခုမန္တလေး)၊ စာရေးဆရာ၊ သတင်းစာဆရာ စိန်ခင်မောင်ရီ (ကွယ်လွန်) ဇနီး ဒေါ်သန်းသန်း (ကွယ်လွန်)တို့ နေထိုင်ရာလမ်းဖြစ်သည့်အတွက် ထူးခြားသည်။ ပျဉ်းမနား မောင်နီသင်းသည် နေအိမ်ရေချိုးခန်းအတွင်းချော်လဲရာမှ ခါးရိုးကျိုးဒဏ်ရာဖြင့် အိပ်ရာမှာလဲနေကာ ကဗျာတွေ၊ စာအုပ်တွေ၊ မှတ်တမ်းတွေ၊ စာအုပ်ပုံကို တစိမ့်စိမ့်ကြည့်ပြီး ကဗျာတွေ၊ စာတွေကိုပဲ ဖက်တွယ်ကာ ခါးနာဝေဒနာ ခံစားရင်း ဘဝခရီးကြမ်းကို ဖြတ်သန်းနေရာမှ ဇွန် ၁ ရက် နံနက်က အဖျားဝင်လာသည့်အတွက် ရန်ကုန် ဆေးရုံကြီးသို့ တင်ပို့ခဲ့ရာ ည ၁ နာရီအချိန်တွင် ဂန္ထဝင်ကဗျာ ဆရာ၊ အမျိုးသား စာပေဆုများရှင် ပျဉ်းမနား မောင်နီသင်း (၇၀ နှစ်) သည် ကဗျာခရီးလမ်းမှ ကြွေလွင့်သွားရရှာပြီ ဖြစ်ပါသည်။



စာရေးဆရာ၊ ဂန္ထဝင်ကဗျာဆရာ၊ အမျိုးသားစာပေဆုများရှင် ပျဉ်းမနား မောင်နီသင်း

**လှူဒါန်းခဲ့**

ထို့ပြင် မျိုးဆက်သစ်ကလေးသူငယ်တို့၏ နှလုံးသားတွင် ဆက်လက်ကိန်းအောင်ကာ စိတ်စေတနာကောင်းများ နိုးကြားရေးအတွက် ကဗျာစာပေ ပုံသဏ္ဌာန်ရေးဖွဲ့ထားသည့် "ကြာတောမိုးနှင့် ဇာတ်ကြီးဆယ်ဘွဲ့"စာအုပ်များကိုလည်း ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ သင်ရိုးညွှန်းတမ်းတွင် လိုအပ်သလို ထည့်သွင်းအသုံးပြုနိုင်ရန်အတွက် ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌဆရာတော် (၁) ဘဒ္ဒန္တဥတ္တရထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာစာပေ၌ ထွန်းကားခဲ့သော မင်းဘူးဦးသြဘာသက ဇာတ်တော် ရှစ်ခု၊ အသျှင် ဦးပညယတိက္ခနှင့် အသျှင် နန္ဒမေဓာတို့က ဇာတ်တော်တစ်ခုစီ မြန်မာစာဖြင့် ပြုစုရေးသားခဲ့သည့် ဇာတ်ကြီးဆယ်ဘွဲ့ကိုအခြေခံကာ ကဗျာပုံစံဖြင့် ရေးဖွဲ့ပြီး ကလေးသူငယ်များအတွက် ကြာတောမိုးကဲ့သို့ ရွာသွန်းပါစေရန် ရည်ရွယ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**ထူမ ပေးဖို့လို**

သို့ဖြစ်ရာ ကျန်းမာရေးချို့ယွင်းကာ ဘဝခရီးကြမ်းကျော်ဖြတ်နေကြရသော အမေ့လျော့ခံကဗျာဆရာ၊ စာရေးဆရာ၊ သတင်းစာ ဆရာ၊ မိသားစုများ(သို့မဟုတ်)လဲနေကြသူများကို ဘဝခရီးလမ်းမဆုံးခင် ထူမ ပေးဖို့လိုအပ်နေပါသည်။

စာရေးဆရာ၊ ဂန္ထဝင်ကဗျာဆရာ၊ အမျိုးသားစာပေဆုများရှင် ပျဉ်းမနားမောင်နီသင်း ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် ရွတ်ဆိုနေကျ စာစုဖြင့် ယခုဆောင်းပါးကို နိဂုံးချုပ်လိုပါသည်။

ယင်းစာစုမှာ-

"ငယ်ငယ်တုန်းက ဆင်းရဲ
ကြီးလာတော့လည်း မွဲ
လောကကြီးကိုချစ်နေတုန်းပဲ"

ဟူ၍ဖြစ်ပါတော့သည်။

**ခင်မောင်သော်**
**(ကမာရွတ်)**

# ဦးကိုနီအားလုပ်ကြံမှု တရားခံပြေးရှာဖွေဖမ်းဆီးရန် လုံလောက်သောအချိန်တင်ပြ၍ ရုံးချိန်းတောင်းခံ

**ရန်ကုန် ဇွန် ၂**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီအားသေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုတွင် သေနတ်သမား ကြည်လင်းနှင့်အတူ ဖမ်းဆီးခံ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ ဇော်ဝင်းထွန်းတို့ကို ဇွန် ၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်ခဲ့ကြသည်။



ယင်းအမှုနှင့်ပတ်သက်၍ တရားရုံး၏ လုပ်ဆောင်ချက်အရ မေ ၂၆ ရက်က အမှုစစ်ရဲအရာရှိကို ယခင်ဖမ်းဝရမ်းနှင့်ပူးတွဲပြီး ညွှန်ကြားလွှာတစ်စောင်ပေးပို့လိုက်ရာမှ တရားခံပြေး အောင်ဝင်းခိုင်အား ရှာဖွေဖမ်းဆီးမှု ပြီးပြည့်စုံရန်တင်ပြနိုင်ရေးအတွက် လုံလောက်သောအချိန်ကို နေပြည်တော် အမှတ်(၁)မှူခင်းတပ်ဖွဲ့ခွဲ ဒုတိယရဲမှူး ဌေးအောင်က တောင်းခံလာသောကြောင့် အမှုစစ်ရဲအရာရှိ ရဲမှူးတင်မောင်ဆွေက တင်ပြလျှောက်ထားချက်အား ပြည့်စုံလုံလောက်စွာ တင်ပြနိုင်ရန်အတွက် ဇွန် ၉ ရက် သောကြာနေ့သို့ချိန်းဆိုလိုက်ကြောင်း မြောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒေါ်ခင်ဆွေမြင့်ထံမှသိရသည်။

တရားလိုအကျိုးဆောင်တရားလွှတ်တော်ရှေ့နေ ဦးနေလက "ဒီကနေ့တရားရုံးညွှန်ကြားချက်ပါအတိုင်း မပြီးပြတ်သေးလို့ အမှုစစ်ရဲအရာရှိက နောက်အပတ်ရုံးချိန်းတင်ပြခွင့် တောင်းခံသွားတာပါ။ ကျွန်တော်တို့က နေပြည်တော် ပရဆေးဥယျာဉ်မှာ ရှာဖွေဖို့ ဖမ်းဝရမ်းအသစ်တောင်းတာပါ။ ထုတ်ထားပြီး ဖမ်းဝရမ်းကလည်း တစ်နိုင်ငံလုံး ဖမ်းဆီးခွင့် အတည်ပြုလို့ရတယ်လို့ ဆိုတော့ မေ ၂၆ ရက်မှာ ဖမ်းဝရမ်းဟောင်းနဲ့ ညွှန်ကြားချက်ကို ရဲအရာရှိ ရဲမှူးတင်မောင်ဆွေထံပို့တယ်လို့ သိရပါတယ်။ နေပြည်တော် ပရဆေးဥယျာဉ်မှာ ရှာဖွေစစ်ဆေးမှုတွေလည်း လုပ်တယ်လို့သိရတယ်။ နောက်တစ်ပတ်ရုံးချိန်းမှာ ခိုင်မာတဲ့စစ်ဆေးဆောင်ရွက်မှုတွေကို သိရမှာပါ"ဟု ပြောသည်။

တရားလွှတ်တော်ရှေ့နေ ဦးရောဘတ်စန်းအောင်မှ ရှာဖွေစစ်ဆေးမှု မလုံလောက်သေးသဖြင့် နောက်အပတ်ရုံးချိန်းတွင် တင်ပြသွားမှာဖြစ်ကြောင်း၊ လေ့လာချက်အရ တရားရုံးဝင်းတစ်ခုလုံး လုံခြုံရေးအားနည်းမှုများရှိနေကြောင်း၊ ထို့ကြောင့် လုံခြုံရေးအားကောင်းသည့် အရှေ့ပိုင်းခရိုင်တရားရုံး(သို့မဟုတ်) အနောက်ပိုင်း ခရိုင်တရားရုံးသို့ ပြောင်းရွှေ့ပေးနိုင်ရေး နောက်အပတ်ရုံးချိန်းတွင် တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ -မျိုးမင်းသိန်း(မရမ်းကုန်း)**



မှုခင်းအသိပညာပေးယာဉ်ဖြင့် သထုံမြို့ပေါ်တော်မူကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှေ့တွင် မေ ၃၁ ရက်က သထုံမြို့မစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဆန်းဦး မှုခင်းပညာပေးဆွေးနွေးစဉ် နန္ဒကျော်စွာ

# ရွှေကူမြို့၌ မိုးသက်လေပြင်းတိုက်ခတ်

**ရွှေကူ ဇွန် ၂**

ဗန်းမော်ခရိုင် ရွှေကူမြို့၌ ဇွန် ၁ ရက် ညနေပိုင်းက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် အမှတ်(၄) ရပ်ကွက် ပိုလ်ချုပ်လမ်းရှိ ကျွန်းပင်ပြိုလဲပြီး အနီးရှိ အထက(၁)ကျောင်းဝင်းအတွင်းရှိ ရေသန့်စင်စက်ပေါ် ပြိုလဲခဲ့သဖြင့် ရေသန့်စင်စက် ပြိုကျပျက်စီးသွားခဲ့သည်။

ထို့အပြင် ရပ်ကွက်တွင်းရှိ ဘုန်းကြီးကျောင်း၊ လူနေအိမ်များ၊ ဈေးဆိုင်ခန်းများ အမိုးလန်ပျက်စီးမှုများရှိခဲ့ပြီး သစ်ပင်များပြိုလဲကာ ဓာတ်အားလိုင်းများနှင့် ဖုန်းလိုင်းများပြတ်တောက်ခဲ့ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသားများ နေရပ်ပြန်လာနိုင်ရေး UNHCR မှ လာရောက်ဆွေးနွေး

**ပဲခူး ဇွန် ၂**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းထံသို့ UNHCR မှ Senior Field Corrdinator, Ms.Yuka Hasegawa က ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီက လာရောက်တွေ့ဆုံပြီး ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသားများ နေရပ်ပြန်လာနိုင်ရေးနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ တွေ့ဆုံပွဲတွင် Ms.Yuka Hasegawa က ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းတွင် တိုင်းဒေသကြီးမှ လာရောက်ခိုလှုံသူ ၃၅ ဦးအား နေရပ်ပြန်လာနိုင်ရေးတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးနိုင်ရန် လာရောက်တွေ့ဆုံရခြင်းဖြစ်ပါကြောင်းနှင့် မိမိတို့ UNHCR မှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းမှ မိမိတို့တိုင်းဒေသကြီးသို့ ပြန်လည် အခြေချနေထိုင်လိုသူများကို ကြိုဆိုပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ပဲခူးဒေသတွင် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်း၊ စက်ရုံ၊ အလုပ်ရုံများလည်း ပေါ်ထွန်းလာတော့မည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများရှိနေကြောင်းနှင့် လိုအပ်သည့် ထောက်ပံ့မှုများအား ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

**သူရိန်ထွန်း(ပဲခူး)**

# မုန်တိုင်းအရှိန်ကြောင့် အိမ်ပြိုကျပျက်စီးသူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**ဟိုင်းကြီးကျွန်း ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဒီးဒူးကုန်းကျေးရွာအုပ်စု ပြည်သာယာကျေးရွာတွင် မေ ၂၉ ရက်က မုန်တိုင်းအရှိန်ကြောင့် အိမ်နှစ်လုံးပြိုကျပျက်စီးခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ အဆိုပါအိမ်နှစ်လုံးအတွက် ထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေးပစ္စည်းများအား သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဒီးဒူးကုန်းကျေးရွာအုပ်စု ဒီးဒူးကုန်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဇွန် ၂ ရက် နံနက် ၁၁ နာရီက ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများအား အုပ်ချုပ်ရေးမှူး ဦးစိုးပိုင်က နေအိမ်ပျက်စီးသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ တစ်အိမ်လျှင် Family Kit ၂၂ မျိုး တစ်ပုံး၊ ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ နှင့် တစ်အိမ်လျှင် ဆန်ဖိုး ငွေကျပ် ၈၅၀၀ ကို လက်ခံရရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# မူဆယ်တွင် မိုးရွာသွန်းမှုကြောင့် နေအိမ်ပြိုကျ၍ လူသေဆုံး

**မူဆယ် ဇွန် ၂**

မိုးရွာသွန်းမှုကြောင့် ဇွန် ၂ ရက် နံနက် ၇ နာရီခွဲခန့်တွင် မူဆယ်မြို့ ဟိုမွန်ရပ်ကွက် လမ်းသွယ်(၈)ရှိ ဦးဇင်စိုးနေအိမ် အနီးရှိအုတ်တံတိုင်းသည် နေအိမ်အပေါ်သို့ပြိုလဲ၍ အိမ်ငှားနေထိုင်သူ မပိုးအိမ်စံမှာ ဒဏ်ရာများရရှိခဲ့သဖြင့် သေဆုံးသွားခဲ့ကြောင်း၊ အိမ်ရှင် ဦးဇင်စိုးမှာသတိလစ်မေ့မျော (စိုးရိမ်ရ)သဖြင့် နံနက် ၈ နာရီခွဲတွင် မူဆယ်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**အယ်လ်စိုး(ပြန်/ဆက်)**

# မိုးရေဝင်ရောက်မှုကြောင့် ရေနစ်မြုပ်ခဲ့သည့် တောပုကျေးရွာအား ထောက်ပံ့ကြေးပေးအပ်

**မြင်းခြံ ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တောပုကျေးရွာတွင် မေ ၂၆ ရက်က ရွာသွန်းခဲ့သောမိုးကြောင့် ရေဝင်နစ်မြုပ်ခဲ့သည့် အိမ်ထောင်စုများအား ထောက်ပံ့ကြေးပေးအပ်ခြင်းကို မေ ၃၁ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထောက်ပံ့ကြေးပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး မိုးရေဝင်ရောက်၍ နစ်မြုပ်ခဲ့သည့် တောပု ကျေးရွာမှပြည်သူများကို တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သောငွေများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တို့က တောပုကျေးရွာအုပ်ချုပ်ရေးမှူး ဦးရွှေအားပေးအပ်ခဲ့သည်။ တောပုကျေးရွာတွင် မိုးရေဝင်ရောက်၍ ရေနစ်မြုပ်ခဲ့သည့် အိမ်ခြေ စုစုပေါင်း ၄၂၀ ၊ လူဦးရေ ၁၇၃၅ ဦးအတွက် တစ်ဦးလျှင် ၂၁၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၃၆၄၃၅၀၀ ရှိကြောင်း သိရသည် ။

**ဇော်မင်းနိုင် (မြင်းခြံ)**

# ဧရာဝတီမြစ်ရေမြင့်တက်လာ၍ မြေနုကျွန်းနှင့် မြေနိမ့်ပိုင်း စိုက်ပျိုးသောတောင်သူများ သတိပြုရန်လို

**မြစ်ကြီးနား ဇွန် ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေသည် ဇွန် ၁ ရက် မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ၇၉၉ စင်တီမီတာသို့ရောက်ရှိခဲ့ပြီး နောက်တစ်ရက်မှ ငါးရက်အတွင်း ဗန်းမော်၊ ရွှေကူ၊ ကသာမြို့များသို့ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဗန်းမော်မြို့တွင် ဧရာဝတီမြစ်ရေသည် ဇွန် ၁ ရက်နေ့ မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၄၄၀ စင်တီမီတာသို့ရောက်ရှိခဲ့ပြီး ဇွန် ၂ ရက် မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၇၈၁ စင်တီမီတာသို့ ရောက်ရှိခဲ့သည်။ ၂၄ နာရီအတွင်း ၃၄၁ စင်တီမီတာ မြင့်တက်ခဲ့ကြောင်း ၊ ဧရာဝတီမြစ်ရေ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ဗန်းမော်ခရိုင် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနထံမှ သိရသည်။

ဧရာဝတီမြစ်ရေ တစ်ရှိန်တိုးမြင့်တက်လာသဖြင့် ဧရာဝတီမြစ်တွင်းရှိ မြေနုကျွန်း၊ သဲသောင်ပြင်နှင့် မြေနိမ့်ပိုင်းဒေသများတွင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော တောင်သူများမှ သီးနှံများဆုံးရှုံးမှု မရှိစေရေး၊ လူနှင့်ကျွဲနွားတိရစ္ဆာန်များ အသက်အန္တရာယ်ထိခိုက်မှု ကင်းလွတ်စေရေး၊ လယ်ယာသုံးပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂၂ စီး၊ သွင်းကုန် ၅၆၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၈၂ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။



**တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Honda CRV Station Wagon နှင့် Toyota Mark II Saloon ယာဉ်**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၁ ဒသမ ဝ၉၆၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁ ရက်တွင် မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် Honda CRV Station Wagon နှင့် Toyota Mark II Saloon ယာဉ်တို့အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဆိုပါ ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ခုနစ်သန်းခန့်အား တွေ့ရှိရ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ထန်တလန် ဇွန် ၂**

ချင်းပြည်နယ် ထန်တလန်မြို့နယ်အတွင်း မေ ၃၀ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးလန်ပျက်စီးခဲ့သော ပြည်သူများအတွက် ပြည်နယ်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့သော ထောက်ပံ့ငွေနှင့် ပစ္စည်းများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ယနေ့ နံနက် ၁၁ နာရီခွဲတွင် လေဘေးသင့်ပြည်သူများထံသို့ အိမ်တိုင်ရာရောက်သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# အမြန်လမ်းတွင် STAREX မော်တော်ယာဉ်မှ ယာဉ်မောင်းအိပ်ငိုက်ပြီး ခရီးသည်တင်ယာဉ်ကို နောက်မှဝင်တိုက်

**နေပြည်တော် ဇွန် ၂**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏မိုင်တိုင်အမှတ် (၃၉/၂ နှင့် ၃) အကြား ယနေ့ နံနက်၇ နာရီခန့်က ယာဉ်မောင်း အိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ ရှေ့ယာဉ်အား ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ဝင်းကို မောင်းနှင်လာသော Starex ယာဉ်သည် ရှေ့မှယာဉ်မောင်း မောင်နိုင် မောင်းနှင်နေသော ရွှေတောင်ရိုး ခရီးသည်တင်ယာဉ်အား မိုင်တိုင်အမှတ်(၃၉/၂နှင့် ၃)အကြား အရောက် နောက်မှဝင်တိုက်ခဲ့သည်။ ဖြစ်စဉ်ကြောင့် ရွှေတောင်ရိုး ခရီးသည်တင်ယာဉ်မှ ယာဉ်မောင်းပါ အမျိုးသား ၂၀၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၄၁ ဦးမှာ ထိခိုက်မှုမရှိကြောင်းနှင့် Starex ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ သံဃာတစ်ပါး၊ အမျိုးသားနှစ်ဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ခြောက်ဦးမှာ အတွင်းလူနာအဖြစ် အသီးသီး ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသူများအား ဘောနတ်ကြီး အမြန်လမ်းရဲတပ်ဖွဲ့ပိုင်ယာဉ်ဖြင့် ပဲခူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ Starex ယာဉ်မောင်းအား သက်ဆိုင်ရာက အရေးယူထားကြောင်း သိရသည်။

**ညီညီသန်း (နေပြည်တော်)**

# ပြင်ဦးလွင်၌ လျှပ်စစ်ရေနွေးအိုး အပူလွန်ကဲရာမှ မီးလောင်

**ပြင်ဦးလွင် ဇွန် ၂**

ပြင်ဦးလွင်မြို့ ရေချမ်းအိုးမြောက်ရွာ မန္တလေး-လားရှိုးလမ်းဘေးရှိ ရွှေလရောင်ညှော်ရိပ်မွန်၌ ဇွန် ၂ ရက် နံနက် ၈ နာရီက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ယနေ့နံနက်ပိုင်းက ညှော်ရိပ်မွန်၏ အနောက်မီးဖိုချောင်၌ လျှပ်စစ်ရေနွေးအိုးတည်ထားရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ခြင်းဖြစ်ကြောင်း၊ မီးလောင်ရာသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊အနီးရှိပြည်သူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှမီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် (၁၀×၁၄) ပေရှိ သွပ်မိုး၊ ထရံကာ အဆောက်အအုံနှစ်လုံးနှင့် အတွင်းရှိ ပစ္စည်းများ၊ ညှော်ရိပ်မွန်၏ အနောက်ဘက်နံရံရှိ ပြတင်းပေါက်တံခါးများနှင့်မှန်များ ပျက်စီးဆုံးရှုံးခဲ့ပြီး ညှော်ရိပ်မွန်ပိုင်ရှင် ဦးစိန်အေး( ၄၉ နှစ်) ကို သက်ဆိုင်ရာက အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**

# တရုတ်အမျိုးသားနှင့် အိမ်ထောင်ချပေးစားရန် စီစဉ်သူများအား လူကုန်ကူးမှုဖြင့်အမှုဖွင့်

**နေပြည်တော် ဇွန် ၂**

မူဆယ်မြို့မန့်ဝိန်းရပ်ကွက် ဖူးတည်းခိုခန်း၌မသင်္ကာသူများ ရောက်ရှိတည်းခိုနေကြောင်းသတင်းအရ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မူဆယ်)မှ ရဲအုပ် အောင်မျိုးထွဋ်နှင့် ပူးပေါင်းအဖွဲ့သွားရောက်စစ်ဆေးရာ မသက်သက်(ခ)မချစ်ချစ်နှင့် အမျိုးသမီးငယ်နှစ်ဦး စုစုပေါင်း သုံးဦးအား တွေ့ရှိရ၍ တပ်ဖွဲ့စုရုံးသို့ ခေါ်ယူမေးမြန်းခဲ့ရာ မသက်သက်(ခ)မချစ်ချစ်မှာ အမျိုးသမီးငယ်များအား တရုတ်အမျိုးသားအား ယူရန် စည်းရုံးခေါ်ဆောင်လာကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မသက်သက်(ခ)မချစ်ချစ်ပါ လေးဦးအား မူဆယ်မြို့မရဲစခန်း၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အရေးယူခဲ့သည်။

ဖြစ်စဉ်မှာ ရခိုင်ပြည်နယ် အမ်းမြို့နေသူ မ------နှင့် မ-------တို့ညီအစ်မနှစ်ဦးအား မသက်သက်(ခ) မချစ်ချစ်ပါ လေးဦးက တရုတ်နိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ရှိကြောင်း၊ အလုပ်မလုပ်ချင်၍ တရုတ်အမျိုးသားအားယူပါက ငွေကျပ် ၁၀ သိန်းရရှိမည်ဖြစ်ပြီး ငွေကို မိဘများထံ ပို့ပေးမည်ဖြစ်ကြောင်း၊ တရုတ်အမျိုးသားနှင့် သုံးနှစ်ပေါင်းပြီးပါက နေရပ်သို့ပြန်လာ၍ရကြောင်း စည်းရုံးပြောဆိုသဖြင့် သဘောတူခဲ့ကြောင်း၊ ထို့အပြင် ညီမဖြစ်သူ မ------ကိုလည်း တရုတ်နိုင်ငံရှိ စပျစ်ခြံ၊ ပန်းသီးခြံတို့တွင် အလုပ်လုပ်ပါက တစ်နှစ်လျှင် ငွေကျပ် ၁၀ သိန်းရမည်ဟု စည်းရုံးပြောဆိုခဲ့ပြီး ၎င်းတို့အား မေ ၂၄ ရက်က အမ်းမြို့ကားဂိတ်မှ မူဆယ်သို့ မသက်သက်(ခ) မချစ်ချစ်က ခေါ်ဆောင်ခဲ့ပြီး မူဆယ်မြို့ ဖူးတည်းခိုခန်းသို့ ရောက်ရှိခဲ့ကြောင်း မေးမြန်းသိရှိရသည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ရခိုင်ပြည်နယ် အမ်းမြို့နေသူ မ-----နှင့် မ-----တို့နှစ်ဦးကို တရုတ်အမျိုးသားများနှင့် လက်ထပ်ရန် စည်းရုံးပြောဆိုခဲ့သည့် မသက်သက်(ခ) မချစ်ချစ်ပါ လေးဦးအား မူဆယ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိုးကြိုးထိမှန်၍ တိရစ္ဆာန်များသေဆုံး

**ကျွန်းလှ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ဇွန် ၁ ရက် ညနေ ၅ နာရီက မိုးကြိုးထိမှန်၍ တိရစ္ဆာန်များသေဆုံးသွားကြောင်း သိရသည်။

အဆိုပါ မိုးကြိုးထိမှန်ခြင်းကြောင့် ကုန်းစည်းကျေးရွာ၌ နွားထီးတစ်ကောင်၊ ညောင်ပင်ရိုးကျေးရွာ၌ ကြက်ငါးကောင်တို့ သေဆုံးသွားပြီး လူနှင့်နေအိမ်များ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# ကော့သောင်းမြို့နယ်၌ ဘိန်းစာမှုန့်များဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁ ရက်က ကော့သောင်းမြို့နယ် ပုလုံးတုံတုံးကျေးရွာ အောင်သပြေလမ်းမပေါ်၌ မိုးနိုင် မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစာမှုန့် ၇ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဘိန်းစာမှုန့်များကို သယ်ဆောင်ခိုင်းသူ အေးမြင့်နှင့် မထွန်းဝင်းတို့ နေထိုင်သည့် ကော့သောင်းမြို့နယ် ပုလုံးတုံတုံးကျေးရွာ မီးသွေးဖောင်းလမ်းနေအိမ်ကို ဆက်လက်ရှာဖွေရာ အေးမြင့်၊ မထွန်းဝင်းနှင့် မအေးကြည်တို့ သုံးဦးကို ဘိန်းစာမှုန့် ၇ ဒသမ ၆ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ မေ ၃၀ ရက်က သာကေတမြို့နယ် အမှတ်(၁၀)ရပ်ကွက်(တောင်) ဇေယျာဝတီ(၁)လမ်းနေ ရဲထွန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသည်။ အမှုနှင့်ပတ်သက်၍ ပူးပေါင်းအဖွဲ့သည် မေ ၃၁ ရက်က ရဲထွန်းငှားရမ်းနေထိုင်သည့် ဒဂုံဆိပ်ကမ်းမြို့နယ် (၉၄)ရပ်ကွက် အေ/၁၄ လမ်း၊ တိုက် ၁၆၊ အခန်း ၂၀၄ ကို ဆက်လက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၉၉ ပြားကို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး အမှုမှကွင်းဆက် ပြစ်မှုကျူးလွန်သူ မိုးလွင်ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ခရီးသည်တင်ယာဉ်ဖြင့် တရားမဝင်သစ်သယ်ဆောင်လာသူများအား အမှုဖွင့်အရေးယူ

**နေပြည်တော် ဇွန် ၂**

ရှမ်းပြည်နယ် သိန်းနီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးဂိတ်၌ သိန်းနီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇွန် ၁ ရက် နံနက် ၁ နာရီက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် လားရှိုးဘက်မှ သိန်းနီဘက်သို့ ရေနံချောင်းမြို့ ရွှေဘုံသာရပ်နေ ဆန်းမင်း(၂၄ နှစ်) မောင်းနှင်ပြီး ကျောက်ဆည်မြို့နယ် သစ်ပုတ်ကျေးရွာနေ တင်မောင်ဝင်း(၃၅ နှစ်)လိုက်ပါလာသည့် 1C/--- ခရီးသည်တင်မှန်လုံယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ်ခွဲသားရှော်တုံးဆိုက်စုံ ၁၄ တုံး (၀ ဒသမ ၄၃၈)တန် တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဆန်းမင်းနှင့် တင်မောင်ဝင်းတို့ကို သိန်းနီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


### အမည်ပြောင်း

ဦးသန့်စင်၏သမီး ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း(ပျဉ်းမနား) အဋ္ဌမတန်းမှ မနန်းသူသူသန့်စင်အား မနန်းသူသူသန့်လွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မနန်းသူသူသန့်လွင်**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/1760,Myanmar Zaw L/T (1)TON,P/U(4x2) ဆိုင်ကယ်လက်ဝယ်ရှိသူဦးထွန်းထွန်းဝင်း၁၂/ပဘတ(နိုင်)၀၀၃၁၇၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/9668 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4A/8149 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| ၁ | Canon Digital Multifunction Copier | Nos | 5 |
| ၂ | UPS(650 VA) | Nos | 20 |
| ၃ | Brother Fax Machine | Nos | 5 |
| ၄ | Multifunction Scanner | Nos | 2 |
| ၅ | Laptop Dell Inspiron 5447 | Sets | 5 |
| ၆ | Colour Printer (A4) | Nos | 7 |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၆-၂၀၁၇ရက်မှ ၁-၇-၂၀၁၇ရက်အထိ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၇-၂၀၁၇ရက် နံနက် ၀၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၉၀ ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**ရုံးအမှတ် (၇)၊ နေပြည်တော်**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈/၆၈၂၆ Toyota Harrier MCU 15 Station Wagon (4×4) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းလှိုင်၁၂/မဘန(နိုင်)၀၀၁၉၇၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ ရပ်ကွက်၊ ဝရဇ္ဇာလမ်း၊ အမှတ် ၆၃၈-ခ၊ ၅လွှာ၊ အခန်းအမှတ် ၅-ခ၊ (လမ်းမဘက်မှ မျက်နှာဆိုင်ကြည့်လျှင် ညာဘက်ခြမ်း) အလျား ၂၄ ပေ×အနံ ၅၄ ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိသာလျှင်တရားဝင်ပိုင်ဆိုင်ပြီး အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူဝန်ခံကတိပြုသူ ဒေါ်စန္ဒာ (ခ) ဒေါ်ခင်နီလာ ၉/ညဥန(နိုင်)၀၀၆၆၉၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်သန်း ၁၄/ရကန(နိုင်)၀၂၃၅၁၀က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြေညာချက်ပါသည့်ရက်မှစပြီး သုံးရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ချယ်ရီအောင်**
**LL.B, D.B.L, D.I.L, D.M.L**
**အထက်တန်းရှေ့နေ(စဉ်-၃၈၉၉၀)**
**အမှတ် ၁၉၂၊ မြေညီထပ်၊ မြလေးလမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၄၆၆၅၀၊ ၀၉-၂၆၄၁၂၆၉၀၀**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ သခင်ခင်လမ်း၊ မြေကွက်အမှတ် ၈၅၀၊ (၄၀×၆၀)ပေ၊ ဧရိယာစတုရန်းပေ(၂၄၀၀) အကျယ်ရှိ ဒေါ်မေတင်(ဘ)ဦးထွန်းလှ ၁၂/တမန(နိုင်)၀၆၆၀၁၂အမည်ပေါက် နှစ် ၆၀ ဂရန်မြေနှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ ဆက်စပ်စာချုပ်များအရ လက်ရှိပိုင်ဆိုင်ထား၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းသူ ဦးရဲထွန်းအေး(ဘ)ဦးခင်မောင်အေး ၁၂/မရက(နိုင်) ၀၀၂၂၂၂ထံမှ ကျွန်ုပ်ဦးမျိုးပိုင်အောင်(ဘ)ဦးမျိုးခိုင် ၁၂/ဥကတ(နိုင်)၁၄၆၁၆၃က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁)လအတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏ ပိုင်ဆိုင်ခွင့်ထင်ရှားခိုင်မာစေရေးအတွက် လိုအပ်သလိုအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးပိုင်အောင် ၁၂/ဥကတ(နိုင်)၁၄၆၁၆၃**
**ဖုန်း-၀၉-၅၁၀၆၈၀၆၊ ၀၉-၅၀၂၅၈၇၂**
**အမှတ် ၁/ခ၊ အင်ကြင်လမ်း၊ (၃)ရပ်ကွက်၊ငွေကြာရံရိပ်သာ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၆-ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ်(၈၈)၊ အကျယ်အဝန်း (၁၂½′ × ၆၀′)ရှိ ရေမီးအစုံအလင်ပါဝင်သော မြေညီထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ (၁) ဦးဝင်းဇော် (၁၂/ပဘတ(နိုင်)၀၁၂၁၃၁)၊ (၂) ဦးသိန်းတန် (၁၂/ပဘတ(နိုင်)၀၁၃၁၉၃) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဒေအးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄-လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၉၅၆ ၈၃၃၇၈၊ ၀၉-၁၁၇ ၆၅၀ ၁၇**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လှိုင်သာယာမြို့နယ်၊ ၁၂ရပ်ကွက်၊ ပဲခူးလမ်း၊ အမှတ်-၂၁/က၊ ဦးထွန်းကြွယ် အမည်ပေါက်ပါမစ်မြေကို ဦးကြီးရှိန် ၁၂/အစန(နိုင်)၁၀၈၉၁၈မှ တရားဝင် ရောင်းချခွင့်ရှိကြောင်း တစ်နှစ်အတွင်း ဂရန်အမည်ပေါက်ရအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောဆိုဝန်ခံသဖြင့် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေ ပေးချေထားပါသည်။ အရောင်းအဝယ် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဂရန်ပြသနိုင်လျှင် ကျန်ငွေပေးချေခြင်းကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဦးသန်းလွင် ၈/မမန(နိုင်)၀၀၁၃၄၃ ၏ ညွှန်ကြားချက်အရ-**
**စလင်း-ဦးအောင်သိန်း (စဉ်-၃၄၃၂)၊ ဒေါ်မီမီလှိုင် (စဉ်-၉၇၆၅)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၂၃)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်**
**ဖုန်း-၀၉-၅၄၀၁၉၄၀**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်6J/6891 Toyota Hilux Vigo KUN Pickup (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွေး ၁၂/တမန(နိုင်)၁၀၀၉၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

# မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်နေ

**မကွေး ဇွန် ၂**

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးနိုင်မှု အလားအလာကို ရင်းနှီးမြှုပ်နှံသူများ စိတ်ဝင်စားလာလျက်ရှိပြီး မြန်မာ့စီးပွားရေး နယ်ပယ်တွင် စိုက်ပျိုးရေးက အဓိကဖြစ်နေသည့်အတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို မကွေးတိုင်းဒေသကြီးအတွင်း အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေးနှင့် တောင်သူအကျိုးစီးပွားဆိုင်ရာ လုပ်ငန်းစဉ်များအပြင် မြေသိမ်းယာသိမ်းကိစ္စများ၊ စိုက်ပျိုးမြေနေရာတွင် အခြားအသုံးပြုခြင်းဆိုင်ရာကိစ္စများနှင့် မဟာဗျူဟာချမှတ်ခြင်း လုပ်ငန်းများလည်း အဓိကပါဝင်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက "သိမ်းဆည်းခံလယ်ယာမြေတွေအတွက် ပြန်လည်ရရှိရေး ဆောင်ရွက်ရာမှာ တစ်ခါတစ်ခါကျတော့ ပိုင်ဆိုင်မှုအငြင်းပွားခြင်း၊ ပုံစံ(၇)အတုကိစ္စ၊ လျော်ကြေးငွေကိစ္စ ဆိုတာတွေ ရှုပ်ယှက်ခတ်နေတာတွေလည်း တွေ့ကြုံရတဲ့အတွက် ရာဇဝတ်မှုတွေမဖြစ်အောင် အငြင်သာဆုံး ဖြေရှင်းနေရပါတယ်။ တောင်သူများရဲ့အကျိုးစီးပွားနဲ့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ လုပ်ဆောင်သွားမှာပါ" ဟု ဆိုသည်။

မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူး/စကုမြို့ဘက်၌ ရေနံခာတုစက်ရုံကြီးတည်ဆောက်ရန် တရုတ်နိုင်ငံမှ ကမ်းလှမ်းလာမှုကိုလည်း လက်မခံခဲ့ဘဲ စိုက်ပျိုးရေးမဖြစ်ထွန်းသော မကွေးမြို့နှင့် ရေနံချောင်းမြို့ကြားရှိ ကြပ်တီးမြေကိုလိုချင်ပါက လုပ်ကိုင်ခွင့်ပေးနိုင်မည်ဟု အကြောင်းပြန်ထားကြောင်း၊ စိုက်ပျိုးရန်ဖြစ်ထွန်းသည့်မြေများကို စောင့်ရှောက်ရမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်က ပြောကြားသည်။

တောင်သူလယ်သမားသမဂ္ဂ အဖွဲ့အစည်း၏ ၂၀၁၄ ခုနှစ် လယ်သိမ်းယာသိမ်း စစ်တမ်းများအရ မကွေးတိုင်းဒေသကြီးအတွင်း တပ်မတော်မှသိမ်းသည့်မြေဧက သုံးသိန်းခွဲရှိကြောင်း သိရသည်။ ဌာနဆိုင်ရာနှင့် ကုမ္ပဏီများမှသိမ်းမြေမှာ ဧကတစ်သိန်း ခန့်ရှိသဖြင့် စုစုပေါင်းလယ်ယာမြေ သိမ်းဆည်းခံရမှုမှာ ဧကလေးသိန်းခွဲခန့်ရှိသည်ဟု မကွေးတိုင်းဒေသကြီးမြေစစ်ကော်မတီအဖွဲ့အလုပ်အမှုဆောင် ဦးအောင်ကျော်ကျော်ထံမှ သိရသည်။

လတ်တလောအခြေအနေအရ မကွေးတိုင်းဒေသကြီးတွင် အသားတင်စိုက်ဧက သိန်း ၃၀ ခန့်ရှိပြီး ယင်းစိုက်ဧကများ အပေါ်တွင် သီးထပ်၊ သီးညှပ်များ စိုက်ပျိုးနိုင်သည့်အတွက် သီးနှံစိုက်ဧကပေါင်း သိန်း ၈၀ ခန့် စိုက်ပျိုးနိုင်သောကြောင့် မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတော်၏ GDP ကို သိသိသာသာ အထောက်အကူပြုနိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများအဖြစ် မေ ၂၁ ရက်တွင် လယ်ယာကဏ္ဍ စာရင်းအင်းကိန်းဂဏန်းများ တိကျမှန်ကန်ခိုင်မာရန် သမားရိုးကျမြေပုံများအစား Digital မြေပုံများ အစားထိုးအသုံးပြုနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ၊ မေ ၂၂ ရက်တွင် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာအပေါ် ပြည်သူ့သဘောထား အကြံဉာဏ်ရယူရေး အလုပ်ရုံဆွေးနွေးပွဲ ၊ မေ ၂၉ ရက်တွင် သိမ်းဆည်းခံလယ်ယာမြေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ မေ ၃၀ ရက်တွင် တောင်သူများပါဝင်သော ကဏ္ဍအသီးသီးမှလုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့ တွေ့ဆုံပွဲတို့ကို မကွေးမြို့၌ ကျင်းပနိုင်ခဲ့သည်။

**ဇေယျတု(မကွေး)**

## မှုခင်းသတင်းတိုများ

### ဘုန်းကြီးကျောင်းဝင်းအတွင်း ဆိုင်ကယ်တစ်စီးခိုးယူခံရ

ကသာခရိုင် ဝန်းသိုမြို့နယ် နမ်းခမ်းရွာမကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ရပ်ထားသောဆိုင်ကယ်တစ်စီး မေ ၃၁ ရက်က ခိုးယူခံရ၍ ပျောက်ဆုံးခဲ့ကာ ဆိုင်ကယ်နှင့်အတူ တူးဘောက်စ်အတွင်းရှိ ငွေ ၇၃ သိန်းကျော်ပါ ပျောက်ဆုံးသွား၍ ဝန်းသိုမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ ရွာမကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိနေသော တော်ရှောရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်ဦးကေလာသ၏ ဆိုင်ကယ်ကို ကျောင်းအောက်တွင် ထားရှိစဉ် မေ ၃၁ ရက် နံနက် ၆ နာရီခန့်က ခိုးယူခံခဲ့ရခြင်းဖြစ်ပြီး ဆိုင်ကယ်နှင့်အတူ တူးဘောက်စ်အတွင်း ထည့်ထားသည့် ငွေကျပ် ၇၃၅၀၀၀၀ ပါ ပါသွားသဖြင့် စုံစမ်းဖော်ထုတ်ပေးပါရန် ဆရာတော်ဦးကေလာသ၏ညီ ဦးကျော်လွင်က ဝန်းသိုမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့၍ ဆိုင်ကယ်ခိုးယူသူအား ဖော်ထုတ်နိုင်ရန်နှင့် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

### စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်လာသူတစ်ဦးအား ဖမ်းမိ

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့အနီး ရေး-ထားဝယ်လမ်းပေါ် မလွှဲတောင်စစ်ဆေးရေးဂိတ်၌ စိတ်ကြွရူးသွပ်ဆေးပြား သယ်ဆောင်လာသူတစ်ဦးအား မေ ၃၀ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မလွှဲတောင်စစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်နေသော ရဲကင်းမှူးရဲအုပ်ခင်မောင်ချင်းနှင့်အဖွဲ့က နိုင်ဝင်း(၄၅ နှစ်) မောင်းနှင်လာသော ပရိုဘောက်ကားကို ရပ်တန့်စစ်ဆေးစဉ် ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄ ပြား၊ ငွေရောရာကျပ်ခြောက်သိန်းနှင့် မူးယစ်ဆေးပြားသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့၍ ကလိန်အောင်နယ်မြေရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။ **ကလိန်အောင်(ပြန်/ဆက်)**

### အင်းစိန်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်များဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဇေယျတံတားပေါ်၌ ယာဉ်တစ်စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ကျော်နှင့် အိုက်စ် မူးယစ်ဆေးဝါးများကို မေ ၃၀ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ အင်းစိန်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အောင်ဇေယျတံတားပေါ်၌ ယာဉ်မောင်း မျိုးမင်းအောင် မောင်းနှင်လာသော မော်တော်ယာဉ်ကို ရှာဖွေစစ်ဆေးစဉ် ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၂၈ ပြားနှင့် အိုက်စ်မူးယစ်ဆေးဝါး ၀ ဒသမ ၀၂၉၉ ကီလိုတို့ကို ဖမ်းမိခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ မျိုးမင်းအောင်(ခ)RK(၂၈ နှစ်)အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

### ရထားသံလမ်းအလယ်တွင် လူတစ်ဦးသေဆုံးနေ

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပြည်ထောင်ဘူတာနှင့် မလိခဘူတာကြား ရထားသံလမ်းအလယ်တွင် အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့်သေဆုံးနေသည်ကို မေ ၃၁ ရက် နံနက် ၉ နာရီခွဲခန့်က တွေ့ရှိ၍ ဆက်လက်စစ်ဆေးလျက်ရှိကြောင်း မြစ်ကြီးနားနယ်မြေရဲစခန်းမှ သိရသည်။ သံလမ်းအလယ်တွင် အမျိုးသားတစ်ဦး လဲကျသေဆုံးနေကြောင်း သတင်းအရ မြစ်ကြီးနားနယ်မြေရဲစခန်းမှ ဒုတိယရဲမှူးသိန်းဇော် နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ သေဆုံးနေသူမှာ ယာဘက်ခြေကျင်းဝတ်အထက် ပြတ်ပြီး ဦးခေါင်းတွင်ဒဏ်ရာများရရှိကာ သွေးယိုထွက်၍ သေဆုံးနေခြင်းဖြစ်ကြောင်းနှင့် ဦးလွင်မောင်မောင်(၃၀ နှစ်) ဖြစ်ကြောင်း၊ သေဆုံးသူမှာ ပြည်ထောင်ဘူတာမှထွက်ခွာသည့် အမှတ် (၉၃၄)အစုန် မြစ်ကြီးနား-မြို့ဟောင်း ကုန်ရထားဖြင့် ကြိတ်မိ၍ သေဆုံးသည်ဟုယူဆရပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ်ကို မြစ်ကြီးနား နယ်မြေရဲစခန်းက သေမှုသေခင်းဖွင့်၍ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။ **မင်းရာဇာ(မြစ်ကြီးနား)**

## ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူခြောက်သန်းကျော် သေဆုံးလျက်ရှိ

**နေပြည်တော် ဇွန် ၂**

"ဖွံ့ဖြိုးမှုအတွက်အဟန့်အတားမို့ ဆေးလိပ်ဆေးရွက်တိုက်ဖျက်စို့"(Tobacco- A threat to development)ဆောင်ပုဒ်ဖြင့် ကျင်းပသော ၂၀၁၇ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၃၁ ရက်က နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ပြည်သူလူထုအနေဖြင့် ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုနှင့် ဆက်စပ်နေသော အန္တရာယ်များကို သိရှိစေရန်နှင့် ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှု လျော့ကျစေရန်အတွက် ထိရောက်သော နည်းဗျူဟာ၊ မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော်ကြရန်လိုအပ်ကြောင်း၊ ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေခြောက်သန်းကျော်သည် ဆေးလိပ် ဆေးရွက်ကြီး သုံးစွဲမှုကြောင့် နာတာရှည်ရောဂါမျိုးစုံဖြစ်ပွားပြီး သက်တမ်းစေ့မနေရဘဲ အချိန်မတိုင်မီ သေဆုံးလျက်ရှိကြကြောင်း၊ လူဦးရေခြောက်သိန်းကျော်သည် Secondhand Smoking ဟုခေါ်သော သူတစ်ပါး၏ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသောကြောင့် ရောဂါဖြစ်ပွား သေဆုံးနေကြရပြီး လေးပုံတစ်ပုံကျော်သည် ကလေးများဖြစ်ကြကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုး သောက်သုံးခြင်းသည် ကာကွယ်၍ရသော အကြောင်းများကြောင့် သေဆုံးကြရခြင်းထဲတွင် ထိပ်ဆုံးမှရှိနေသည့် အကြောင်းရင်းဖြစ်ကြောင်း၊ အရွယ်ရောက်သူ ၁၀ ဦးတွင် တစ်ဦးမှာ မသေသင့်ဘဲ သေဆုံးလျက်ရှိကြောင်း အမှာစကားပြောကြားသည်။



အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများအနက် မြန်မာနိုင်ငံသည် ဆေးရွက်ကြီးပါသည့် ကွမ်းစားမှုတွင် အများဆုံးဖြစ်နေသည်ကို တွေ့ရ၍ ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်းကို လျှော့ချနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် လေ့လာမှုများအရ ကျောင်းသားလူငယ်ထုအတွင်း ၁၁ ရာခိုင်နှုန်းခန့်သည် ဆေးလိပ်သောက်နေကြပြီး ၆ ရာခိုင်နှုန်းခန့်သည် ကွမ်းစားနေသည်ကို တွေ့ရှိရကြောင်းလည်း အမြဲတမ်းအတွင်းဝန်က ဆက်လက်ပြောကြားသည်။

အာဆီယံဒေသတွင်းနိုင်ငံများတွင် ဆေးလိပ်ငွေ့ကင်းစင်မြို့တော်များနှင့် ယဉ်ကျေးမှုနယ်မြေများ (Smoke-free Cities and Heritage Sites)များ ပေါ်ပေါက်လာရန် အကူအညီပေးနေသော South East Asia Tobacco Control Alliance(SEATCA)၏ ကူညီမှု၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ စိတ်ဝင်တစား အားပေးထောက်ပံ့မှုတို့ဖြင့် မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးဒေသ၊ ရှမ်းပြည်နယ် အင်းလေးနှင့် ပင်းတယတို့တွင် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများက ဆက်လက်အားဖြည့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ စိုက်ပျိုးထုတ်လုပ် သုံးစွဲမှုကြောင့် ပြည်သူလူထု၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ၂၀၃၀ ခုနှစ်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ(Sustainable Development Goals)ကို ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆေးလိပ် ဆေးရွက်ကြီး ထိန်းချုပ်ရေး လုပ်ငန်းကိုလည်း ဦးစားပေးလုပ်ငန်းတစ်ခုအနေဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်လိုအပ်ပြီး ဆေးလိပ် ဆေးရွက်ကြီး၏ အန္တရာယ်များကို သတိပြုကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးကပါ ပူးပေါင်းလက်တွဲ ကာကွယ်ဆောင်ရွက်ကြရန်လည်း အမြဲတမ်းအတွင်းဝန်က တိုက်တွန်းပြောကြားသည်။

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ဖတ်ကြားခဲ့ပြီး တက်ရောက်လာသူများအား ဆေးလိပ် ဆေးရွက်ကြီး အန္တရာယ်များ၊ ကျန်းမာရေး ပညာပေး ဗီဒီယိုကို ပြသကာ အမြဲတမ်းအတွင်းဝန်နှင့် ဧည့်သည်တော်များက ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းငယ်ကို ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

## ကျေးရွာဘုန်းတော်ကြီးကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ဖန်းမောက် ဇွန်၂**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ် နန်းဇားကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို မေ ၃၁ ရက်က ကျင်းပခဲ့ရာ ဖန်းမောက်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီဟန်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးညီဆွေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဌေးနှင့် မြတ်နောင်ဆိုင်းကုမ္ပဏီ ဒါရိုက်တာ ဦးလှိုင်မင်းတို့က နန်းဇာ ဘုန်းကြီးကျောင်းဆရာတော် ဦးဥာဏသေဌထံသို့ ကျောင်းဆောင်ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ နန်းဇာဘုန်းတော်ကြီးကျောင်းဆောင်သစ်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၁၄ သန်းဖြင့် မြတ်နောင်ဆိုင်း ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကာ အလျားပေ ၆၀ ၊ အနံ ၃၀ ပေ၊ အမြင့် ၂၄ ပေရှိကြောင်း သိရသည်။

**ကျော်စွာ(ဖန်းမောက်)**

## စွန့်လွှတ်မြေကို မူလပိုင်ရှင်ထံ ပြန်လည်လွှဲပြောင်းပေးအပ်

**မြင်းခြံ ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းမှ စက်မှုဝန်ကြီးဌာနက သိမ်းဆည်းထားပြီး ပြန်လည်စွန့်လွှတ်သည့် မြေတစ်ဧကခွဲခန့်ကို မူလပိုင်ရှင်နှစ်ဦးထံ မေ ၂၉ ရက်က ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ မြင်းခြံမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေများလွှဲပြောင်းပေးအပ်ပွဲတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့တို့က ကုက္ကဲကျေးရွာအုပ်စုရှိ မြေရှင် ဒေါ်ကြည်လှ၏ မြေဧရိယာ ၀ ဒသမ ၃၈ ဧကနှင့် ဦးမောင်ဝင်း၏ မြေဧရိယာ ၁ ဒသမ ၀၄ ဧကကို ပြန်လည်လွှဲပြောင်းပေးခဲ့သည်။ ထိုမြေများကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းက သိမ်းထားခဲ့ခြင်းဖြစ်ပြီး အသုံးပြုရန်မရှိသဖြင့် နိုင်ငံတော်သို့ပြန်လည်အပ်နှံခဲ့၍ တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# ဂုဏ်ယူမိပါသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ

**မြင့်စိုး (နတလ)**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကတော့ အောင်အောင်မြင်မြင် ပြီးဆုံးသွားခဲ့ပါပြီ။ သက်ဆိုင်ရာနေရာအသီးသီးမှာ မေလ ၂၀ ရက်နေ့လောက်ကတည်းက စတင်ရောက်ရှိ တည်းခိုနေထိုင်ကြတဲ့ အစိုးရအဖွဲ့ဝန်ထမ်းတွေ၊ နိုင်ငံရေးပါတီအသီးသီးက အဖွဲ့ဝင်တွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အသီးသီးက တပ်ဖွဲ့ဝင်တွေ၊ ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့မှ ဖိတ်ကြားခံရသူတွေဟာလည်း မိမိတို့နေရပ်ဒေသများရှိရာကို တစ်ဦးပြီးတစ်ဦး တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြန်လည်ထွက်ခွာသွားကြပါပြီ။

သူတို့ရဲ့အလာခရီးကို လှိုက်လှဲဝမ်းသာစွာ ကြိုဆိုနေရာချထားခဲ့ကြသလို အပြန်ခရီးမှာလည်း ခရီးထွက်ခွာတော့မယ့် မိသားစုတစ်စုလိုမျိုး အဆင်ပြေပြေ သွားလာနိုင်အောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြပါတယ်။ သူတို့နဲ့ တစ်ပတ်ဆယ်ရက်လောက် လက်ပွန်းတတီးနေခဲ့ကြရတဲ့ မိမိတို့ဝန်ကြီးဌာနရဲ့ ဝန်ထမ်းများအနေနဲ့ကတော့ လုပ်ငန်းသစ်၊ အတွေ့အကြုံသစ်များနဲ့အတူ မိတ်ဆွေသစ်တွေပါ တိုးပွားလာခဲ့တယ်လို့ပြောရင် မမှားနိုင်ပါဘူး။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)ကို မေ ၂၄ ရက်မှာ စတင်ကျင်းပမယ်လို့ အတည်ပြုလိုက်တာနဲ့ ဒီအစည်းအဝေးကြီးအတွက် ပထမဦးဆုံး အားထည့်ပြင်ဆင် ဆောင်ရွက်ကြသူများကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ အားကစား လေ့ကျင့်ရေးစခန်း Cluster(4)နှင့် Cluster(5)က ဝန်ထမ်းများပဲဖြစ်ပါတယ်။ ဧည့်သည်တော်များ တည်းခို နေထိုင်မယ့် Cluster(4)နှင့် Cluster(5)က တည်းခိုဆောင်တွေမှာ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်ရဲ့ကြီးကြပ်ကွပ်ကဲမှုနှင့်အတူ မေလဒုတိယပတ်လောက်ကစတင်ပြီး ပြင်ဆင်ဆောင်ရွက်ခဲ့ကြပါတယ်။

မေလရဲ့ ပူပြင်းလှတဲ့ ရာသီဥတုဒဏ်ကိုခံနိုင်ဖို့ Air-Con တွေ ကောင်းအောင်၊ ရေချိုးခန်း၊ သန့်စင်ခန်းတွေမှာ ရေပိုက်ခေါင်းတွေ ကောင်းအောင်၊ ဧည့်သည်တစ်ဦးစီအတွက် စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ အိပ်ရာခင်းတွေ သန့်သန့်ရှင်းရှင်း ခင်းကျင်းပေးနိုင်အောင် ပြင်ဆင်ဆောင်ရွက်ခဲ့ကြသလို ဆပ်ပြာ၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ တဘက်ကြီး၊ အင်္ကျီချိတ်များကိုလည်း ထားရှိပေးခဲ့ပါတယ်။ ဒါ့အပြင် တစ်ခန်းစီမှာ လူခြောက်ဦး နေထိုင်နိုင်တဲ့ အခန်းရှစ်ခန်းပါ တိုက်တစ်လုံးအတွက် အဝတ်လျှော်စက်လေးလုံး စီစဉ်ဆောင်ရွက်ပေးထားတဲ့အပြင် Can-Cooler တစ်ခုစီထဲမှာလည်း လူ ၄၈ ဦး သောက်နိုင်ဖို့ရာ အအေးဘူးတွေ၊ ရေသန့်ဘူးတွေကိုလည်း နေ့စဉ် လုံလောက်စွာ ထားရှိပေးနိုင်အောင် စီစဉ်ဆောင်ရွက်ထားခဲ့တာကို တွေ့ရှိရပါတယ်။ ညီလာခံ တက်ရောက်လာမယ့် ဧည့်သည်တော်များအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ စေတနာလို့ပဲ ပြောရမှာပါပဲ။

မိမိတို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေး လုပ်ငန်းကော်မတီ၊ ခန်းမတွင်းနေရာချထားရေး လုပ်ငန်းကော်မတီများမှာ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်ရဲ့ အနီးကပ် ကြပ်မတ်ညွှန်ကြားဆောင်ရွက်ပေးမှုများနဲ့အတူ အမြဲတမ်းအတွင်းဝန် ဦးရဲနိုင် ခေါင်းဆောင်တဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း ၁၅၀ ကျော်က Cluster(4) နှင့် Cluster(5) မှာ မေ ၂၀ ရက်ကစပြီး တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ အလားတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်ဦးဆောင်ပြီး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးနှင့် ဝန်ထမ်း ၇၀ ကျော်ကလည်း MICC-2 ရဲ့ခန်းမတွင်းနေရာချထားရေးလုပ်ငန်းများမှာ တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ ညီလာခံကြီးကိုတက်ရောက်လာတဲ့ နိုင်ငံရေးပါတီ ၉၉ ခုမှ ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ၊ သံတမန်အကြီးအကဲများ အစရှိသည်တို့ကိုတော့ သတ်မှတ်နေရာအသီးသီးမှာ ကြိုဆိုနေရာချထားပေးခဲ့ပါတယ်။

ညီလာခံကိုယ်စားလှယ်တွေ ရောက်ရှိလာတဲ့အခါမှာတော့ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနက သွားလာရေးအတွက် မော်တော်ယာဉ်တွေ စီစဉ်ပေးသလို အပြန်ခရီး အဆင်ပြေချောမွေ့အောင်လည်း လေယာဉ်လက်မှတ်၊ ကားလက်မှတ်တွေ ဝယ်ယူနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့မှု ရှိ/မရှိကိုလည်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်ကိုယ်တိုင် လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်တာတွေ ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်တဲ့ အဖွဲ့ကလည်း Cluster(4)နှင့် Cluster(5)မှာ လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေးအတွက် ထရန်စဖော်မာအသစ်တစ်လုံး လဲလှယ်တပ်ဆင်ပေးပြီး လိုက်လံစစ်ဆေးကြည့်ရှုခဲ့ကြပါတယ်။

ညီလာခံကိုယ်စားလှယ်များ စတင်ရောက်ရှိလာတဲ့ မေ ၂၂ ရက်ကနေ ပြန်လည်ထွက်ခွာကြတဲ့ မေ ၃၀ ရက်အထိ စားသောက်ရေးကိစ္စအဝဝကို တာဝန်ယူခဲ့တဲ့ ဝန်ကြီးဌာနကတော့ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနပဲဖြစ်ပါတယ်။ စားရိပ်သာကြီးနှစ်ခုမှာ နံနက်စာနှင့်ညစာကို ကျွေးမွေးခဲ့ကာ နေ့လယ်စာကိုတော့ အစည်းအဝေးကျင်းပတဲ့ MICC-2 ရဲ့ခန်းမအသီးသီးမှာ စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ လိုလေသေးမရှိ အဆင်ပြေပြေ ကျွေးမွေးနိုင်ခဲ့သလို Cluster(4)နှင့် Cluster(5)မှာရှိတဲ့ တိုင်းရင်းသားများကလည်း စားသောက်ခဲ့ရတဲ့ ဟင်းလျာများအပေါ် ဘယ်နေ့မှာကျွေးတဲ့ ဘယ်ဟင်းကတော့ ကောင်းတယ်၊ အရသာရှိတယ်စသည်ဖြင့် ပွင့်ပွင့်လင်းလင်း ပြန်လည်ပြောဆိုခဲ့ကြတာတွေကို ကြားသိခဲ့ရပါတယ်။

နေ့ပူကျဲကျဲမှာ မိမိတို့ရဲ့ပေးအပ်ထားသောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားကြသော ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရာရှိ၊ အရာခံ၊ အကြပ်ရဲမေများအားလုံးကိုလည်း လေးစားခဲ့ရပါတယ်။ ညီလာခံ ကိုယ်စားလှယ်တော်ကြီးများရဲ့လုံခြုံရေးအတွက် ကြိုတင်ရောက်ရှိ ရှင်းလင်း နေရာယူစောင့်ကြပ်ခဲ့ကြပြီး ကားအဝင်အထွက် လူအဝင်အထွက်အားလုံး စနစ်တကျ စစ်ဆေးပေးနေတာကို တွေ့မြင်ခဲ့ရပါတယ်။ သတ်မှတ်နေရာများအတွက် လုံခြုံရေး၊ Cluster(4)နှင့်Cluster(5) လုံခြုံရေး၊ အစည်းအဝေးကျင်းပရာ MICC-2 ခန်းမကြီး အတွင်းအပြင်လုံခြုံရေး စတဲ့တာဝန်များအပြင် ယာဉ်တန်းများလုံခြုံရေးအတွက်ပါ လိုက်ပါဆောင်ရွက်ပေးခဲ့ကြပါတယ်။

မိမိတို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဟာ လွန်ခဲ့သော နှစ်ပေါင်း ၂၈ နှစ်လောက်ကတည်းက စတင်ပြီး တိုင်းရင်းသားလူမျိုးပေါင်းများစွာနဲ့ ရင်းနှီးထိတွေ့ဆက်ဆံလာခဲ့ကြတဲ့၊ တိုင်းရင်းသားများနေထိုင်ရာ နယ်စပ်ဒေသများဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးခဲ့တဲ့ ဌာနဖြစ်သလို ဝန်ထမ်းများအနေနဲ့လည်း တိုင်းရင်းသားတွေနဲ့ မစိမ်းခဲ့ပါဘူး။ အဲဒီလို မစိမ်းခြင်းကဘဲ ယခုလို အရေးကြီးတာဝန်ထမ်းဆောင်ဖို့ အခါအခွင့်သင့်လာချိန်မှာ အဆင်သင့်ဖြစ်နေခဲ့ပါတယ်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေရဲ့ လမ်းညွှန်မှာကြားချက်နှင့်အညီ တိုင်းရင်းသားဘာသာစကား အသီးသီးကို နားလည်တတ်ကျွမ်းတဲ့ ဝန်ထမ်း ၃၀ ကျော်ကို စုစည်း ထားရှိပေးနိုင်ခြင်းကလည်း အကျိုးကျေးဇူးရှိခဲ့ပါတယ်။ ဥပမာပြောရရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တည်းခိုနေထိုင်ရာ Cluster(4)မှာ RCSS ကအဖွဲ့တွေ၊ CNF ကအဖွဲ့တွေ၊ PNLO၊ ABSDF၊ KNU၊ KNU/KNLA-PC၊ DKBA၊ ALP က အဖွဲ့တွေနဲ့ ပြောဆိုဆက်ဆံရာမှာ တိုင်းရင်းသားဘာသာစကား ပေါက်ရောက်ခြင်းကလည်း ရင်းနှီးမှုကို လျင်မြန်စေခဲ့သလို ယုံကြည်မှုကိုလည်း တိုးပွားစေခဲ့ပါတယ်။

သတ်မှတ်နေရာများမှာ တည်းခိုနေထိုင်ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အသီးသီးမှ ခေါင်းဆောင်များ၊ ပါတီအသီးသီးမှ ခေါင်းဆောင်များနှင့် ထိတွေ့ဆက်ဆံရာမှာလည်း တိုင်းရင်းသားဘာသာစကား တတ်ကျွမ်းမှုကများစွာ အထောက်အကူပြုခဲ့ပါတယ်။ 'ဝ' တိုင်းရင်းသားခေါင်းဆောင်များနဲ့ ပြောဆိုဆက်ဆံနိုင်ဖို့အတွက် 'ဝ' ဘာသာစကားတတ်ကျွမ်းသော မိမိတို့ နတလဝန်ထမ်း ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဦးကို ပန်ဆန်းရုံးကနေ တကူးတကခေါ်ယူပြီး တာဝန်ပေးခဲ့ခြင်းဖြစ်ပါတယ်။

သတ်မှတ်နေရာများအတွက် ညွှန်ကြားရေးမှူးဦးစန်းဝေ ခေါင်းဆောင်တဲ့ ဝန်ထမ်းများ၊ Cluster(4)မှာ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် ဦးကျော်မင်း ခေါင်းဆောင်တဲ့ ဝန်ထမ်းများ၊ Cluster(5)မှာ ညွှန်ကြားရေးမှူး ဦးဦးစောဝင်းနှင့် အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်လတ် ခေါင်းဆောင်တဲ့ ဝန်ထမ်းများကို အနီးကပ် ညအိပ်တာဝန်ချထားပြီး ဆောင်ရွက်စေခဲ့ပါတယ်။ မေ ၂၀ ရက်ကစပြီး နေ့စဉ် ရောက်ရှိစာရင်း ဇယားများ ကောက်ယူခြင်း၊ မှတ်ပုံတင်ခြင်း၊ အဆောင်အလိုက် အစုအဖွဲ့အလိုက် နေရာချထားပေးခြင်း၊ စားသောက်ရေးကိစ္စများ ညှိနှိုင်းပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခြင်းစတဲ့ တာဝန်များကို ထမ်းဆောင်ခဲ့ကြပါတယ်။

ကျန်းမာရေးအတွက်တော့ Cluster(4)မှာ တိုင်းရင်းဆေးခန်းတစ်ခန်း ဖွင့်လှစ်ထားရှိပေးထားပြီး တိုင်းရင်းဆေးမှူး ဦးစံလင်းနဲ့ ဒုတိယတိုင်းရင်းဆေးမှူး ဦးအောင်သူတို့ကလည်းကောင်း၊ Cluster(5)မှာတော့ ဆေးပေးခန်းတစ်ခန်း ဖွင့်လှစ်ထားကာ တာဝန်ခံဆရာဝန် ဒေါက်တာအောင်ခန့်၊ သူနာပြု(၃)များဖြစ်ကြသော ဒေါ်နန်းခင်ပြုံးမြင့်၊ ဒေါ်နော်မူးဒိုစေး၊ ကြက်ခြေနီသူနာပြု ဦးမျိုးမင်းစိုးနှင့် ဦးအောင်ကျော်ကျော်၊ ယာဉ်မောင်း ဦးသက်ထွေးမောင်တို့က အချိန်ပြည့် တာဝန်ထမ်းဆောင်ပေးခဲ့ကြပါတယ်။

သမ္မတရုံးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် UPDJC တို့ကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးရဲ့အဓိကလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့ကလည်း မိမိတို့ထမ်းဆောင်ရမယ့် လုပ်ငန်းတာဝန်များအလိုက် ကျေပွန်စွာ ဆောင်ရွက်သွားကြတာကို တွေ့မြင်ခဲ့ရပါတယ်။ ယခုကျင်းပခဲ့တဲ့ ညီလာခံကြီးမှာ အစိုးရအဖွဲ့ရဲ့ ညီလာခံကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ပါဝင်ဆွေးနွေးခွင့်ရသလို မိမိတို့ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်တဲ့ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီမှာလည်း ပါဝင်ထမ်းရွက်ခွင့်ရခဲ့ပါ တယ်။

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကြီးမှ အတည်ပြုထားသော သဘောတူညီချက် ၃၇ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါပြီ။ နောင်ဆက်လက်ကျင်းပမည့် ညီလာခံ အစည်းအဝေးကြီးများမှာလည်း အောင်မြင်မှုများ ဆက်လက်ရယူနိုင်မယ်ဟု အလေးအနက် ယုံကြည်မိပါတယ်။ ဂုဏ်ယူမိပါသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ...။ ။

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေရဲ့ လမ်းညွှန်မှာကြားချက်နှင့်အညီ တိုင်းရင်းသား ဘာသာစကားအသီးသီးကို နားလည်တတ်ကျွမ်းတဲ့ ဝန်ထမ်း ၃၀ ကျော်ကို စုစည်းထားရှိပေးနိုင်ခြင်းကလည်း အကျိုးကျေးဇူးရှိခဲ့ပါတယ်။ ဥပမာပြောရရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တည်းခိုနေထိုင်ရာ Cluster(4)မှာ RCSS ကအဖွဲ့တွေ၊ CNF ကအဖွဲ့တွေ၊ PNLO၊ ABSDF၊ KNU၊ KNU/ KNLA-PC၊ DKBA၊ ALP က အဖွဲ့တွေနဲ့ ပြောဆိုဆက်ဆံရာမှာ တိုင်းရင်းသားဘာသာစကား ပေါက်ရောက်ခြင်းကလည်း ရင်းနှီးမှုကို လျင်မြန်စေခဲ့သလို ယုံကြည်မှုကိုလည်း တိုးပွားစေခဲ့ပါတယ်**



## ရေဝတီမြစ် အရှေ့ဘက်ကမ်းတာ ပြုပြင်မှုများဆောင်ရွက်

**ပြည် ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ်အကြားရှိ ရေဝတီအရှေ့ဘက်ကမ်း တာပြုပြင်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ရေဝတီမြစ် အရှေ့ဘက်ကမ်းတာသည် အလျား ၂၈ မိုင်နီးပါး ရှည်လျားပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် မိုးရာသီကာလတွင် မြစ်ရေ စံချိန်တင်မြင့်တက်မှုကြောင့် တာပေါင်ပေါ်ရေကျော်ခြင်း၊ တာအိ တာလျှောဖြစ်ခြင်းနှင့် ထူးပေါက်များဖြစ်ပေါ်ခဲ့ရသည့်အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့်အတူ တပ်မတော် တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဟန်းသံဃာတော်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ တာကျိုးပေါက်မှုမရှိအောင် ဆောင်ရွက်ခဲ့ကြရသည်။

ထို့ကြောင့် အဆိုပါတာကို ရေရှည်ကြံ့ခိုင်မှု ပိုမိုကောင်းမွန်တောင့်တင်းစေရန်အတွက် တာအလျား ၂၇ မိုင် ၆ ဖာလုံ ရှိသည့်အနက် တာမိုင်(၀/၀)မှ(၃/၀)ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့်လည်းကောင်း၊ တာမိုင် (၃/၀) မှ (၈/၄) အထိနှင့် (၁၉/၄) မှ (၂၂/၆) အထိကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း တာပုံစံကျ ပြုပြင်ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ယခု တာမိုင် (၈/၄) မှ (၁၉/၄) အထိအပိုင်းတွင် တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် တာပုံစံကျ ပြုပြင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကျန်ရှိသော တာမိုင်(၂၂/၆) မှ (၂၇/၆) အပိုင်းတွင်လည်း ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် တိုင်းဒေသကြီးအစိုးရရန်ပုံငွေ ဆက်လက်တောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ သိရသည်။

အဆိုပါ ရေဝတီမြစ် အရှေ့ဘက်ကမ်းတာသည် ၁၉၅၉ ခုနှစ်က တည်ဆောက်ခဲ့သော ရေဝတီမြစ် ရေဘေးကာကွယ်ရေးတာတစ်ခုဖြစ်ပြီး မိုးညိုမြို့နယ်အတွင်း တာအလျား ၄ မိုင်ကျော်နှင့် လက်ပံတန်းမြို့နယ်အတွင်း တာအလျား ၂၃ မိုင်ကျော် ပါဝင်ကာ စုစုပေါင်း ၂၇ မိုင်ကျော်ရှည်လျားသည်။ ရေဘေးကာကွယ်နိုင်သည့် ဧကအနေဖြင့် မိုးညိုမြို့နယ်နှင့် လက်ပံတန်းမြို့နယ် နှစ်ခုပေါင်းတွင် စုစုပေါင်း စိုက်ပျိုးမြေ ဧကငါးသောင်းကျော်ကို ရေကြီးနစ်မြုပ်မှုဘေးမှ ကာကွယ်နိုင်သည့်အပြင် ဒေသခံ ပြည်သူများ၊ အဆောက်အအုံများ၊ တိရစ္ဆာန်များ ရေဘေးအန္တရာယ်ကျရောက်ခြင်းမှလည်း ကာကွယ်ပေးလျက်ရှိသည်။

**သူရအောင်(ပြည်)**

New Product

## ပြည်တွင်းဈေးကွက်မှာ လူကြိုက်များလာနိုင်တဲ့ Xiaomi ရဲ့ စမတ်ဖုန်းသစ် Mi Max2



Xiaomi ရဲ့ နောက်ဆုံးထွက် စမတ်ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်တဲ့ Mi Max2 ကို တရုတ်နိုင်ငံဈေးကွက်မှာ မေလကုန်ပိုင်းက စတင်မိတ်ဆက်ခဲ့ပြီး လက်ရှိအချိန်တွင် ပြည်တွင်း ဈေးကွက်မှာ မရှိသေးပေမယ့် မကြာခင် ဝင်ရောက်လာနိုင်ပြီး ဈေးနှုန်းက အလယ် အလတ်တန်းဖြစ်လို့ လူကြိုက်များတဲ့ဖုန်း ဖြစ်လာဖွယ်ရှိပါတယ်။

Mi Max2 ဟာ မျက်နှာပြင်အကျယ်က ၆ ဒသမ ၄၄ လက်မအထိရှိလို့ အရွယ်အစား တော်တော်ကြီးမားတဲ့ဖုန်းဖြစ်ပါတယ်။ Resolution က 1080x1920 pixels ရှိလို့ ရုပ်ထွက်ပိုင်း ကောင်းမွန်ပါတယ်။ စက်လည်ပတ်စနစ်အနေနဲ့ နောက်ဆုံးထွက် အန်းဒရွိုက်ဗားရှင်း 7.1.1(Nougat)ကို အသုံးပြုထားပြီး UI က MiUI ဖြစ်ပါတယ်။ CPU ပိုင်းမှာ Octa-core CPU ကို သုံးထားပြီး Ram က 4GB ပါဝင်လို့ စွမ်းဆောင်ရည်ပိုင်းမှာ ထိပ်ဆုံးမဟုတ်ပေမယ့် စွမ်းဆောင်ရည်မြင့်တဲ့အထဲ ပါဝင်ပါတယ်။ အင်တာနယ်မင်မိုရီက 64GB နဲ့ 128GB နှစ်မျိုးထွက်ထားပြီး SD ကတ်ကိုထပ်စိုက်သုံးရင် 256GB အထိ ထပ်တိုးပြီး သုံးနိုင်ပါတယ်။ ဆင်းကတ်နှစ်ကတ် ထည့်သုံးနိုင်ပေမယ့် SD ကတ်သုံးချင်ရင် ဆင်းကတ်ပေါက်မှာ ထည့်သုံးရမှာဖြစ်လို့ ဆင်းကတ်တစ်ကတ်ပဲ သုံးနိုင်မှာကတော့ အားနည်းချက်တစ်ခုဖြစ်ပါတယ်။

ကင်မရာပိုင်းမှာတော့ ၁၂ မဂ္ဂါပစ်ဇယ် နောက်ကင်မရာနဲ့ ၅မဂ္ဂါပစ်ဇယ် ရှေ့ကင်မရာ ပါဝင်ပါတယ်။ လက်ဗွေစနစ်နဲ့ ဖွင့်ပိတ်နိုင်တဲ့ Fingerprint စနစ်လည်း ပါဝင်ပြီး ဘက်ထရီပိုင်းမှာလည်း Li-Ion 5300 mAh ရှိတဲ့ ဘက်ထရီကိုသုံးထားလို့ စွမ်းရည် ပြည့်ဝပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ ရွှေရောင်တစ်မျိုးတည်း မိတ်ဆက်ထားပြီး ဈေးနှုန်းကိုတော့ ပြည်တွင်းကိုဝင်လာမှသာ သိရမှာဖြစ်ပြီး လက်ရှိ တရုတ်နိုင်ငံမှာ မိတ်ဆက်ထားတဲ့ဈေးနှုန်းကတော့ ယူရို ၂၈၀ ဖြစ်ပါတယ်။

**သူရဖြိုး**

## အူရီဒူးက အသစ်ထပ်မံရရှိသည့် 1800 MHz လှိုင်းနှုန်းစဉ်ဖြင့် 4G အင်တာနက် အဆင့်မြှင့်ပြီး ကွန်ရက်ချဲ့ထွင်လျက်ရှိ

**ရန်ကုန် ဇွန် ၂**

မြန်မာနိုင်ငံတွင် ပထမဆုံး 4G အင်တာနက်ကွန်ရက်ကို စတင်ဝန်ဆောင်မှုပေးအပ်ခဲ့သည့် အူရီဒူးမြန်မာ၏ လှိုင်းနှုန်းစဉ်သစ် လျှောက်ထားမှုကို မေလအစောပိုင်းက ခွင့်ပြုချက်ရရှိခဲ့သဖြင့် ယခုအခါ အဆိုပါ 1800 MHz လှိုင်းနှုန်းစဉ်သစ်ဖြင့် မြို့အများစုတွင် ဝန်ဆောင်မှုစတင်ပေးအပ်နိုင်ရန်အတွက် ကွန်ရက်အဆင့်မြှင့် ချဲ့ထွင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အူရီဒူးမြန်မာအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းမှ လှိုင်းနှုန်းစဉ်သစ်များ ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် အဆိုပါ ထပ်တိုး လှိုင်းနှုန်းစဉ် ရရှိရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၈၀ ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ ယခုထပ်တိုးရရှိသည့် 1800 MHz လှိုင်းနှုန်းစဉ်သည် 4G အင်တာနက်ကို အသုံးပြုသူများအတွက် ပိုမိုကောင်းမွန်သည့် အတွေ့အကြုံကို ပေးအပ်နိုင်မည် ဖြစ်ကြောင်း၊ ယခင်နည်းပညာထက် နှစ်ဆ ပိုမိုမြန်ဆန်ပြီး အထူးသာလွန် ကောင်းမွန်သည့် 4G အင်တာနက်ကို ပေးအပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးကွန်ရက် တပ်ဆင်ချိတ်ဆက်ပေးသည့် နည်းပညာရှင်များအနေဖြင့် မြန်ဆန်သော အင်တာနက်ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ဆိုက်များ အဆင့်မြှင့်တင်ခြင်းများကို လွန်ခဲ့သော ရက်သတ္တပတ်များမှပင် စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ 4G ကွန်ရက်ရှိပြီးသား ဆိုက်များကို အဆင့်မြှင့်တင်နေသည်နှင့် တစ်ပြိုင်တည်းမှာပင် မြို့နယ်အများအပြားတွင် 4G ကွန်ရက်ကို ထပ်မံတိုးချဲ့၍ ပေးအပ်နိုင် ရန်အတွက်လည်း လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အူရီဒူးမြန်မာ၏ မားကတ်တင်းအရာရှိချုပ် Ms. Charity Safford က "သုံးစွဲသူတွေအတွက် 3G နည်းပညာက ပေးအပ်နိုင်တာထက်ပိုတဲ့ ပိုမိုသာလွန်ကောင်းမွန်တဲ့ အင်တာနက်လိုအပ်ချက်တွေ အမြောက်အမြား ရှိနေပါတယ်။ ဥပမာအားဖြင့် ဖုန်းနဲ့ တိုက်ရိုက် တီဗွီကြည့်တာလိုမျိုး ကောင်းမွန်တဲ့ အတွေ့အကြုံတွေကို လိုအပ်နေပါတယ်။ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကတည်းက အူရီဒူးအနေနဲ့ ကွန်ရက်အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ကျွန်မတို့အနေနဲ့ သုံးစွဲသူတွေ အဆင်မပြေတာမျိုး ထပ်ရှိမလာနိုင်တော့ဘူးလို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

အူရီဒူးမြန်မာအနေဖြင့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော 4G ကွန်ရက်ကို 2100 MHz လှိုင်းနှုန်းစဉ်ဖြင့် စတင်ပေးအပ်ခဲ့ပြီး မြန်မာ့ဆက်သွယ်ရေးအခန်းကဏ္ဍအတွက် အောင်မြင်တိုးတက်မှုတစ်ခုဖြစ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော 4G ကွန်ရက်များကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် စတင်မိတ်ဆက်နိုင်ခဲ့ပြီး တစ်ဆက်တည်းတွင် ပုဂံနှင့် မကွေးတို့သို့ ဆက်လက်တိုးချဲ့ပေးခဲ့ရာ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနှံ့အပြားရှိ မြို့နယ် ၅၂ ခုမှ လူဦးရေ ငါးသန်းခန့်အား အူရီဒူး၏ 4G LTE ကွန်ရက်က လွှမ်းခြုံထားပြီးဖြစ်ကြောင်း သိရသည်။

အူရီဒူးအနေဖြင့် ၎င်း၏ 3G နှင့် 4G အင်တာနက်ကွန်ရက်များကို အသုံးပြုလျက်ရှိသည့် သုံးစွဲသူများအား အင်တာနက်အသုံးပြုမှု ပိုမိုအဆင်ပြေစေရန်အတွက် အင်တာနက်မြန်နှုန်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နေသလို ဈေးနှုန်းအနေဖြင့်လည်း ထိုက်တန်စွာ အသုံးပြုနိုင်ရန် ပေါင်းကူးအင်တာနက် အစီအစဉ်ရှစ်မျိုးကို မိတ်ဆက်ထားပြီးဖြစ်သည်။

**သူရဖြိုး**

## တယ်လီနော၏ ဒစ်ဂျစ်တယ်နည်းပညာတတ်ကျွမ်းမှု နွေရာသီသင်တန်းဆင်း

**ရန်ကုန် ဇွန် ၂**

တယ်လီနောမြန်မာက မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် လှိုင်ကော်မြို့၌ ဖွင့်လှစ်ခဲ့သည့် ဒစ်ဂျစ်တယ်နည်းပညာတတ်ကျွမ်းမှု နွေရာသီသင်တန်းဆင်းပွဲကို ကယားပြည်နယ်ရှိ အလယ်တန်း / အထက်တန်း ကျောင်းသူ ကျောင်းသားများနှင့်အတူ မေ ၂၉ ရက်က လှိုင်ကော်မြို့၌ ကျင်းပခဲ့သည်။

သင်တန်းတွင် ကယားပြည်နယ်ရှိ အလယ်တန်းနှင့် အထက်တန်းကျောင်း ၁၀ ကျောင်းမှ ကျောင်းသားကျောင်းသူ ၁၂၀ သင်တန်းပြီးမြောက်ခဲ့ပြီး မေ ၂ ရက်မှစ၍ ရွေ့ပြောင်းဖွင့်လှစ်ခဲ့သည့် အဆိုပါ နွေရာသီသင်တန်းသည် ဝေးလံသည့် တိုင်းရင်းသားဒေသများနှင့် ကျေးလက်တို့မှ လူငယ်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာကို သိနားလည်မှု တိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန် တယ်လီနောက ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ သင်တန်းဆင်းပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးတို့က အမှာစကားပြောကြားပြီး သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

**သူရဖြိုး**

## ဖန်တီးရာ Startup ပြိုင်ပွဲတွင် အသင်း ၁၁ သင်းက ဆုကြေး ဒေါ်လာ ၃၇၅၀၀ ရရှိခဲ့

**ရန်ကုန် ဇွန် ၂**

ပြည်တွင်းမှ နည်းပညာဆိုင်ရာ လုပ်ငန်းသစ်များအတွက် Startup challenge 2017 ပြိုင်ပွဲကို ရန်ကုန်မြို့လယ်ရှိ ဖန်တီးရာ(Phandeeyar: Myanmar Innovation Lab) တွင် မေ ၂၈ ရက်အထိ ကိုးရက်ကြာ ကျင်းပခဲ့ပြီးနောက် ပြိုင်ပွဲတွင် အနိုင်ရရှိသော အသင်း ၁၁ သင်းသည် ဆုကြေးငွေ ဒေါ်လာ ၃၇၅၀၀ ကျော်နှင့်အတူ Pre-Accelerator အစီအစဉ်တွင် ပါဝင်ခွင့်ကိုလည်း ရရှိသွားခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းပေါင်း ၂၈ သင်းက မိမိတို့၏ လုပ်ဆောင်မှုများကို ဒိုင်လူကြီး ၁၅ ဦးရှေ့တွင် တင်ဆက်ပြသခဲ့ပြီး အနိုင်ရရှိသော အသင်း ၁၁ သင်းသည် ဆုကြေးငွေအပြင် ၎င်းတို့၏ နည်းပညာလုပ်ငန်းများကို ဆက်လက်တိုးချဲ့လုပ်ကိုင်နိုင်ရန် ဖန်တီးရာ Accelerator ၏ Pre-Accelerator အစီအစဉ်တွင် သုံးလကြာ ပါဝင်ခွင့်ကိုလည်း ရရှိခဲ့သည်။

ဖန်တီးရာ၏ CEO လည်းဖြစ် တည်ထောင်သူလည်းဖြစ်သည့် Mr David Madden က ပြိုင်ပွဲနှင့်ပတ်သက်၍ "မြန်မာနိုင်ငံ နည်းပညာအသိုင်းအဝန်းရဲ့ မယုံနိုင်လောက်စရာ အရည်အသွေးတွေ၊ ပြိုင်ပွဲက အသင်းတွေရဲ့ ကောင်းမွန်တဲ့အိုင်ဒီယာ အသစ်တွေကို တွေ့မြင်ခဲ့ရပါတယ်။ နောက်ပြီးတော့ ကိုးရက်တာအတွင်း ယှဉ်ပြိုင်ခဲ့တာတွေက သူတို့အတွက် အလားအလာကောင်းတွေ ဖြစ်စေမှာပါ။ အနိုင်ရရှိတဲ့အသင်းတွေရဲ့ လုပ်ငန်းတွေ တိုးတက်အောင်မြင်သွားအောင် သူတို့နဲ့ အနီးကပ် လုပ်ဆောင်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော အသင်း ၂၈ သင်းသည် ဘဏ္ဍာရေးဆိုင်ရာနည်းပညာ(Fintech)၊ စိုက်ပျိုးရေး နည်းပညာ(AgTech)၊ အင်တာနက်ချိတ်ဆက်ပစ္စည်းများ (IoT) နှင့် လူတိုင်းအတွက်နည်းပညာ(Tech for All)ဟု ကဏ္ဍကြီးလေးခုတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

အနိုင်ရရှိသော အသင်းများမှာ ဘဏ္ဍာရေးဆိုင်ရာ နည်းပညာကဏ္ဍတွင် Online မှ ငွေချေးသောလုပ်ငန်းဖြစ်သည့် InstaCash က ပထမ၊ ကျန်းမာရေးအတွက် ငွေကြေးထောက်ပံ့ရန်လိုအပ်သူများကို ကူညီပေးမည့် Crowd-Funding platform ဖြစ်သော FundTree က ဒုတိယရရှိသည်။

စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပြိုင်ပွဲတွင် စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို ငှားရမ်းရောင်းချနိုင်မည့် အွန်လိုင်းဈေးကွက်ဖြစ်သည့် တောင်သူကြီး(TaungThuGyi)က ပထမနှင့် စိုက်ပျိုးထုတ်လုပ်သူများ၊ ပွဲစားများနှင့် ဝယ်ယူလိုသူများကို ချိတ်ဆက်ပေးမည့် AgTrade က ဒုတိယရရှိသည်။

အင်တာနက်ချိတ်ဆက်ပစ္စည်းများ ပြိုင်ပွဲတွင် လူနေအိမ်များ၊ ဂိုဒေါင်များ၊ ဆေးရုံဆေးခန်းများနှင့် မွေးမြူရေးလုပ်ငန်းများ၏ လုံခြုံရေးကို တစ်ထိုင်တည်း စောင့်ကြပ်ကြည့်ရှုထိန်းသိမ်းနိုင်မည့်စနစ်ဖြစ်သည့် WeSafe က ပထမရရှိပြီး မိမိတို့ကား၏ လုံခြုံရေးနှင့် တခြားသော ထိန်းချုပ်မှုများကို လက်အမူအရာဖြင့် စေခိုင်းနိုင်မည့် စနစ် Pyrobocity က ဒုတိယရရှိခဲ့သည်။




လူတိုင်းအတွက်နည်းပညာ ကဏ္ဍတွင် စားသောက်ဆိုင်များနှင့်ချိတ်ဆက်ပြီး စွန့်ပစ်ပစ္စည်းများကို စိမ်းလန်းစိုပြည်ရေးတွင် ပြန်လည်အသုံးပြု အသုံးချသော (recycling) လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများ၏ စွန့်ပစ်ပစ္စည်းများကို နည်းလမ်းသစ်များဖြင့် recycle ပြုလုပ်နိုင်မည့်စနစ်ဖြစ်သည့် Recy Glo Myanmar က ပထမနှင့် ကျူရှင်သင်ကြားပေးမည့်သူများနှင့် မိဘများကို ချိတ်ဆက်ပေးမည့်စနစ်ဖြစ်သည့် Hydra က ဒုတိယ ရရှိခဲ့သည်။

ထို့အပြင် ဆုမရသော်လည်း အလားအလာကောင်းများရှိနေသည့် အဖွဲ့သုံးဖွဲ့ကိုလည်း ဒိုင်လူကြီးများက runner up ဆု ထပ်မံပေးအပ်ခဲ့သည်။ လူတစ်ဦးချင်းစီအတွက် လည်းကောင်း၊ လက်လီအရောင်းဆိုင်များအတွက် လည်းကောင်း၊ Online shop များအတွက်လည်းကောင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကွန်ရက်အသုံးပြု၍ ပစ္စည်းများ သယ်ယူပို့ဆောင်ပေးမည့် လုပ်ငန်းဖြစ်သည့် Amazing Gig economy က ဆုတစ်ဆုရရှိပြီး မြန်မာပြည်တွင်းမှ လည်းကောင်း၊ ပြည်ပမှလည်းကောင်း လိုင်စင်ရဓာတ်ပုံများကို လွယ်ကူစွာအသုံးပြုနိုင်ရန် ဓာတ်ပုံများကို စုစည်းပေးထားမည့် Flair Eyes: Online stock photo agency က ဆုတစ်ဆုရရှိခဲ့သည်။ ပြည်တွင်းကုန်ပစ္စည်း သယ်ယူပို့ဆောင်မှုများ အဆင်ပြေချောမွေ့စေရန် နည်းပညာသုံးပြီး မော်တော်ယာဉ်များ၊ ပစ္စည်းပို့သူများနှင့် ကုန်တင်အေဂျင်စီများကို ချိတ်ဆက်ပေးကာ ကုန်ပစ္စည်းများကို လွယ်ကူလျင်မြန် ဈေးနှုန်းသက်သာစွာ ပို့ဆောင်နိုင်မည့် Yay ကလည်း ဆုတစ်ဆု ရရှိခဲ့သည်။

ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည့် အသင်းများသည် ဆုကြေးငွေ ဒေါ်လာ ၅၀၀၀ နှင့် ဒုတိယနှင့် runner up ရရှိသည့် အသင်းများက ဒေါ်လာ ၂၅၀၀ စီရရှိပြီး ၁၁ သင်းလုံးသည် ဖန်တီးရာ၏ Pre-Accelerator အစီအစဉ်တွင်လည်း ပါဝင်ခွင့်ရကာ ထိုအစီအစဉ်တွင် လုပ်ငန်းအောင်မြင်တိုးတက်ရေးအတွက် ထိရောက်သည့်နည်းပြမှုများကို ရရှိမည်ဖြစ်သလို ရုံးခန်းနှင့် အင်တာနက် အခမဲ့အသုံးပြုခွင့်များကိုလည်း ရရှိမည်ဖြစ်သည်။

Startup challenge 2017 ကို ဖန်တီးရာက မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော USAID၊ Uber၊ Wave Money၊ Telenor Digital၊ Proximity Designs တို့နှင့်အတူ ကျင်းပခဲ့ခြင်းဖြစ်သည်။ Phandeeyar: Myanmar Innovation Lab သည် နည်းပညာကိုသုံးပြီး မြန်မာနိုင်ငံတွင် တိုးတက်ပြောင်းလဲမှုများကို အရှိန်မြှင့်နိုင်ရန် လုပ်ဆောင်လျက်ရှိကာ ပြည်တွင်းမှ စတင်လုပ်ကိုင်သည့် နည်းပညာကုမ္ပဏီများတွင် ဖန်တီးရာက ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပြီး စွန့်ဦးတီထွင်သူများ ဖြစ်လာရန်လည်း သင်ကြားပေးကာ နည်းပညာအရည်အသွေးများ တိုးတက်လာအောင် ဖန်တီးရာက လုပ်ဆောင်လျက်ရှိသည်။

ဖန်တီးရာအနေဖြင့် ၂၀၁၄ ခုနှစ်မှစ၍ Hackathon ပြိုင်ပွဲများကို ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဖန်တီးရာ Startup ပြိုင်ပွဲနှင့်အတူ Hackathon သုံးခုအပါအဝင် ပွဲပေါင်း ၁၀၀ ကျော်ကို ကျင်းပခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးဖြစ်သည့် Tech Startup Accelerator၊ Founder Institute၊ စွန့်ဦးတီထွင်အစီအစဉ်(Entrepreneurship Program)စသည့် အစီအစဉ်များ၊ ပြိုင်ပွဲများကို ပြုလုပ်ခဲ့သည်။ ဖန်တီးရာ အရှိန်အဟုန်မြှင့်တင်မှုအစီအစဉ်(Phandeeyar Tech Startup Accelerator)သည် ပြည်တွင်း နည်းပညာပိုင်းဆိုင်ရာ စီးပွားရေးလုပ်ငန်းသစ်များကို အလားအလာကောင်းများရှိလာစေရန် ၂၀၁၆ ခုနှစ်တွင် ဖန်တီးရာက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး အလားအလာကောင်းသည့် startup လုပ်ငန်းငယ်များအား ငွေကြေးထောက်ပံ့မှု အမေရိကန်ဒေါ်လာ ၂၅၀၀၀ နှင့်အတူ ပြည်တွင်းပြည်ပ နည်းပညာမိတ်ဖက် ၄၀ ထံမှ အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ တန်ဖိုးရှိသည့် ဝန်ဆောင်မှုများ ပေးအပ်ကာ startup နှင့်ပတ်သက်သည့် သင်တန်းများလည်း သင်ကြားပို့ချပေးလျက်ရှိသည်။

**သူရဖြိုး**



# အချစ်ကို ခဏတိုင်းမပြောင်းလဲချင်ပါဘူးဆိုတဲ့ တေးသံရှင် ဂျင်းနီ

**ကိုလင်း**

အချစ်ရေးနဲ့ ပတ်သက်ရင် ကံနည်းတယ်ဆိုတဲ့ အဆိုတော် ကောင်မလေးတစ်ယောက် အချစ်ကို ဦးစားပေးခဲ့ပေမယ့် အချစ်က မျက်နှာသာမပေးခဲ့တာကြောင့် အကြိမ်ကြိမ် အမှားတွေနဲ့သာ ရင်ဆိုင်ခဲ့ရဖူးတယ်လို့ အဆိုတော် ဂျင်းနီက သူ့အချစ်ရေးနဲ့ ပတ်သက်ပြီး ဖွင့်ဟပြောပြပါတယ်။

"ချစ်ရတာပင်ပန်းပါတယ်။ အားလုံးက မေးကြတယ်။ ချစ်ရတာ မပင်ပန်းဘူးလားတဲ့။ ချစ်ရတာ ပင်ပန်းသလို အချစ်ခံရတာလည်း ပင်ပန်းတယ်လို့ ပြောပြချင်လိုက်တာ။ အချစ်ဆိုတာ ပိုင်ဆိုင်မှုထက် တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုနဲ့ လက်တွဲသင့်တယ်။ သူ့ကိုလည်း ကိုယ်က ပိုင်ဆိုင်ချုပ်ချယ်ထားစရာမလိုသလို ကိုယ့်ကိုလည်း ပိုင်ဆိုင်ချုပ်ချယ်ထားဖို့ မလိုအပ်ပါဘူး။ ဂျင်းနီကတော့ အချစ်ဆိုတာ ကိုယ်ကပေးသလောက် ပြန်ရရင် ကျေနပ်တယ်။ ကိုယ်လည်းအသက်အရွယ်နဲ့ ကြည့်မယ်ဆိုရင် ကိုယ့်ရဲ့ဘဝလက်တွဲဖော်ကို ရရှိပြီး လက်တွဲချင်ပါတယ်။ ကိုယ့်မိဘ၊ သူ့မိဘတွေကို အပြန်အလှန်ချစ်မယ်။ ကိုယ့်အလုပ်နဲ့လည်း တစ်သားတည်းဖြစ်မယ်။ အပြန်အလှန် နားလည်ဖေးမကြမယ်ဆိုတာမျိုး လိုချင်ပါတယ်။ အချစ်နဲ့ ပတ်သက်ပြီး ကံကောင်းတဲ့ထဲမှာ ပါသလား၊ မပါဘူးလားတော့ မသိဘူး။ ဆက်လျှောက်နေတုန်းပဲ" ဟု ဂျင်းနီက ပြောသည်။

ဂျင်းနီသည် လတ်တလောတွင် Happy Birthday အမည်ရှိ မီနီအယ်လ်ဘမ်တစ်ခု ထွက်ရှိထားပြီး တေးသီချင်း စာသားများကို ကိုယ်တိုင်စိတ်ကြိုက်ရွေးချယ်ကာ အချစ်နှင့်ပတ်သက်သည့် ခံစားချက်များ ထည့်သွင်းသီဆိုထားကြောင်း သိရသည်။

# ဒီမိုကရေစီ ရက်သတ္တပတ်ရုပ်ရှင်ပြပွဲတွင် ပြသမည့် 'ဒီမိုရပ်ကွက်' ဇာတ်ကားအတွက် သရုပ်ဆောင်သစ်များ ရွေးချယ်မည်

**ဝေလင်း**

လင်းသောင်းအောင်နှင့် နန္ဒာထွန်းရုပ်ရှင်ထုတ်လုပ်ရေးမှ သောင်းထွန်း (မွန်မင်းလမ်းဥယျာဉ်၊ မော်လမြိုင်) စီစဉ်ရိုက်ကူး




မည့် 'ဒီမိုရပ်ကွက်' ရုပ်ရှင်ဇာတ်ကားအတွက် မျက်နှာသစ် သရုပ်ဆောင်များ ရွေးချယ်ပွဲကို ဇွန် ၆ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရသည်။

"ပြန်ကြားရေးဝန်ကြီးဌာနကနေ ဦးစီးပြုလုပ်တဲ့ ဒီမိုကရေစီ ရက်သတ္တပတ်ရုပ်ရှင်ပွဲတော်မှာ ဇာတ်လမ်းရွေးချယ်ယှဉ်ပြိုင်မှု ပြိုင်ပွဲမှာ ဒီမိုရပ်ကွက်အနေနဲ့ ရွေးချယ်ခံရပါတယ်။ ဒီဇာတ်ကားကို သရုပ်ဆောင်ဖို့ မျက်နှာသစ် ဝါသနာရှင်သရုပ်ဆောင်တွေကို ထပ်မံရွေးချယ်ပြီး စက်တင်ဘာ ၁၅ရက်နဲ့ ၂၁ရက်မှာ ရုံတင် ပြသသွားမှာဖြစ်ပါတယ်။ ဇာတ်ကားရဲ့အခြေခံကတော့ ရပ်ကွက် တစ်ခုမှာရှိတဲ့ အခြေခံလူတန်းစားတွေရဲ့ ဘဝတွေကို အခြေခံ ထားပါတယ်။

လက်ရှိကျွန်တော်တို့ တိုင်းပြည်မှာ ဖြစ်ပေါ်နေတဲ့ အဖြစ်အပျက်တွေ၊ ယှဉ်ပြိုင်မှုတွေ၊ မြန်မာနိုင်ငံမှာ လက်ရှိ နောက်ဆုံးဖြစ်နေတဲ့ အကြောင်းအရာတွေ၊ ဘယ်လိုအရာက အမှန်နဲ့ အမှားတွေဆိုတာတွေကို ထောက်ပြသွားဖို့ ရှိပါတယ်။ ပညာပေးပုံစံဇာတ်ဝင်ခန်းတွေ ထည့်သွင်း ထားတယ်" ဟု ဇာတ်ညွှန်း၊ ဇာတ်လမ်း ဒါရိုက်တာ မင်းညီ (ရင်နှင့်ရင်းသည်) ကပြောကြားသည်။

အဆိုပါ ဇာတ်ကားကို ဇွန် ၁၅ ရက်တွင် စတင်ရိုက်ကူးမည် ဖြစ်ပြီး ဝါသနာရှင်များအနေဖြင့် ပါဝင်လျှောက်ထားလိုပါက အသက် ၂၀မှ ၃၀အတွင်း အမျိုးသား အမျိုးသမီးများနှင့် ဇာတ်ပို့အတွက် အသက် ၂၀မှ ၅၀ အတွင်းရှိ အမျိုးသား အမျိုးသမီးများ လျှောက် ထားနိုင်ကြောင်း သိရသည်။

လျှောက်လွှာများကို ရန်ကုန်မြို့ Smart Auto Service ပင်ရွှေညောင်လမ်း၊ အခွန်လွတ်ဈေး၊ တာမွေ၊ နှင့် Face မဂ္ဂဇင်း (ကျောက်တံတား) မြို့နယ်တို့တွင် လျှောက်ထားနိုင်ပြီး ဇွန် ၇ရက် နံနက် ၁၀နာရီတွင် တော်ဝင်နှင်းဆီ စားသောက်ဆိုင်၌ လူတွေ့စစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

# အတုယူပါ အတု မခိုးပါနဲ့

**ကိုလင်း**



ယနေ့ခေတ်ကမ္ဘာကြီးက ရွာကြီးတစ်ရွာဖြစ်လာသည့်အတွက် HipHop၊ EDM၊ K Pop စသည်ဖြင့် နိုင်ငံတကာဂီတ အမျိုးအစားများစွာတို့က မြန်မာပရိသတ်ကြီးအပေါ် လွှမ်းမိုးမှု ကြီးမားသည်ကို တွေ့ရသည်။

သူတို့ ဘာကြောင့် ကမ္ဘာကြီးပေါ်တွင် အနုပညာဖြင့် လွှမ်းမိုးနိုင်သနည်း။ အနီးစပ်ဆုံး ကိုရီးယားနိုင်ငံကိုကြည့်လျှင် သူတို့ဘာသာစကား၊ သူတို့ ယဉ်ကျေးမှု၊ သူတို့၏ဖက်ရှင် အားလုံးကို ရုပ်ရှင်၊ ရုပ်မြင်၊ ဂီတနှင့် အနုပညာတို့မှတစ်ဆင့် တစ်ကမ္ဘာလုံးကို သိမ်းပိုက်လွှမ်းမိုးသွားခဲ့သည်မှာ မျက်မြင် ပင်ဖြစ်သည်။

မကြာသေးမီက ကိုရီးယားလူငယ် ဂီတအဖွဲ့တစ်ဖွဲ့ စာရေးသူတို့နိုင်ငံကို လာရောက်ကြရာတွင် ကြီး၊ ငယ်၊ လတ် အမျိုးသမီးများစွာ၏ နှလုံးသားကို ယူသွားနိုင်ခဲ့ကြသည် ဆိုပါက ပိုသည်ဟုပင် ဆိုကြပေလိမ့်မည်။ ကြိုက်နှစ်သက်သူများ အတွက်တော့ ကေပေါ့ဂီတသည် မှော်ဆန်လွန်းသဖြင့် ဂီတပွဲအပြင် သူတို့သွားရာလမ်းတစ်လျှောက်၊ ပြန်လည် ထွက်ခွာရာ လမ်းတစ်လျှောက်တွင် အားပေးသူများ၏ ခံစားမှု၊ ရူးသွပ်မှုတို့ကို မြင်ရသည်။ အပြစ်ပြောချင်လည်း ပြောနိုင် ကြသည်။ ပြောဆိုသမျှကို အားပေးသူတို့က အရေးမစိုက်၊ ဆက်လက်အားပေးမြဲပင်။

တောင်ကိုရီးယား၏ ကေပေါ့က မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံပင် မဆိုထားနှင့် အင်အားကြီးပါသည်ဆိုသည့် အမေရိကန်ပြည်ထောင်စုကဲ့သို့သော နိုင်ငံကြီး၏ ဂီတ လောကထဲသို့ ရဲရဲဝံ့ဝံ့သွား ရောက်ခဲ့သည့် တေးဂီတဖြစ်သည်။

စာရေးသူတို့ နိုင်ငံရဲ့ဂီတကို ဖန်တီးနေတဲ့ လူငယ်တွေ ကေပေါ့ထံမှ အတုယူစရာတွေကို ယူတတ်ကြဖို့ လိုပါသည်။ ယနေ့ပြည်တွင်း အချို့ဂီတသမားများသည် ဖက်ရှင်နှင့် အပြင်အဆင်ပိုင်းတွင် နိုင်ငံတကာပြည်ပကို အတုခိုးလာသည်။ သို့သော် အတိအကျ ထပ်တူပြုကြသည်မှာကတော့ အလွယ် လိုက်လွန်းရာကျသည်။

ဥပမာ မကြာသေးခင်က နာမည်ကြီး အဆိုတော်တစ်ဦး၏ အခွေကို ကြည့်မိရာ အီဂျစ်ပုံစံမျိုး သရုပ်ဆောင်ချက်များ၊ ရိုက်ကူးတင်ပြမှုများ ထည့်သွင်းထားသည်။ သိပ်မကြာမီမှာပင် နောက်သီချင်းခွေ တစ်ခု၌လည်း ထူးမခြားနားသည့် အီဂျစ် ပုံစံဖန်တီးမှုကို ထပ်မံမြင်တွေ့ရသည်။ အခြားနိုင်ငံ၊ အခြား ယဉ်ကျေးမှု၊ အခြားသူတို့၏ဖက်ရှင်များကို ယူ၍အသုံးပြု နေခြင်းထက် မိမိနိုင်ငံ၏ ခေတ်အဆက်ဆက် ဝတ်စား ဆင်ယင်မှုများကို ယနေ့ခေတ် ဖက်ရှင်နှင့် ပေါင်းစပ်ပါက အလွန်ပင်ကြည့်၍ ကောင်းပေလိမ့်မည်ဟု ထင်မြင်ယူဆ မိပါသည်။

တစ်ဖက်တွင် ယဉ်ကျေးမှုနှင့် လျော်ညီသည့် မြန်မာ သံစဉ်များကိုလည်း ခေတ်နှင့်အညီ ဖန်တီးကြရမည်ဖြစ်သည်။

လက်ရှိတွင် အိမ်နီးချင်းနိုင်ငံတို့မှသီချင်းများ၊ သံစဉ် များက မိမိတို့နိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့်နေရာယူထား သည်။ ကိုယ်ပိုင်သံစဉ်၊ ကိုယ်ပိုင်တီထွင်မှု၊ ကိုယ်ပိုင်ဆန်းသစ်မှု တို့ဖြင့် မြန်မာ့အနုပညာများကို ဖြန့်ကြက်သင့်ပါသည်။

မကြာသေးမီက အဆိုတော် ချမ်းချမ်း တရုတ်နိုင်ငံတွင် သွားရောက် ဖျော်ဖြေရာ ရခိုင်ရိုးရာ တေးသီချင်းတစ်ပုဒ်ကို သီဆိုခဲ့သည်။ ထိုသီချင်းကို လူမှုကွန်ရက်များတွင် နိုင်ငံခြား ဂီတသမားများ အဖွဲ့လိုက် သီဆိုမှုများကို မြင်တွေ့ရပြီး ပျံ့နှံ့မှုအားကောင်းသည်ကို မြင်တွေ့ရသည်။ ထိုသို့ တေးသီချင်း များ မိမိတို့နိုင်ငံတွင်ရှိပါလျက် တိုင်းပြည်အတွက်၊ လူမျိုး အတွက်၊ ယဉ်ကျေးမှုအတွက် ကမ္ဘာကို ကိုယ်ပိုင်ဟန်၊ ကိုယ် ပိုင်မှုနှင့် လွှမ်းမိုးနိုင်အောင်မျိုးဆက်တွေ ဖန်တီးစေချင်မိပါ သည်။

တစ်လကို တေးစီးရီးသစ် အခွေ ၃၀ ကျော် ဝန်းကျင် ထွက်ရှိနေသော်လည်း ကိုယ်ပိုင်သံစဉ်ဖြင့် ပေါက်ရောက် အောင်မြင်သူဆိုသည်မှာ လက်ချိုးပင်ရေတွက်လို့ ရနိုင်ပြီး အများစုမှာ ပြန်ဆိုတေးများနှင့် သံသရာ လည်နေသည်ကို အနုပညာပွဲများတက်ရောက်သည့်အခါတိုင်း မြင်တွေ့နေရ သည်မှာ အလွန်ပင် အားမလိုအားမရ ဖြစ်မိပါသည်။

ကိုယ်ပိုင်မှု၊ ကိုယ်ပိုင်ဟန်နှင့် ပေါက်ရောက်သူကို ခပ်ရှားရှားမြင်တွေ့နေရသည်။ ပေါက်ရောက်ခဲ့လျှင်လည်း ဝမ်းရေးကို ဦးစားပေးရခြင်းကြောင့် ပွဲဆက်များပြီး ထပ်မံ ဖန်တီးသည့်ဂီတက အားလျော့လာသည်။ ထပ်တူညီ နေသည့် သံစဉ်များအကြား တဝဲလည်လည်သာ မြင်တွေ့နေရ သည်။

ကိုယ်ပိုင်ဟန်နဲ့ ကိုယ့်နယ်ပယ်အတွင်း ရပ်တည်နေနိုင် ကြပါစေဟု စာရေးသူ အကြိမ်ကြိမ်ဆုတောင်းမိပါသည်။ ။

# 'မင်္ဂလာရှိတဲ့အရပ်' ရုပ်သံဇာတ်လမ်းတွဲတွင် တွေ့မြင်ရမည့် မြင့်မြတ်



Myanmar Media 7 မှ ထုတ်လုပ်ရိုက်ကူးမည့် 'မင်္ဂလာရှိတဲ့အရပ်' ရုပ်သံဇာတ်လမ်းတွဲတွင် မြင့်မြတ်ပါဝင် သရုပ်ဆောင်မည်ဖြစ်ပြီး "ဒီဇာတ်လမ်းတွဲက ကျွန်တော့် သရုပ်ဆောင် သက်တမ်းတစ်လျှောက်မှာ ပထမဆုံး ပါဝင် သရုပ်ဆောင်တဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ ဇာတ်လမ်းတွဲက သရုပ်ဆောင်ရတဲ့ အပိုင်းမှာ အခက်အခဲမရှိပါဘူး။ ဒါပေမယ့် အချိန်အားဖြင့် လနဲ့ချီပြီး ရိုက်ရတယ်။ ဗီဒီယိုဇာတ်ကား ကျတော့ အဲလောက်အချိန်မပေးရဘူး။ ဒီဇာတ်ကားမှာက ကာရိုက်တာ နည်းနည်းဆန်းတယ်။ ဟာသလေးတွေလည်း ပါတယ်။ ပြင်ဦးလွင်နားက ရွာလေးတွေမှာ သွားရိုက်မှာပါ။ ဇာတ်ရဲ့ရည်ရွယ်ချက်က လူသားတစ်ယောက်ဟာ မင်္ဂလာရှိ တဲ့ အရပ်၊ ကိုယ့်ကိုပျော်ရွှင်မှုတွေ အေးချမ်းမှုတွေပေးနိုင်တဲ့ အရပ်မှာ ကိုယ့်ဘဝကို အကောင်းဆုံး၊ အအေးချမ်းဆုံး ဖြတ်သန်းသင့်တယ်ဆိုတဲ့ ပညာပေးနဲ့ ဟာသလေးရောနှော ထားတာပါ" ဟု ၎င်းက ပြောပြသည်။

အဆိုပါဇာတ်ကားကို ဇွန် ၆ရက်တွင် စတင်သွားရောက် ရိုက်ကူးမည်ဖြစ်ပြီး စက်တင်ဘာတွင် Skynet ရုပ်သံ လိုင်းတို့တွင် ပြသသွားမည်ဖြစ်ကာ ဒါရိုက်တာ ဩရသရိုက်ကူး ပုံဖော်ကာ မြင့်မြတ်၊ စည်ဖြိုး၊ အေးဝတ်ရည်သောင်း၊ နွယ်ဒါ လီထွန်းအပါအဝင် အနုပညာရှင်များစွာ ပါဝင်ကြောင်း သိရသည်။

**ကိုလင်း**

# တစ်ကျော့ပြန် ဟာသသရုပ်ဆောင်မတူး

ကိုလင်း

Miss Myanmar ၂၀၁၇ အသက် ၆၀ ကျော် အမျိုးသမီးများ ပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်ခဲ့စဉ်တွင် ဟာသသရုပ်ဆောင် အလှမယ် မတူးက Winner အဖြစ် ရွေးချယ်ခံခဲ့ရသည်။ မတူးသည် ဟာသသရုပ်ဆောင်ဘဝတွင် နှစ်ပေါင်းများစွာ ရှင်သန်ရပ်တည်ခဲ့ပြီး နောက်ပိုင်း ယခုကဲ့သို့ ဝင်ရောက်ယှဉ်ပြိုင်ရာမှ အနုပညာလောကသို့ တစ်ကျော့ပြန်လည် ဝင်ရောက်လာခဲ့သူဖြစ်သည်။

**မေး ။ အနုပညာလှုပ်ရှားမှုတွေ သိပ်မတွေ့ရတော့တဲ့အကြာကြီးနောက်ပိုင်းမှာ အခုလို ပြန်လည် ဝင်ရောက်ခဲ့ပုံကို ပြောပြပေးပါဦး။**

ဖြေ ။ အနုပညာနဲ့ ပြတ်တောက်သွားတာတော့မဟုတ်ပါဘူး။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှာ အမှုဆောင်တာဝန်နဲ့ ထမ်းဆောင်နေတဲ့လုပ်ငန်းတွေ တော့ရှိပါတယ်။ ရိုက်တာကတော့ ဇာတ်ကားတွေရှိပေမယ့် နယ်တွေအထိ သွားပြီးမရိုက်နိုင်တော့ဘူး။ နောက်ပိုင်း လာငှားတာတွေက ရက်ရှည်ဇာတ်ကားတွေရိုက်ရမှာဆိုတော့ အဆင်မပြေဘူးလေ။ ရက်ရှည်အလုပ်မှာပိလာရင် ကိုယ့်လောကရဲ့ အလှူပေါင်းစုံက သာရေး၊ နာရေးကိစ္စအဝဝကို ပစ်ထားခဲ့သလို ဖြစ်မှာဆိုတော့ မရိုက်ဖြစ်ဘူး။ လက်ရှိမှာတော့ ကျွန်မကို Miss Myanmar ဖြစ်လာတော့ လာပြီးကမ်းလှမ်းတာတွေရှိတယ်။ ကျွန်မဘဝကတော့ ပုံမှန်အတိုင်းပါပဲ။

**မေး ။ အနုပညာအလုပ်တစ်ခုတည်းနဲ့ ဝမ်းရေးဖြေရှင်းနေရသူတွေအတွက် အခုဆိုရင် အပြင်မှာ အခြားအလုပ်တွေကို ပူးတွဲပြီးလုပ်နေကြတာတွေ့ရပါတယ်။ ဒါက အနုပညာလောကအတွက် အားလျော့တာတွေ ဖြစ်လာနိုင်လား။**

ဖြေ ။ သူများတွေအတွက်တော့ မသိဘူး၊ ကျွန်မအတွက်တော့ အသက်က အခုဆို ၆၂နှစ် ရှိပြီ။ တစ်နှစ်မှာ ဇာတ်ကား သုံးလေးကားရိုက်ရင် ကျွန်မ ဝမ်းရေးအတွက် လုံလောက်နေပါတယ်။ ကျွန်မရဲ့ အနုပညာသက်တမ်းက ၄၅ နှစ် ကျော်ပြီ။ လုပ်လည်းလုပ်ခဲ့ပြီးပြီဆိုတော့ လောဘတွေ သိပ်မကြီးတော့ဘူး။ လူတိုင်းမှာ ဝမ်းရေးအတွက် ရပ်တည်နေရတာရှိပါတယ်။ ဒါကလည်း ပရိုဂျူဆာတွေ ရိုက်ကူးတာ မလိုက်လို့ သူတို့လည်း သက်သာတဲ့ လူကိုပဲ ခေါ်တာနေမှာပါ။ အနုပညာတန်ဖိုးဆိုတာတော့ လျော့ကျမသွားနိုင်ပါဘူး။

**မေး ။ အန်တီတူးအနေနဲ့ရော အခွန်ထမ်းတာဝန်ကျေပြီလားခင်ဗျာ။**

ဖြေ ။ အန်တီ့ကို အရင်တပ်မတော်အစိုးရလက်ထက်တုန်းက အခွန်မဲ့ပေးထားပါတယ်။ အရင်က သွားဆောင်ဖူးတယ်။ ကြော်ငြာတွေ အားကောင်းတဲ့ ခေတ်တုန်းကပေါ့။ ကြော်ငြာပါပြီးရင် ခေါ်စစ်ဆေးတယ်။ ကိုယ်ရတဲ့ သရုပ်ဆောင်ခက နည်းနေတော့ ဆောင်စရာမလိုဘူး။ အခုလည်း ကားရိုက်လည်း သိပ်မရှိတဲ့အခါကျတော့ အခွန်မဆောင်ရတာကြာပြီ။



# စက်မှုလယ်ယာဦးစီးဌာနမှ ကြားပေါင်းလိုက်စက်ဖြင့် လက်တွေ့သရုပ်ပြ



**နေပြည်တော် ဇွန် ၂**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်တွင် ကြားပေါင်းလိုက်စက်ဖြင့် လက်တွေ့သရုပ်ပြခြင်းကို မေ ၃၁ ရက်က ဇီးဖြူပင်အုပ်စု သစ်စိမ့်ပင်ကျေးရွာရှိ ကွင်းအမှတ် (၁၇၂၁) ကောက်စိုက်စက်စံပြစိုက်ခင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ကြားပေါင်းလိုက်စက်၏ အကျိုးသက်ရောက်မှုများကို ရှင်းလင်းခဲ့သည်။

အဆိုပါ ကြားပေါင်းလိုက်စက်၏ အကျိုးသက်ရောက်မှုများမှာ တောင်သူများအတွက် ငွေကြေး/အချိန်၊ လုပ်သားအသုံးပြုမှု သက်သာခြင်း၊ စိုက်ခင်းအတွင်းရှိ ပေါင်းမြက်ကို လိုအပ်သည့်အချိန်တွင် လိုအပ်သလို ရှင်းလင်းနိုင်ခြင်း၊ တမန်း ပြန်လည်နှိုးပေးခြင်းအားဖြင့် စပါးပင်၏အမြစ်များ သန်မာထွားကျိုင်းလာခြင်း၊ ပင်ပွားနှုန်းကောင်းခြင်း၊ ပင်ပွားနှုန်း တိုးလာခြင်းကြောင့် စပါးအထွက်နှုန်း တိုးတက်လာစေခြင်း၊ ပေါင်းမြက်ကင်းစင်သဖြင့် အစာအာဟာရကို စပါးပင်မှ ပိုမိုစားသုံးခြင်း၊ ဓာတုပေါင်းသတ်ဆေး အသုံးပြုနည်း မဟုတ်သဖြင့် သဘာဝပတ်ဝန်းကျင်နှင့် အစားအစာဘေးကင်းလုံခြုံမှုကို ရရှိစေခြင်း စသည့် အကျိုးသက်ရောက်မှုများ ရရှိစေမည်ဖြစ်သည်။

အဆိုပါ သရုပ်ပြခြင်း အခမ်းအနားသို့ နေပြည်တော် စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများ၊ နေပြည်တော် စိုက်ပျိုးရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ် (ရုပ်ဗေဒ)**

# အကြံဉာဏ်ရယူဆွေးနွေးပွဲ ကျင်းပ

**ဖြူး ဇွန် ၂**

ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ပထမ ၁၈ လအတွင်း ဆောင်ရွက်မည့် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် အရေးပေါ်ပြန်လည်ထူထောင်ရေး စီမံကိန်းများအား အကြံဉာဏ်ရယူပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် စည်ပင်သာယာခန်းမ၌ မေလနောက်ဆုံးပတ်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းညွှန့်နှင့် ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးစိုးနိုင်က အကြံဉာဏ်ရယူဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဖြူး-မြင့်ဦး**

# ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်



**နောင်ချို ဇွန် ၂**

နောင်ချိုမြို့သည် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းမပေါ်တွင် တည်ရှိပြီး မကြာခဏဆိုသလို ယာဉ်တိုက်မှုများ ဖြစ်ပွားခဲ့သည်။

ထို့ကြောင့် မေ ၃၀ ရက် က နောင်ချိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စော၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေး၊ မြို့နယ်စည်ပင်သာယာရေးဌာန (အမှုဆောင်အရာရှိ)ဦးမျိုးနိုင်ဦး၊ အမှတ် (၁၂၀) (ယာဉ်ထိန်း တပ်ဖွဲ့စု နောင်ချို) ရဲအုပ် ခင်မောင်မြင့်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်း ကြီးကြပ်မှု ကော်မတီဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက မြို့နယ်ခန်းမရှေ့၌ ကားလမ်းပေါ်ဖြတ်သန်းမောင်းနှင်လာသော ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ မော်တော်ယာဉ်များကို ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ရောင်ပြန်သတိပေး စတစ်ကာများ တပ်ပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း (နောင်ချို)**

# ငါးသိုင်းချောင်းမြို့၌ ရေယာဉ်ဆိပ်ခံတံတားနှင့်ဆိပ်ကမ်းမုခ်ဦးဖွင့်ပွဲကျင်းပ

**ရေကြည် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ မြို့မရပ်ကွက် ငဝန်မြစ်ကမ်းရှိ ရေယာဉ်ဆိပ်ကမ်းမုခ်ဦးနှင့် ဆိပ်ခံကွန်ကရစ်တံတားဖွင့်ပွဲကို မေ ၃၁ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးဝင်းဌေးက အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ရေကြည်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရေယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ စုံညီစွာတက်ရောက်၍ ဆိပ်ကမ်းမုခ်ဦးနှင့် ဆိပ်ခံတံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။ **(ယာပုံ)**



အဆိုပါ ဆိပ်ကမ်းမုခ်ဦးအား ငါးသိုင်းချောင်းမြို့ ဦးစတားစိုက်ပျိုးရေးဆေးရောင်းဝယ်ရေးမိသားစုမှငွေကျပ် ၁၃ သိန်းကျော် အကုန်အကျခံဆောက်လုပ်လှူဒါန်းခဲ့ပြီး ဆိပ်ခံကွန်ကရစ်တံတားကို တိုင်းဒေသကြီးရေယာဉ်လုပ်ငန်းကြီးကြပ်ရေး ကော်မတီမှ ငွေကျပ် ၁၀ သိန်း၊ Max energy ကုမ္ပဏီမှ ငွေကျပ် ၁၀ သိန်း၊ ဒေသခံပြည်သူနှင့် ရေယာဉ်ပိုင်ရှင်များမှ ငွေကျပ် သိန်း ၆၀ တို့ဖြင့် ဆိပ်ကမ်းမုခ်ဦးနှင့် ဆိပ်ခံကွန်ကရစ်တံတား အရှည်ပေ ၁၂၀၊ အကျယ် ၁၀ ပေအား စုစုပေါင်းလှူဒါန်းငွေကျပ် သိန်း ၁၀၀ ခန့်ဖြင့် ဆောက်လုပ်ခဲ့သည်။

ငါးသိုင်းချောင်းမြို့ ရေယာဉ်ဆိပ်ကမ်းမှ ငဝန်မြစ်အထက်ဘက် လေးမျက်နှာ မြို့နယ်နှင့်ငဝန်မြစ်အောက်ဘက် သာပေါင်းမြို့နယ်များသို့ ခရီးသည်တင်ရေယာဉ်လိုင်း(စက်လှေကြီး) အစင်း ၂၀ နှင့် ကုန်တင်စက်လှေများ နေ့စဉ်ပုံမှန်ပြေးဆွဲလျက်ရှိရာ အများပြည်သူသွားလာရာ ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေးနှင့် ဆက်သွယ်သွားလာနိုင်ရေးအတွက် ယခုကဲ့သို့ လှူဒါန်းဆောက်လုပ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်
## ၂၀၁၇ ခုနှစ် မေ ၂၉ ရက်

၁။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်မှ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို **ပင်မထီ“က”အက္ခရာမှ အစဉ်လိုက် “ဖ”အက္ခရာထိ** အက္ခရာလုံးရေ(၂၂)လုံးနှင့် **အရန်ထီ“ကက” အက္ခရာမှ အစဉ်လိုက် “ကဖ” အက္ခရာထိ** (၂၂)လုံး စုစုပေါင်း အက္ခရာ(၄၄)လုံးခန့်၊ ထီစာအုပ်ပေါင်း (၃၅၈၃၈၀၇)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီးဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် ၅၀၀ တန်ထီများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး အနည်းဆုံးအုပ်ရေ (၁၀၀)နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၅-၆-၂၀၁၇ ရက်မှ ၂၄-၆-၂၀၁၇ ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့် အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည် ဖြစ်ပါသည်။

၄။ (၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ် နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




၅။ (၄)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ် **(အရန်ထီ)** နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




၆။ **အထူးသတိပြုရန်**

**အရန်ထီလက်မှတ်“ကက”အက္ခရာမှ အစဉ်လိုက် “ကဖ” အက္ခရာအထိ** ထီလက်မှတ်များတွင် ထီလက်မှတ်၏ညာဘက် ကျပ် ၅၀၀ တန် တံဆိပ်၏အပေါ်၌ **2nd အမှတ်အသား** ပါဝင်သောထီလက်မှတ်များသာ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးဝင်ပါကြောင်းနှင့် **အရန်ထီလက်မှတ်**ပေါ်တွင် **2nd** အမှတ်အသားမပါဝင်သော **“ကက”အက္ခရာမှ အစဉ်လိုက် “ကခ”အက္ခရာ**ထိ ထီလက်မှတ်များသည် (၁)ကြိမ်မြောက်၊ (၂)ကြိမ်မြောက်နှင့် (၃)ကြိမ်မြောက်တို့တွင် ဖွင့်လှစ်ပြီးဖြစ်ပါသဖြင့် ၂၀၁၇ခုနှစ် ဇူလိုင် ၁ရက်တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးမဝင်ပါကြောင်း အထူးသတိပေးအပ်ပါသည်။

၇။ ကျပ် ၅၀၀ တန် ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း ၁၀၀၀၀၊ ကျပ်သိန်း ၅၀၀၀၊ ကျပ်သိန်း ၃၀၀၀နှင့် ကျပ်သိန်း ၁၀၀၀ ဆုများပါဝင်ပြီး **အနိမ့်ဆုံးဆုမဲမှာ** ကျပ် ၅၀၀၀၀ ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများဝယ်ယူရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး၊ ရုံးသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Digital Camera Sony ILCE-7 (Body+Lens)<br>Lens 20-80 mm, Flash Gun 20M<br>SD Memory Card 16GB (2Pcs) | 10 Nos |
| ၂။ | Indoor Photo Studio Equipment<br>- Godax DP 600 Digital Softbox<br>- Godax DP 400 Digital Softbox<br>- Three Roll Motar<br>- Boom Stand | 1 Set |
| ၃။ | Online UPS 6 KVA, Power Tree | 2 Nos |
| ၄။ | Laptop Dell Intel Core i3-5005U 2.0Ghz,<br>4GB DDR3 RAM, 500GB HDD,<br>Nvidia GT 920 2GB Graphic<br>DVD R/W, 14" LED Display | 6 Nos |
| ၅။ | Personal Computer (Desktop)<br>Asus Core i5 N4460 3.2 GHZ,<br>4GB DDR3 Memory, 500 GB HDD,<br>64bit HD Graphic DVD R/W<br>Acer Monitor 18.5", A4 Tech Keyboard,<br>A4 Tech Mouse, UPS-Green Power 650 VA | 100 Sets |
| ၆။ | Laser Printer Canon LBP 2900B (A4)<br>600 x 600 dpi, 12 ppm | 80 Nos |
| ၇။ | Printer Auto Duplex Canon LBP6230dn<br>25ppm (Mono only) 600 x 600 dpi<br>1200 x 1200 dpi (Equipment)<br>2400 (Equivalent) x 600 dpi<br>Auto Duplex & Network Interface Std | 10 Nos |
| ၈။ | Color Printer<br>Konica Minolta (Magicolor 1650 EN)<br>Print 5/20 ppm (color/mono) Network Interface,<br>Photo Art 9600 dpi (600 x 600 x 4bits)<br>Legal Max Print 256 MB | 5 Nos |
| ၉။ | Dot Matric Printer EPSON LQ 310 | 2 Nos |
| ၁၀။ | Pro Scanner (Epson Perfection V850) | 2 Nos |
| ၁၁။ | Digital Multifunction Copier<br>Konica bizhub 206(A3Size) B/W<br>Copier&Printer A3 Color Scanner,<br>600×600 dpi, 250Sheet Paper Tray, 20PPM | 10 Nos |
| ၁၂။ | Duplo DP-A120, 300×360dpi,<br>90Pages Per Minute, Max B4 Paper Size,<br>Loading Capacity: 500Sheets | 1 No |
| ၁၃။ | Airconditioner 2HP Split Type CHIGO | 10 Nos |
| ၁၄။ | ရုပ်ရှင်ပြခန်းအတွင်း အအေးပေးစနစ်နှင့်အသံစနစ် ဆောင်ရွက်ခြင်း | |
| | (a) Airconditioner 7.5HP Duct Type Split Gree(or)Teco | 2 Nos |
| | (b) Sub-Woofer<br>- JBL 4645C Single 460mm(18in)<br>- Digital Sound Tracks in Motion Picture Theaters<br>- Rater Inpedance (8 ohms)<br>- Continuous Pink Noise(800Watts)<br>- Continuous Program (1600 Watts) | 1 No |
| | (c) Amplifier<br>- QSC ISA SERIES<br>- ISA 750-450-650-1200 Watts Per Channel | 3 Nos |
| | (d) Surround Speaker<br>- JBL 8320(200mm) (8in)<br>- Dimensions (H×W×D) (406mm×343mm×224mm) | 2 Nos |
| | (e) Speaker | 1 No |
| | (i) Left Speaker<br>- JBL 4638 (380mm) (15in)<br>- Dimensions(H×W×D) (991mm×648mm×451mm)<br>- Unit 2446H/J | |
| | (ii) Right Speaker<br>- JBL 4638(380mm)(15in)<br>- Dimensions(HxWxD) (991 mmx648mmx451mm)<br>- Unit 2446H/J | 1 No |
| | (iii)Centre Speaker<br>- JBL 4638(380mm)(15in)<br>- Dimensions (HxWxD) (991mmx648mmx451mm)<br>- Unit 2446H/J | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၆-၂၀၁၇ရက်မှ ၂၀-၆-၂၀၁၇ရက် အထိ နေ့စဉ် ၀၉:၃၀နာရီမှ ၁၆:၃၀နာရီရုံးဖွင့်ရက်အတွင်း အောက်ပါ လိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ်(၅၀၀၀/-)နှုန်းဖြင့် လာရောက် ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများလာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်)လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရမည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၀-၆-၂၀၁၇ရက် ၀၉:၃၀နာရီမှ ၁၆:၃၀ နာရီအတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်း ရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
|---|---|
| ပြန်ကြားရေးနှင့် | ပြည်တွင်း/ပြည်ပ |
| ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ပစ္စည်းများဝယ်ယူရေးနှင့် |
| ပြန်ကြားရေးဝန်ကြီးဌာန | ထုခွဲရောင်းချရေးကော်မတီ |
| ရုံးအမှတ်(၇)၊ နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန |
| ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄ | ရုံးအမှတ်(၇)၊ နေပြည်တော် |
| | ဖုန်း-၀၆၇-၄၁၂၃၉၀ |

---

## ချင်းပြည်နယ်မီးသတ်ဦးစီးဌာန၊ ဟားခါးမြို့
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း ပြည်နယ် မီးသတ်ဦးစီးဌာန၏ ရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေး ကော်မတီများနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချ/တင်သွင်းရမည့်ရက်** -၁-၆-၂၀၁၇ ရက်မှ ၁-၇-၂၀၁၇ ရက်အထိ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ၀၇၀-၂၂၅၆၄၊ ၀၉-၄၄၈၆၉၉၂၆၆

(ခ) ၀၉-၄၉၂၉၄၅၀၂၊ ၀၉-၄၂၅၃၅၅၉၇၇

---

## ချင်းပြည်နယ်မီးသတ်ဦးစီးဌာန၊ ဟားခါးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်၊ သူနာတင်ယာဉ်၊ မီးသတ်ရေယာဉ်၊ စက်လှေ၊ ရော်ဘာလေ သွင်းလှေ၊ မီးသတ်ပစ္စည်းကိရိယာ၊ မြေပြင်ရှာဖွေကယ်ဆယ်ရေးပစ္စည်း ကိရိယာနှင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးပစ္စည်း ကိရိယာများအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချ/တင်သွင်းရမည့်ရက်** -၁-၆-၂၀၁၇ ရက်မှ ၁-၇-၂၀၁၇ရက်အထိ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ၀၇၀-၂၂၅၆၄၊ ၀၉-၄၄၈၆၉၉၂၆၆

(ခ) ၀၉-၄၉၂၉၄၅၀၂၊ ၀၉-၄၂၅၃၅၅၉၇၇

---

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ မော်တော်ယာဉ် (၁၇၇)စီးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | Toyota Fortuner | ၁၀စီး |
| (ခ) | Pick Up | ၃၇စီး |
| (ဂ) | Light Truck | ၄၁စီး |
| (ဃ) | Micro Bus (12 seaters) | ၁၈စီး |
| (င) | Mini-Bus(29 seaters) | ၃၉စီး |
| (စ) | Bus(45 seaters) | ၃၂စီး |

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များကို ဗဟိုစက်ပစ္စည်းစာရင်း အင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်တွင် တင်ဒါပုံစံ (၁) စောင်လျှင် ၅၀၀၀၀/- (ကျပ်ငါးသောင်းတိတိ)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းမည့်ရက်** - ၈-၆-၂၀၁၇ ရက်မှ ၇-၇-၂၀၁၇ရက်ထိ(ရုံးချိန်အတွင်း)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်

၅။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၁၂-၇-၂၀၁၇ ရက် ၁၀း၀၀ နာရီ

၆။ **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၆၀၈၈၊ ၀၆၇-၄၀၆၂၆၅

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

---

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊အမက(၃-မူလွန်)၊ ဆဌမတန်းအောင်မှ မဇယ်နော၏ ဖခင်အမည်မှန်မှာ ဦးယောဟန် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ အလက အောင်မြေ (၁)၊ သတ္တမတန်း အောင်မှ မောင်လယ်မြာတား၏ ဖခင်အမည်မှန်မှာ ဦးလာမြာဂူ ဖြစ်ပါသည်။

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၇)၊ နဝမတန်း($A_7$) အောင်မှ မပြည့်ဖြိုးသူ၊ မြစ်ကြီးနားမြို့၊ အလက (၂)၊ ပဥ္စမတန်း(B)အောင်မှ မောင်ဇေယျာဖြိုးတို့၏ မိဘအမည်မှန်မှာ ဦးမင်းဦး ၅/ဒပယ(နိုင်)၁၃၅၀၃၅နှင့် ဒေါ်အုံးမြင့် ၅/ရဘန(နိုင်)၂၀၃၈၅၁ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက(ခွဲ)ဟူးကွက်၊ သတ္တမတန်း(အောင်) မှ နန်းမြင့်မိုရ်ဦး၏ ဖခင်အမည်မှန်မှာ စိုင်းမောင်လွင် ၁၃/ကမန(နိုင်)၀၈၆၅၉၈ ဖြစ်ပါကြောင်း။

**စိုင်းမောင်လွင်**

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက (၂)၊ နဝမတန်း(အောင်)မှ စိုင်းနော်ခေး ၁၃/ကမန(နိုင်)၁၃၉၀၇၆ ၏ ဖခင်အမည်မှန်မှာ စိုင်းဆန်မှူး ၁၃/ကမန(နိုင်)၀၁၃၀၀၅ ဖြစ်ပါကြောင်း။

**စိုင်းဆန်မှူး**

## မိဘအမည်မှန်

ကျောက်မဲမြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်းမှ စိုင်းနွံလျှန်း၏ မိဘအမည်မှန်မှာ ဦးအိုက်စိုင်း ၁၃/ကမန(နိုင်)၀၁၃၁၅၃ နှင့် နန်းခင်ဦး ၁၃/ကမန(နိုင်)၀၁၃၂၈၈ ဖြစ်ပါကြောင်း။

**နန်းခင်ဦး**

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက(၂)၊ အဋ္ဌမတန်း (အောင်) မှ စိုင်းအောင်နိုင်ဦး ၁၃/မလတ(နိုင်)၀၀၃၄၄၉ ၏ ဖခင်အမည်မှန်မှာ ဦးလှသိန်း ၁၃/ကမန(နိုင်)၀၇၈၄၅၅ ဖြစ်ပါကြောင်း။

**ဦးလှသိန်း**

## ဖခင်အမည်မှန်

ပင်လောင်းမြို့နယ်၊ အထက ဆောင်းပြောင်းမှ သတ္တမတန်း အောင်မြင်ခဲ့သော ဝင်းသီဂီထွေး၏ ဖခင်အမည်မှန်မှာ ခွန်ကျော်အောင် ၁၃/ပလန(နိုင်)၀၆၀၀၀၄ ဖြစ်ပါကြောင်း။

**ခွန်ကျော်အောင်**

## ဖခင်အမည်မှန်

ပင်လောင်းမြို့နယ် အထက ဆောင်းပြောင်းမှ သတ္တမတန်း အောင်မြင်ခဲ့သော နန်းအေးဝင်း၏ ဖခင်အမည်မှန်မှာ မောင်ပန်းအောင် ၁၃/ပလန(နိုင်)၀၅၄၃၆၃ ဖြစ်ပါကြောင်း။

**မောင်ပန်းအောင်**

## ဖခင်အမည်မှန်

ပင်လောင်းမြို့နယ်၊ အထက ဆောင်းပြောင်း နဝမတန်းတွင် ပညာသင်ကြားနေသော နန်းသန်းနွယ်ဦး၏ဖခင်အမည်မှန်မှာ ဦးစိန္တာ ၁၃/ပလန(နိုင်)၀၂၉၈၇၂ ဖြစ်ပါကြောင်း။

**ဦးစိန္တာ**

## ဖခင်အမည်မှန်

ပင်လောင်းမြို့နယ် အထက တင်းထက် တက္ကသိုလ်ဝင်တန်းမှ ခွန်စံသိန်း၏ ဖခင်အမည်မှန်မှာ ခွန်ဖိုးဆောင် ၁၃/ပလန(နိုင်)၀၅၅၅၀၈ ဖြစ်ပါကြောင်း။

**ခွန်ဖိုးဆောင်**

## ဖခင်အမည်မှန်

ပင်လောင်းမြို့နယ် အထက ပင်ခွန် တက္ကသိုလ်ဝင်တန်းမှ မူခင်မာဦး၏ ဖခင်အမည်မှန်မှာ မောင်သံလုံး ၁၃/ပလန(နိုင်)၁၀၃၉၂၃ ဖြစ်ပါကြောင်း။

**မောင်သံလုံး**

## မိဘအမည်မှန်

ပင်လောင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ နန်းခမ်းဖူး၏ မိဘအမည်မှန်မှာ မောင်ပြုတ် ၁၃/ပလန(နိုင်)၀၅၀၄၄၄နှင့် နန်းမအေး ၁၃/ပလန(နိုင်)၀၈၀၀၃၀တို့ ဖြစ်ပါကြောင်း။

**မောင်ပြုတ်၊ နန်းမအေး**

---

## ကချင်ပြည်နယ်လွှတ်တော်ရုံး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကချင်ပြည်နယ်လွှတ်တော်ရုံးအတွက် အောက်ဖော်ပြပါလုပ်ငန်းများဆောင် ရွက်ရန် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လွှတ်တော်ရုံးဧည့်ရိပ်သာဝင်းအတွင်း အရေးကြီးပုဂ္ဂိုလ်ဧည့်ရိပ်သာ (၂) ထပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း။

(ခ) လွှတ်တော်ရုံးဧည့်ရိပ်သာဝင်းအတွင်း ဦးစီးအရာရှိနေအိမ်(၂)ခန်းတွဲ (၂)ထပ်(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း။

(ဂ) ဧည့်ရိပ်သာဝင်းအတွင်း ဒုတိယဦးစီးမှူးနေအိမ်(၄)ခန်းတွဲ(၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း။

(ဃ) လွှတ်တော်ရုံးဧည့်ရိပ်သာဝင်းအတွင်း အမှုထမ်းဝန်ထမ်းနေအိမ် (၄)ခန်း တွဲ(၂)ထပ်(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း။

(င) လွှတ်တော်ရုံးဧည့်ရိပ်သာဝင်းအတွင်း အမှုထမ်းဝန်ထမ်းနေအိမ် (၄)ခန်း တွဲ(၂)ထပ်(၁)လုံးဆောက်လုပ်ခြင်းလုပ်ငန်း။

(စ) လွှတ်တော်ရုံးဧည့်ရိပ်သာဝင်းအတွင်း ယာဉ်မောင်း/အစောင့်/ သန့်ရှင်း ရေးဝန်ထမ်းများနေအိမ်(၆) ခန်းတွဲ(၂)ထပ်(၁)လုံးဆောက်လုပ်ခြင်း လုပ်ငန်း။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၇ရက်

**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၃၀-၆-၂၀၁၇ရက် ၁၆း၀၀နာရီ

**တင်ဒါပုံစံရောင်းချမည့်နေရာ** - ကချင်ပြည်နယ်လွှတ်တော်ရုံး၊ မန်ခိန်ရပ်ကွက်၊ မြစ်ကြီးနားမြို့

၃။ တင်ဒါပုံစံ အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများ သိရှိလိုပါက ဖုန်း-၀၉-၇၇၄၆၅၃၄၉၈၊ ၀၉-၄၀၀၄၁၃၀၇၀၊ ၀၉-၂၅၆၀၇၇၆၆၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကချင်ပြည်နယ်လွှတ်တော်ရုံး**

---

## ကယားပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## သမဝါယမဦးစီးဌာန၊ ကယားပြည်နယ်
# တည်ဆောက်ရေးလုပ်ငန်းအတွက် တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တရားဝင်အသိအမှတ်ပြု လိုင်စင်ရလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။

| တည်နေရာ | | လုပ်ငန်း |
|---|---|---|
| (က) **ကယားပြည်နယ်၊ သမဝါယမဦးစီးဌာန ရုံးဝင်း၊ လွိုင်ကော်မြို့** | - | ဝန်ထမ်းအိမ်ရာ RC/၂ထပ် (၄)ခန်းတွဲ အဆောက်အအုံ (၁)လုံး (၁၀၄'-၃၂'-၂၂') (ရေ၊ မီး၊ မိလ္လာ၊ လမ်းအပါအဝင်) |

၃။ **လုပ်ငန်းတန်ဖိုး** - (၁၆၃.၁၀၀)ကျပ်သန်း

၄။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၃၀-၆-၂၀၁၇ (သောကြာနေ့)

။ **အချိန်** - ၁၄း၀၀နာရီ

၅။ အဆောက်အအုံတစ်လုံး Lot(၁)ခုဖြင့် တင်ဒါလျှောက်လွှာရောင်းချသွားမည်ဖြစ်ပြီး တင်ဒါနှင့်ပတ်သက်သော လိုအပ်သည့်စည်းကမ်းချက်များ အသေးစိတ်အချက်အလက် များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁-၆-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ကယားပြည်နယ်သမဝါယမဦးစီးဌာန**
**လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၀၈၃**

---

## မော်တော်ပိုင်ရှင် အမြန်ဆက်သွယ်ရန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ သစ်တောဦးစီးဌာနက ပခုက္ကူမြို့နယ်၊ နတ်ကျွန်းနှင့် ဆိပ်ကမ်းသာကျေးရွာကြား ဧရာဝတီမြစ်ကမ်း၌ တရားမဝင်သစ်မာခွဲသား (၂၈၀)ချောင်း (၁၅.၄၂၈၆)တန် တင်ဆောင်၍ ရပ်နားထားသော ရေယာဉ် (အလျား-၉၈ပေ ၆လက်မ၊ ဝမ်းအကျယ်-၁၅ပေ ၁၀လက်မ၊ စောက် ၄ပေ ၆လက်မ၊ အရောင်-အစိမ်းနု)အား ၉-၃-၂၀၁၇ရက်တွင် ပိုင်ရှင်မဲ့ဖမ်းဆီးရမိထား ပါသည်။ ယင်းရေယာဉ်အား ပိုင်ဆိုင်သူသည် အထောက်အထား၊ စာရွက်စာတမ်း များနှင့်အတူ ပခုက္ကူမြို့နယ်၊ သစ်တောဦးစီးဌာနသို့ ကြော်ငြာပါရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း အမြန်ဆက်သွယ်ရန်နှင့် ယင်းသတ်မှတ်ရက်ကျော်လွန်ပါက နိုင်ငံပိုင်စာရင်း ပုံစံ(၈) ရေးသွင်း၍ အစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုမိန့်တောင်းခံပြီး လေလံတင်ထုခွဲ ရောင်းချမည်ဖြစ်ကြောင်း အသိပေးပါသည်။

**သစ်တောဦးစီးဌာန ပခုက္ကူခရိုင်၊ ပခုက္ကူမြို့**
**(တင်မောင်ဆွေ) ဦးစီးအရာရှိ**
**သစ်တောဦးစီးဌာန**
**ပခုက္ကူမြို့**

---

## ဖခင်အမည်မှန်

ဖယ်ခုံမြို့နယ်၊မိုးဗြဲ(အထက)ကျောင်း၊ နဝမတန်း(A) မှ အေးမြတ်ဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်စာ (ခ) စိုးမြင့်နိုင် ၁၃/ဖခန(နိုင်)၀၂၈၂၉၅ ဖြစ်ပါကြောင်း။

**ဦးမောင်စာ(ခ)စိုးမြင့်နိုင်**

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ဖယ်ခုံမြို့နယ်၊မိုးဗြဲ(အထက)ကျောင်း နဝမတန်း(A) မှ မမူအေးမြဦး၏ အမည်မှန်မှာ မအေးမြတ်ဦး ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၀-၄-၂၀၀၃ ဖြစ်ပါကြောင်း။

**မအေးမြတ်ဦး**
**၂၀-၄-၂၀၀၃**

## ဖခင်အမည်မှန်

လွိုင်ကော်မြို့၊ အထက(၃)၊ နဝမတန်းမှ မောင်ဒေါမိနစ်၏ ဖခင်အမည်မှန်မှာ ဦးစစ္စတဲဖာနို(ခ)လှသိန်း ၂/လကန(နိုင်)၀၅၅၂၃၄ ဖြစ်ပါကြောင်း။

**ဦးစစ္စတဲဖာနို (ခ) လှသိန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လွိုင်ကော်မြို့၊ အထက (၃)၊ နဝမတန်းမှ မောင်ဂျိုးဇက်၏ ဖခင် ဦးစောတာမလာစေး(ခ)ဦးစောတာ မာလာထူး (ခ) ဦးမောင်ငယ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

---

# အဆောက်အအုံဆောက်လုပ်ရန် တင်ဒါခေါ်ယူခြင်း

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် (MSF) ပိုင်အမှတ် ၂၄၃၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်ရှိ အလျား (၂၅) ပေ၊ အနံပေ ၅၀ ရှိသည့် မြေပေါ်တွင် ခြောက်ထပ်တိုက်အဆောက်အအုံတစ်လုံး ဆောက်လုပ်ရန်တင်ဒါခေါ် ယူမည်ဖြစ်ပါသည်။ တင်ဒါစည်းကမ်းနှင့် တင်ဒါပုံစံများကို ဖော်ပြပါ နေရာတွင် ရယူနိုင်ပါသည်။

**တင်ဒါပုံစံလက်ခံမည့်ရက်** - ၅-၆-၂၀၁၇ရက်မှ ၁၉-၆-၂၀၁၇ရက်ရုံးချိန်အတွင်း

**တင်ဒါပုံစံလက်ခံမည့်နေရာ** - အမှတ် ၅၃မြေညီထပ်၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၀၇၆၊ ၀၁-၃၇၅၈၂၀

---

## DMJF,JICPA, နှင့် MICPA တို့ပူးပေါင်း၍
## "Capital Market Training Program" သင်တန်းအတွက်
# သင်တန်းသားခေါ်ယူခြင်း

DMJF,JICPA, နှင့် MICPA တို့ပူးပေါင်း၍ "Capital Market Training Program" သင်တန်းကို တစ်လလျှင်နှစ်ကြိမ် (တနင်္ဂနွေနေ့)တိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်လိုသည့် MICPA အသင်းသားများသည် ၁၆-၆-၂၀၁၇ရက် (သောကြာနေ့)နောက်ဆုံးထား၍ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သခင်မြပန်းခြံလမ်း၊ အမှတ် ၁/၁၉ရှိ MICPA ရုံးခန်းသို့ လူကိုယ်တိုင်ဖြစ်စေ myanmar.micpa@gmail.com သို့ဖြစ်စေ အချိန်မီလျှောက်ထားကြရန် အကြောင်းကြားပါသည်။ လျှောက်ထားရန်အတွက် လိုအပ်သည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက MICPAအသင်းရုံး ဖုန်း-၀၉-၃၁၇၁၈၁၄၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါ သည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA)**





## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ကျောင်းကုန်းမြို့နယ်၊ သက္ကယ်ကုန်း အမက စတုတ္ထတန်းမှ မောင်ကောင်းဇင်သန့်(၃၇၅)၏ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၁၂/ကတန(နိုင်)၀၉၀၄၂၃ ဖြစ်ပါသည်။ **ဦးကျော်ကျော်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် ဆူးဝင်း အထက(ခွဲ) အဋ္ဌမတန်း(A)မှ မဟာန်နီဦး၊ ဆဋ္ဌမတန်း(A)မှ မဟာန်နီစိုး တို့၏ဖခင်အမည်မှန်မှာ ဦးဇော်ထွန်း ၈/မမန (နိုင်) ၁၅၇၁၂၄ ဖြစ်ပါကြောင်း။ **ဦးဇော်ထွန်း**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့ ရင်သွေးငယ် ပညာရေးစင်တာ ကိုယ်ပိုင်အထက်တန်းကျောင်း ဆဋ္ဌမတန်းကျောင်းသူ မချမ်းမြေ့ခင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ဘို ၉/တကန(နိုင်)၀၀၁၄၀၀ ဖြစ်ပါသည်။ **ဦးဇော်ဇော်ဘို**

## မိဘအမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် အလက(၂) VI(A) မှ မခိုင်ခိုင်ဝင်း၏ မိဘအမည်မှန်မှာ ဦးသန်းထိုက် ၁၂/ဥကမ(နိုင်)၁၅၅၃၃၉ နှင့် ဒေါ်ညိုညိုမာ ၁၂/ဥကမ(နိုင်) ၂၅၉၂၀၆ ဖြစ်ပါကြောင်း။
**ဦးသန်းထိုက်-ဒေါ်ညိုညိုမာ**

## အမည်ပြောင်း

ဦးညွန့်တင်၏သမီး အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ကံဦးကျောင်းလမ်းမှ မဝင်းစန္ဒာထွန်းအား မဝင်းစန္ဒာစုကြည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဝင်းစန္ဒာစုကြည်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၈၈၅၇၅ Honda Super Cub M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၇/ပမန(နိုင်)၀၅၂၄၅၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ပြည်)၊ (ပြည်မြို့)**

## အမည်ပြောင်း

မြောက်ဒဂုံမြို့နယ်၊D.H.S ကိုယ်ပိုင် အထက်တန်းကျောင်း စတုတ္ထတန်းမှ (ဘ) ဦးကျော်မောင်မောင်၏ သား မောင်ချမ်းငြိမ်းကျော်အား မောင်ပိုင်သူခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ပိုင်သူခန့်**

## ဖခင်အမည်မှန်

ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်၊ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း ပထမတန်း(B)မှ မစွမ်းဝတ်ရည်နွယ်၏ ဖခင်အမည်မှန်မှာ ဦးနေလင်း ၁၂/ဗဟန(နိုင်) ၀၇၅၀၅၀ ဖြစ်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မြစ်ကြီးနားခရိုင်တရားရုံးတော်
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂

ဦးစံဝေခေါင်လွမ်း **နှင့်** ၁။ ဦးဇခုန်တိန့်ယိန်း
၂။ ဗိုလ်မှူးအောင်ထူး
**တရားလို** **တရားပြိုင်များ**

ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်၊ ပန်ဝါမြို့၊ ကချင်အထူးဒေသ(၁) ထာဝရငြိမ်းချမ်းရေးအဖွဲ့ချုပ်၊ ပန်ဝါဗဟိုဌာနချုပ်နေ ဦးဇခုန်တိန့်ယိန်းနှင့် ဗိုလ်မှူးအောင်ထူး (ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

သင်တို့အပေါ်တွင် တရားလို ဦးစံဝေခေါင်လွမ်းက တရားပြိုင်တို့မှ ဥပဒေမဲ့သိမ်းဆည်းခဲ့သည့် တရားလိုပိုင် အိမ်နှင့်မြေအား လက်ရောက်ပြန်ပေးစေလိုမှု (သို့မဟုတ်)ငွေကျပ်သိန်းပေါင်း ၅၀၀၀ ပေးလျော်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြင့်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဇွန် ၂၁ရက် (၁၃၇၉ခုနှစ် ဝါဆိုလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင် မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မေ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်အေးအေးလင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မြစ်ကြီးနားခရိုင်တရားရုံး**

## အမည်ပြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ အဆင့်မြင့်ဝန်ထမ်းအိမ်ရာ၊ တိုက်(ဒီ) အခန်း(၁၀၁) အဖ ဦးဝေလင်း ၇/ရတရ(နိုင်)၀၀၀၀၄၆ နှင့် အမိ ဒေါ်အေးချမ်းခြိမ့် ၁၄/ပသန(နိုင်)၁၆၈၂၄၉ တို့၏ သမီး မမေမဒီခြိမ့်အား မမေသဒ္ဒါဖြူဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။
**မမေသဒ္ဒါဖြူ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/8089 Toyota Grand Hiace KCH10 Micro Bus(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဆွေ ၃/ဘအန(နိုင်)၀၂၅၅၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ဒလမြို့နယ်တရားရုံးတော်
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၀ နှင့်ဆက်နွယ်သည့် ၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၁၃

ဦးမျိုးဝင်း **နှင့်** ၁။ ဦးဝင်းသောင်း၊ ၂။ ဒေါ်လှလှစိုး
**တရားနိုင်** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့၊ ဗညားဒလရပ်ကွက်၊ အိမ်အမှတ် ၁၄၈၄၊ ဗိုလ်ချုပ်(၁)လမ်းတွင် နေထိုင်သူ ၁။ ဦးဝင်းသောင်းနှင့် ၂။ ဒေါ်လှလှစိုး (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးမျိုးဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဇွန် ၁၅ရက် (၁၃၇၉ခုနှစ် နယုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ခုနှစ် မေ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ထင်ကျော်)**
**မြို့နယ်တရားသူကြီး**
**ဒလမြို့နယ်တရားရုံး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ၁၅၅/၂၃B၊ ဇေတဝန်ကျောင်းလမ်းနေ ဒေါ်ခင်မာဝင်း ၁၁/ရဗန(နိုင်)၀၀၁၅၈၈ ၏သား မောင်ကျော်ကျော်ဇင် ၁၂/လမန(နိုင်)၁၆၂၀၈၅သည် မိခင်၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် သဘောမတူခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်ကို ၁၄-၅-၂၀၁၇ ရက်တွင် ပြုလုပ်သွားခဲ့သည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ အမွေစားအမွေခံအဖြစ်မှလည်းကောင်း၊ သားအဖြစ်မှလည်းကောင်း စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။
**မိခင် ဒေါ်ခင်မာဝင်း**

## ပျောက်ဆုံးခြင်း

ကျွန်တော် ကြည်ဝင်း CDC 71947 ၏ S.I.D လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၃၆၆၆၀၈၇**

## အမည်ပြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေး အထက၊ ဒုတိယတန်းမှ မယွန်းပြည့်ဝတီနွေးအား မယွန်းပြည့်ပြည့်နွေးဟုလည်းကောင်း၊ မယွန်းပြည့်ဝတီဖွေးအား မယွန်းပြည့်ပြည့်ဖွေးဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။
**မယွန်းပြည့်ပြည့်နွေး၊**
**မယွန်းပြည့်ပြည့်ဖွေး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၁၉၂၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန (တောင်ကြီး)**

## အကျိုးတူပူးပေါင်းဆောင်ရွက်လိုသူများ ဆက်သွယ်နိုင်ပါသည်

ပိုင်ရှင်ကိုယ်တိုင် မိမိအမည်ပေါက်ဖြင့် သက်ရှိထင်ရှားနေထိုင်လျက်ရှိသော အချက်အချာကျ နေရာကောင်းတွင် အကျိုးတူအဆောက်အအုံအသစ် ဆောက်လုပ်လိုသူများ သို့မဟုတ် လက်ရှိနေရာအား ဝယ်လိုသူများ ဆက်သွယ်နိုင်ပါသည်။

**တည်နေရာ** - မ/၂၈၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်သပြေလမ်းထောင့်၊ မြို့မရပ်၊ တောင်ကြီးမြို့၊
ဆက်သွယ်ရန်ဖုန်း- ၀၉-၉၆၂၄၂၇၈၁၃

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ဒလမြို့နယ်တရားရုံးတော်
### ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၂ နှင့်ဆက်နွယ်သည့် ၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၁၄

ဦးမျိုးဝင်း **နှင့်** ဦးခင်မာင်ဝင်း
**တရားနိုင်** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့၊ ဗညားဒလရပ်ကွက်၊ အိမ်အမှတ် ၁၄၂၇၊ ကနောင်လမ်းတွင်နေထိုင်သူ ဦးခင်မောင်ဝင်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးမျိုးဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဇွန် ၁၅ရက် (၁၃၇၉ခုနှစ် နယုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ခုနှစ် မေ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ထင်ကျော်)**
**မြို့နယ်တရားသူကြီး**
**ဒလမြို့နယ်တရားရုံး**

## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) [BA (History)]
### ကြည်း-၂၅၇၄၄ [တေဇ (၂၁)]
### အသက်(၄၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာနေ(ဦးဝင်းမောင်)(ကျောင်းအုပ်ကြီး၊အထက၊ငြိမ်း)-ဒေါ်ကျင်ရီတို့၏သားကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏သားသမက်၊ ဦးဟုတ်စိန်-ဒေါ်အေးအေးခိုင်တို့၏ညီ/မောင်၊ ဦးအောင်ခိုင်-ဒေါ်စန်းစန်းညို၊ ဒေါ်သူဇာခိုင်၊ ဦးကျော်ထူးလွင်-ဒေါ်ဖြူပြာခိုင်၊ ဒေါ်ကေသွယ်ခိုင်၊ (ဒေါက်တာသန့်စင်ခိုင်)၊ ဦးဥက္ကါအေး-ဒေါ်မေပုလဲအောင်ကို၊ ဦးသန့်ဇင်-ဒေါ်ချိုသဲဇာခြည်တို့၏ ချစ်လှစွာသောအစ်ကို၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး(Secondary, P.I.S.M)တို့၏ချစ်လှစွာသောဖခင်၊ တူ၊ တူမ ရှစ်ယောက်တို့၏ဦးလေး၊ ဒေါ်နှင်းစပယ်အောင်ကို [ဆရာမ (ငြိမ်း) TTC]၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ ရက် (သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် မင်္ဂလာဒုံငြိမ်းအေးဇရပ်၌ တရားတော်နာယူပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၁၄၀၊ ခရေပင်လမ်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ ဧကမ္ဗာဝင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) [BA (History)]
### ကြည်း-၂၅၇၄၄ [တေဇ (၂၁)]
### အသက်(၄၅)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏ သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး(Secondary, P.I.S.M)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို (ဆရာမ-ငြိမ်း၊ TTC)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဖနီးနှင့်ဝန်ထမ်းမိသားစုများ**
**သာသနာရေးဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) [BA (History)]
### ကြည်း-၂၅၇၄၄ [တေဇ (၂၁)]
### အသက်(၄၅)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏ သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး(Secondary, P.I.S.M)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို (ဆရာမ-ငြိမ်း၊ TTC)၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ ဖနီးနှင့် ဝန်ထမ်းမိသားစုများ**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A (History)
### ကြည်း-၂၅၇၄၄၊ တေဇ (၂၁)
### အသက်(၄၅)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏ သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary, P.I.S.M)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို [ဆရာမ(ငြိမ်း) TTC]၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

---

## ဦးခင်အောင်လှ အသက်(၄၆)နှစ်
### ကမ္ဘောဇရတနာဘဏ်လီမိတက်၊ ဝေါဘဏ်ခွဲတာဝန်ခံ၊ မန်နေဂျာ

ရန်ကုန်မြို့နေ (ဦးလှ-ဒေါ်ကြည်)တို့၏သား၊ ဦးကြည်လွင်-ဒေါ်ခင်အုန်းမြင့်(ခ)ဒေါ်ပြုံးတို့၏သားသမက်၊ သထုံမြို့နေ (ဦးမြင့်စိုးညွန့်)-ဒေါက်တာအေးအေးလှ၊ ရန်ကုန်မြို့နေ ဦးခင်မောင်လှ-ဒေါ်မာမာဆွေ၊ ဦးမြင့်ဦး-ဒေါ်တင်တင်လှတို့၏ချစ်လှစွာသောညီ/မောင်၊ ဒေါ်ဇင်မာလွင်(ခ)အိတုံ (လက်ထောက်မန်နေဂျာ၊ ကမ္ဘောဇဘဏ်၊ မြဝတီဘဏ်ခွဲ-၁)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ပိုင်မင်းခန့်၊ မောင်ဇေယျာထွဋ်တို့၏ချစ်လှစွာသောဖခင်သည် ၁-၆-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၇ ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် မြဝတီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ (၂)ရပ်ကွက်၊ ဆင်ရွှေလီ(၃)လမ်း ဦးကြည်လွင်-ဒေါ်ခင်အုန်းမြင့်(ခ)ဒေါ်ပြုံးတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A (History)
### ကြည်း-၂၅၇၄၄၊ တေဇ (၂၁)
### အသက်(၄၅)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏ သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary, P.I.S.M)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို[ဆရာမ(ငြိမ်း) TTC]၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A (History)
### ကြည်း-၂၅၇၄၄၊ တေဇ (၂၁)
### အသက်(၄၅)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏ သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary, P.I.S.M)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို [ဆရာမ(ငြိမ်း)TTC]၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) B.A (History)
### ကြည်း-၂၅၇၄၄၊ တေဇ (၂၁)
### အသက်(၄၅)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏ သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary, P.I.S.M)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို [ဆရာမ(ငြိမ်း) TTC]၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အနုပညာဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမျိုးခိုင်(ငြိမ်း) [BA (History)]
### ကြည်း-၂၅၇၄၄ [တေဇ (၂၁)]
### အသက်(၄၅)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏ သားသမက်၊ (ဦးဝင်းမောင်)-ဒေါ်ကျင်ရီတို့၏သားကြီး၊ မောင်သက်စိုးထိုက်၊ မောင်ရဲစွမ်းမာန်၊ မရွှေဖြူစင်အေး (Secondary, P.I.S.M)တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်နှင်းစပယ်အောင်ကို (ဆရာမ-ငြိမ်း၊ TTC)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးမျိုးခိုင်(ငြိမ်း)သည် ၂-၆-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁း၁၅နာရီတွင် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၁) သူငယ်ချင်းမိသားစုများ**

---

## ဒေါက်တာဦးထင်မင်းဆွေ
### M.Med.Sc (Mental Health)
### အသက်(၄၆)နှစ်

ဇီးကုန်းမြို့နေ ဦးမြင့်ဆွေ-ဒေါ်ခင်စန်းမြင့်တို့၏သား၊ ဒေါက်တာဦးထင်လင်းဆွေ၏ညီ၊ ကျောက်မြောင်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၆၆၊ မြေညီ(ဝဲ)နေ ဒေါ်ကေသီနိုင်၏ခင်ပွန်း၊ မောင်လှိုင်သူရ၏ဖခင်သည် ၁-၆-၂၀၁၇ရက်(ကြာသပတေးနေ့)ည ၇း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၅-၆-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## လင်အိန်ချွမ်(ခ)ဦးကောက်
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၉၈၇၊ ပညာလမ်းနေ ဦးအေးမောင်-ဒေါ်ရှုကြည်တို့၏သား၊ ဒေါ်ရင်ရွှေ၏ချစ်လှစွာသောခင်ပွန်း၊မလင်းလင်းရှိန်၊ကိုကျင်မောင်-မမာလာမြင့်၊ကိုကျင်မင်း-မသီရိကျော်၊ ကိုလှအောင်-မအေးသက်မော်၊ကိုဇော်ဇော်မင်း-မလင်းလင်းဝါ၊ ကိုဘိုဘို-မမိုးစန္ဒာလင်းတို့၏ဖခင်၊ မြေး ၁၄ယောက်တို့၏ အဘိုးသည် ၁-၆-၂၀၁၇ ရက် (ကြာသပတေးနေ့) နေ့လည်တွင် အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၇ ရက်(စနေနေ့)နံနက် ၁၀နာရီတွင်ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစောမြ
### ပညာရေးဝန်ကြီးဌာန(ငြိမ်း)
### အသက်(၉၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀) တောင်ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ် ၁၁၁၅ (က)နေ ဦးစောမြသည် ၂-၆-၂၀၁၇ရက် နံနက် ၂း၄၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကိုကိုလင်း(ခ)သားကြီး
### အသက်(၆၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရွှေဂုဏ်သူအိမ်ရာ၊ တိုက် (A-1)၊ အခန်း(1103)နေ ဦးဘဏ်လင်း (လူမှုဝန်ထမ်း-လ/ထ၊ ငြိမ်း)-ဒေါ်မြင့်မြင့်သန်းတို့၏သား၊ (ဦးဖေစန်း)-ဒေါ်မြအေးတို့၏သားသမက်၊ ဒေါ်စန်းစန်းမြင့်(ခ)ဒေါ်ဘေဘီ၏မောင်၊ ဒေါ်တင်တင်စန်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲမင်းဆွေ - မဟေမာန်ကိုကို၊ မောင်စည်သူကိုကို - မအိဇာဇာခင်တို့၏ဖခင်၊ မောင်ဖွဲ့ပြည့်ထက်၏အဘိုးသည် ၂-၆-၂၀၁၇ရက် (သောကြာနေ့)နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၆-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမျိုးချစ် (ထားဝယ်)
### အသက်(၅၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ နိဗ္ဗာန်ကြို့ကုန်းတိုက်ကျောင်း ဆရာတော် ဦးဩဘာသအား အမှူးထား၍ ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ကာယရပ်ကွက်၊ ကာယ ၁၂လမ်းနေ ဦးချစ်ရွှေ-ဒေါ်သန်းမြင့်တို့၏သား၊ ဦးကျော်မိုး-ဒေါ်နုနုလွင်၊ ဒေါ်ယဉ်စိန်၊ ဦးသီဟဇော်-ဒေါ်သီတာရွှေ၊ ဦးခင်မောင်အေး-ဒေါ်မိုးသူဇာရွှေ၊ ဦးထွန်းမြတ်-ဒေါ်မာမာချိုတို့၏အစ်ကို၊ ဦးဇော်မင်းထိုက်-ဒေါ်မိုးသန္တာလွင်တို့၏ဖခင်သည် ၁-၆-၂၀၁၇ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၆-၂၀၁၇ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၁၆၁၊ မြင့်မိုရ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မောင်ကျော်လင်းထွန်း
### အထက(၁)ဗဟန်း
### ကျောင်းသားဟောင်း
### အသက်(၂၉)နှစ်

(ဦးကိုကိုကြီး-ဒေါ်လှမြင့်)၊(ဦးကျော်သင်း)-ဒေါ်အေးမြိုင်တို့၏မြေး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ အမှတ် ၂၀၉/အေနေ ဦးလှထွန်း-ဒေါ်မြမြဝင်း (အောင်သပြေ၊ အောင်သရဖူတံဆိပ်ရိုက်လုပ်ငန်း)တို့၏သား၊ ဦးဝင်းငွေ-ဒေါ်စန်းစန်းတင့်၊ ဦးလှမြင့်-ဒေါ်မာမာဝင်း၊ ဦးကျော်ဇင်မင်း-ဒေါ်ယဉ်ယဉ်မြ၊ ဦးလှထွန်း၊ ဦးလင်းထိန်-ဒေါ်အေးအေးမော်တို့၏တူ၊ ကိုအောင်ဇင်ထွန်း-မခင်စုနိုင်၊ မဝင်းသန္တာထွန်းတို့၏ ညီ/မောင်သည် ၁-၆-၂၀၁၇ရက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၆-၂၀၁၇ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ငြိမ်း
### အသက်(၇၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နေ (ဦးရွှေကင်း-ဒေါ်ကြင်စိန်)တို့၏သား၊ ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ပြည်ထောင်စုလမ်း၊ဆရာစံလမ်း၊အမှတ်(၄၂)နေ (နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနု-ဒေါ်မြရီ)တို့၏သားသမက်၊ဒေါ်သန်းသန်းနု၏ခင်ပွန်း၊ ကိုရှိန်မင်း-KTM၊ မောင်အောင်စည်တို့၏ဖခင်၊ မသင်းမြတ်မင်း၏အဘိုး၊ ဒလမြို့နေ(ဦးသိန်း)၏ညီ၊ သုဝဏ္ဏ၊ ကောက်လျှင်လမ်းနေ ဦးအေးမောင်-ဒေါ်အုံးကြည်တို့၏အစ်ကိုသည် ၁-၆-၂၀၁၇ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၇ရက်(စနေနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းခင် (ပုဂံ-ညောင်ဦး)
### အသက်(၇၁)နှစ်

ပုဂံ-ညောင်ဦးမြို့နယ်၊ အရှေ့ဖွားစောကျေးရွာနေ (ဦးသိုင်း-ဒေါ်စိန်အေး)တို့၏သမီး၊ (ဦးလှဘော်-ဒေါ်ငွေရင်)တို့၏သမီးချွေးမ၊ ဦးတင်သိန်း-ဒေါ်အုန်းကျင်တို့၏ အစ်မ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်လမ်း၊ အမှတ် ၆၉၊ ငါးလွှာ-B နေ (ဦးညွန့်အောင်)၏ဇနီး၊ ဒေါ်မြင့်မြင့်ခိုင်(ပြည်ထောင်စုရာထူးဝန်အဖွဲ့၊နေပြည်တော်)၊ ဦးစိုးမြင့်အောင်(HTOO PETROL-ညောင်ဦး)-ဒေါ်နိုင်နိုင်ဦး(M.P.P.E-ခနိတော၊ ရန်ကုန်)၊ ဒေါ်အေးအေးခိုင်(The Voice Daily)၊ ဒေါ်နီလာဝင်း[အမက(၁၁)အင်းစိန်]တို့၏ချစ်လှစွာသောမိခင်၊ မချောစုလင်း၊ မချောစုဝင်းတို့၏အဘွားသည် ၂-၆-၂၀၁၇ရက်(သောကြာနေ့) နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(ကြည့်မြင်တိုင် အင်းစိန်လမ်းနေအိမ်နှင့် ဗဟန်း မြလမ်း The Voice Daily မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်ဝင်း (ပျဉ်းမနား-မောင်နီသင်း)
### လက်ထောက်ညွှန်မှူး(ငြိမ်း)၊ ပညာရေးသုတေသန
### အသက်(၇၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်၊ (၆)ရပ်ကွက်၊ တိုက် ၁၆၊ အခန်း ၂နေ ဒေါ်ရီရီမြင့်(အထပြ၊ အထက-၃၊ ကမာရွတ်၊ ငြိမ်း)၏ ခင်ပွန်း၊ ကိုထွန်းထွန်းဦး-မဝတ်ရည်သင်း(Myanma United Channal)၊ ကိုသိန်းဝင်း(Exera Co.,Ltd)-မဝတ်မှုန်သင်း (N.E.L.C)၊ ကိုအုပ်စိုးသင်း-မခိုင်ဇင်ဦး(ခေတ္တ-မလေးရှား)၊ ဗိုလ်ကြီးပြည့်စိုးသင်း(မြိတ်)တို့၏ဖခင်၊ အာကာဦး[သတ္တမတန်း(B) ကမာရွတ်]၊ သွန်းနှင်းစံ(ပထမတန်း၊ T.T.C လှိုင်)တို့၏အဘိုးသည် ၂-၆-၂၀၁၇ရက်(သောကြာနေ့)နံနက် ၁း၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၄-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၆-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၈နာရီမှ ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးငွေအောင်(ခ)ဦးဖိုးတာ (မြိတ်မြို့)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ၃၉လမ်း၊ အမှတ် ၂၆၆၊ ပထမထပ်(ဝဲ)နေ (ဦးထွန်းတင်-ဒေါ်ငွေသက်)တို့၏သား၊ (ဦးရိမ်းဖေ-ဒေါ်လှရှင်)တို့၏သားသမက်၊ ဒေါ်လှလှသန်း၏ချစ်လှစွာသောခင်ပွန်း၊ကိုထိန်လင်းထွဋ်-မခင်သော်တာအောင်၊မခင်သန္တာအောင်တို့၏ချစ်လှစွာသောဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂-၆-၂၀၁၇ရက်(သောကြာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## Prof. Dr. Nang Suan Kham အသက်(၅၈)နှစ်
### BA (Hons); MA (History); M.Res;Ph.d
### East Yangon University (EYU)

တီးတိန်မြို့နယ် Saizang ရွာ၊ Tualzang ရွာနေ (Pu Gin Khua Tual, 1996- Pi Luan Lang Cing ,1970)တို့၏သား၊ (Pu Morgan Suan Khen Mang,2010)- Pi Rang Cung တို့၏သားသမက်၊စမ်းချောင်းမြို့နယ်၊စမ်းချောင်းလမ်း၊ အမှတ် ၁၅၀၊ ၇လွှာ(B)နေ Pi Cin Khan Niang ၏ချစ်လှစွာသောခင်ပွန်း၊ Rev.Ngul Cin Thang(MEGST,Yangon)-Pi Malsawmi,(Pi Ciin Do Cing, 2012)-Pu Zam Khaw Lian (Tiddim),Pu Pau Khaw Kam-Pi Zam Khan Man (Indianapolis),(Pa Khai Za Cin, 2013 - Nu Ning Do Cing,2009),Pi Cing Sian Vung, Kalemyo;Rev.Lian Za Vung-Rev.S Tual Za Pau(Kalemyo) တို့၏ညီ/မောင်၊ Tg. Tual Lian Thang,Pa Mang Sian Mung-Nu Yee Mon Aung,Tg.Kam Suan Khai(BA-Final,Dagon University), Lia Cing Suan Lun (3rd year, WYTU; 2nd year, LAP, Business Major,MIT) တို့၏ဖခင်၊ Tg.Kham Sawm Piang, Lia Niang Lian Cing တို့၏အဘိုးသည် ၂-၆-၂၀၁၇ရက် နံနက် ၇း၃၀နာရီတွင် ရန်ကုန်မြို့(ခုတင်-၅၀၀ဆံ့)အထူးကုဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၆-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် Tedim Baptist Church, Yangon (TBC-Y) ဘုရားကျောင်း (၁၅၆၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းတော်သူ အသင်းတော်သားများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဆန်းဆန်းဝေ
### အသက်(၅၇)နှစ်

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နေ (ဦးစံသူ)-ဒေါ်ညွန့်ညွန့်တို့၏သမီး၊ ဦးဘလှိုင်-(ဒေါ်မြမြ)တို့၏သမီးချွေးမ၊ ဦးတင်အောင်၊ ဦးသန်းအောင်၊ ဒေါ်သန်းသန်းငွေ၊ ဦးငွေအောင်တို့၏ညီမ၊ ဦးသိန်းစိုး၊ ဦးအေးသိန်း၊ ဦးတင်ဝင်းညိုတို့၏အစ်မ၊ ဦးငွေစိုး(ခ)ဦးမင်းငွေစိုး၏ချစ်လှစွာသောဇနီး၊ ဒေါက်တာမြတ်သီရိစိုး၏မိခင်သည် ၂-၆-၂၀၁၇ရက် နံနက် ၂း၂၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ [တိုက် ၄၀၃၊ သုံးလွှာ၊ ကမ်းနားလမ်း၊ သရက်တောတောင်ရပ်ကွက်(သရက်တော/၄လမ်းထိပ်)၊ ကြည့်မြင်တိုင်မြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမိုးကျော်သူ(ခ)ဦးမိုးလေး
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသီရိ(၁)လမ်း၊ အမှတ် ၄၄၆နေ (ဦးစိန်မြင့်-ဒေါ်ဝင်း)တို့၏သား၊ (၃၈)ရပ်ကွက်၊ ဓမ္မသုခလမ်း၊ အမှတ် ၁၂၂၃နေ မထက်မွန်ကျော်၊ မောင်ထူးခန့်ကျော်၊ မစုစန္ဒီကျော်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်နိုင်နိုင်မာ၏ခင်ပွန်းသည် ၁-၆-၂၀၁၇ရက် (ကြာသပတေးနေ့)ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၇ရက်(စနေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု



# နှလုံးသွေးကြောချဲ့ခြင်းဆိုင်ရာ နည်းပညာရပ်များ ဂျပန်နှလုံးသွေးကြောချဲ့ဆရာဝန်ကြီး လက်တွေ့သင်ကြားပို့ချ

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး ဇွန် ၂**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါအထူးကုဌာနတွင် ဂျပန်နိုင်ငံ ShonanKamakura General Hospital ဆေးရုံမှ နှလုံးသွေးကြောချဲ့ဆရာဝန်ကြီး Professor Dr. Shigeru Saito က လက်ကောက်ဝတ်သွေးကြောအသုံးပြု၍ သွေးကြောဓာတ်မှန်ရိုက်ခြင်းနှင့် ခွဲစိတ်မှုမပါဝင်ဘဲ Stent ထည့်၍ သွေးကြောချဲ့ခြင်း နည်းပညာရပ်များကို ဇွန် ၂ ရက်မှ ၃ ရက်အထိ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါလက်တွေ့သင်ကြားပို့ချမှုတွင် စာရင်းသွင်းရွေးချယ်ထားသည့် လူနာကို နှလုံးသွေးကြောချဲ့ဆရာဝန်ကြီး Professor Dr. Shigeru Saito က မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာကျော်စိုးဝင်းနှင့်အတူ နှလုံးသွေးကြောချဲ့ကျွမ်းကျင်ဆရာဝန်ကြီးများ၊ နှလုံးသွေးကြောချဲ့ခြင်းကို လေ့လာသင်ယူနေသည့် ပါရဂူသင်တန်းသားများ၊ သူနာပြုများ၊ ဓာတ်မှန်ကျွမ်းကျင်များ၊ စက်ခန်းကျွမ်းကျင်များအား လက်တွေ့သရုပ်ပြကုသပေးခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❖

# ဂိုးပြတ်အနိုင်ဖြင့် ရှမ်းယူနိုက်တက် ထိပ်ဆုံးရောက်လာ

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် ဇွန် ၂**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၆ ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရယူပြီး ထိပ်ဆုံးနေရာအား ရယူနိုင်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရှမ်းယူနိုက်တက်က နေပြည်တော်ကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်း ရှုံးပွဲကြုံတွေ့မှုကို ရှမ်းယူနိုက်တက် အသင်း အပြည့်အဝအသုံးချနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရလဒ်ဖြင့် ထိပ်ဆုံးနေရာအား ပြန်လည်ရယူနိုင်ခဲ့သည်။

၁၄မိနစ်တွင် ရှမ်းယူနိုက်တက် အဖွင့်ဂိုးရခဲ့ပြီး ဒွေးကိုကိုချစ်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင် ရှမ်းယူနိုက်တက်အသင်း ဒုတိယဂိုးရခဲ့ပြီး ချစ်စုမိုးက အဝေးမှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။ နှစ်ဂိုးပြတ်ပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းကစားသွားခဲ့ပြီး တတိယဂိုးကို ၈၂ မိနစ်တွင် ရန်နိုင်ဦး ဖန်တီးပေးသောဘောလုံးကို ခရစ္စတိုဖာက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီအသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နှစ်သင်းစလုံး အားကုန်ထုတ်ကစားခဲ့ပြီး မိနစ် ၉၀ အထိ ဂိုးသွင်းယူနိုင်ခြင်းမရှိသော်လည်း နာကျင်အချိန်ပို လေးမိနစ်တွင် ညီညီအောင်(၂)က သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲစဉ် (၁၆)တတိယနေ့ကို ဇွန် ၃ ရက် ညနေ ၃နာရီခွဲတွင် မော်လမြိုင်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး Southern အသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။




ရှမ်းတိုက်စစ်မှူး ခရစ္စတိုဖာ နေပြည်တော်ဘက်သို့ ထိုးဖောက်ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်




# မြန်မာပရိသတ်များနှင့်အတူ ချန်ပီယံလိဂ်ဖိုလ်လုပွဲ ကြည့်ရှုအားပေးရန် ရောက်ရှိနေသည့် စပိန်လက်ရွေးစင် တိုက်စစ်မှူးဟောင်းသတင်းစာရှင်းလင်း

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် ဇွန် ၂**

ဇွန် ၃ ရက်တွင်ကျင်းပမည့် ၂၀၁၆-၂၀၁၇ ရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲ ဖိုလ်လုပွဲအား မြန်မာပရိသတ်များနှင့်အတူ ကြည့်ရှုအားပေးရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် စပိန်လက်ရွေးစင်တိုက်စစ်မှူးဟောင်း မိုရီယန်တေးစ်နှင့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ Melia ဟိုတယ်၌ကျင်းပသည်။ (ဝဲပုံ)

မိုရီယန်တေးစ်က “ဘောလုံးကို ချစ်မြတ်နိုးတဲ့ မြန်မာဘောလုံးပရိသတ်တွေနဲ့ ချန်ပီယံလိဂ် ဖိုလ်လုပွဲကို ကြည့်ရှုခွင့်ရမယ့်အတွက် အလွန်ကို စိတ်လှုပ်ရှားမိပါတယ်။ ဒီခရီးစဉ်ကို စီစဉ်ပေးတဲ့ Heineken ကိုလည်း ကျေးဇူးတင်ပါတယ်။ ဖိုလ်လုပွဲကစားမယ့် ရီးရဲလ်မက်ဒရစ်အသင်းဟာ ကစားသမားကောင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ ကြီးကျယ်ခမ်းနားတဲ့အသင်းဖြစ်ပါတယ်။ ဂျူဗင်တပ်စ်အသင်းကလည်း တကယ်ကောင်းမွန်တဲ့အသင်းပါ။ ကျွန်တော့်ရဲ့နှလုံးသားတည်ရှိတာနဲ့ စိတ်ခံစားချက်အရ ရီးရဲလ်မက်ဒရစ်အသင်းကိုပဲ ဖိုလ်စွဲစေချင်ပါတယ်။ စီရော်နယ်ဒိုနဲ့ မက်ဆီတို့ကတော့ ကမ္ဘာ့အကောင်းဆုံးဆုအတွက်

*စာမျက်နှာ ၁၄ ကော်လံ ၁* ❄




# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့....



## ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ

# လူမှုစီးပွားဘဝ မြှင့်တင်ပေးနိုင်မှုများ

**မောင်မောင်မြင့်ဆွေ**

ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် ဆောင်ရွက်ပေးနေသော အကျိုးပြုလုပ်ငန်းများကို လက်ရှိအစိုးရသစ်ကလည်း ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်နေရာ ရခိုင်ပြည်နယ်အတွင်း လူမှုဘဝမြင့်မားတိုးတက်လာမည့် ပုံရိပ်များကို မြင်တွေ့နေရပြီဖြစ်သည့်အပြင် မကြာမီအနာဂတ်ကာလအတွင်း အရှိန်အဟုန် မြင့်လာတော့မည်ဟု ယုံကြည်မိသည်။

ရခိုင်ပြည်နယ်သည် တောတောင်မြစ်ချောင်းများ ကာရံတားဆီးထားမှုကြောင့် လူမှုဘဝတိုးတက်မှုလုပ်ငန်းများကို လက်တွေ့ဖော်ဆောင်ရာတွင် အခက်အခဲများ ရှိနေသော်လည်း နိုင်ငံတော်အစိုးရ၏ တိုးတက်စေလိုသောစိတ်၊ အနားယူနိုင်ရန်အတွက် ကမ်းနားလမ်းရှိ View Point ကို အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဘင်္ဂလားပင်လယ်အော်နှင့် ကုလားတန်မြစ်ဝအနီး တည်ရှိသော စစ်တွေဗျူးပွိုင့်ကမ်းခြေတွင် ယခင်က မရှိခဲ့သော အမြင့် ၁၂ ပေရှိသည့် ရခိုင်ညွန့်ဖူးအရုပ်၊ အမြင့် ကိုးပေရှိသော ရခိုင်ရိုးရာကျင်ကိုင် အရုပ်၊အမြင့် ၁၂ပေ၊ အကျယ် ခြောက်ပေ၊ အရှည် ၁၅ ပေရှိသော ရခိုင်ရိုးရာ ဗျာလ်ရုပ်များအပြင် ဗျူးပွိုင့်ကမ်းခြေရှိ အမြင့် ၁၈ ပေမြင့်သော မျှော်စင်ကိုလည်း တည်ဆောက်ထားရာ နိုင်ငံတကာအဆင့်မီ ဗျူးပွိုင့်ကမ်းခြေတစ်ခုအဖြစ် တည်ရှိလျက်ရှိပြီး ဒေသခံပြည်သူ ဒေသခံ ပြည်သူများ၏ လူမှုဘဝတိုးတက် မြင့်မားစေလိုသော ဆန္ဒပြင်းပြမှုများဖြင့် ပူးပေါင်းကြိုးစားဆောင်ရွက်လျက်ရှိရာ တစ်နှစ်တာကာလအတွင်း တိုးတက်မှုများ ဖြစ်ပေါ်လာခဲ့သည်။

### စစ်တွေဗျူးပွိုင့်

ရခိုင်ပြည်နယ် စစ်တွေခရိုင် စစ်တွေမြို့တွင် ပြည်သူများ အဆင့်အတန်းမြင့်စွာ အပန်းဖြေများနှင့် ခရီးသွား ဧည့်သည်များအတွက် အဆင့်အတန်းမြင့်စွာ အနားယူအပန်းဖြေနိုင်ကြပြီ ဖြစ်သည်။

### မြို့တွင်းကားလမ်းများအဆင့်မြှင့်တင်

စစ်တွေမြို့တွင်းကားလမ်းများ အဆင့်မြှင့်တင်နိုင်ခဲ့သလို စစ်တွေလေဆိပ်ကိုလည်း ခရီးသည်အဝင်အထွက် ပိုမိုများပြားစေရန် အသစ်တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့သဖြင့် လေကြောင်းခရီးစဉ်ဖြင့် သွားမည့်သူများအတွက် လေဆိပ်ခန်းမဆောင်အတွင်း သက်သောင့်သက်သာ နားနေနိုင်ရန် စီစဉ်ပေးနိုင်ခဲ့သည်။

စစ်တွေမြို့နေပြည်သူများအတွက် ၂၄ နာရီပတ်လုံး ဓာတ်အားသုံးစွဲနိုင်ခွင့်ရရှိရန် နိုင်ငံတော်ဓာတ်အားပေးစနစ်မှ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

### ကျားမသောက်ကျေးရွာရှိ ရက်ကန်းအလုပ်ရုံသစ်

စစ်တွေမြို့နယ် ကျားမသောက်ကျေးရွာတွင် ဒေသတွင်းပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် လူမှုဘဝတိုးတက်မြင့်မားလာစေရန် ရက်ကန်းအလုပ်ရုံသစ် တည်ဆောက်လျက်ရှိသည်။

ရက်ကန်းအလုပ်ရုံတည်ဆောက်ပြီးပါက အဆိုပါ ရက်ကန်းအလုပ်ရုံတွင် လက်ရက်ကန်းစင် ၁၀၀ ဖြင့် လုပ်ငန်းအကောင်အထည်ဖော်မည်ဖြစ်ပြီး ငွေကျပ် သိန်း ၁၄၃၀ ဖြင့် အကုန်အကျခံတည်ဆောက်နေခြင်း ဖြစ်သည်။

### ရက်ကန်းကျောင်းဆင်း ၁၀၀ ကျော်

ရက်ကန်းအလုပ်ရုံ တည်ဆောက်ပြီးစီးမှုကို ၂၀၁၇ ခုနှစ် မတ်လကုန်၌ သတ်မှတ်ထားပြီး လက်ရှိအစိုးရလက်ထက် တစ်နှစ်တာကာလဆောင်ရွက်မှု၏ အသီးအပွင့်ပင် ဖြစ်သည်။ ယင်းလက်ရက်ကန်းအလုပ်ရုံတွင် ရက်ကန်းကျောင်းဆင်း ၁၀၀ ကျော်အား အလုပ်အကိုင်အခွင့်အလမ်း ပေးနိုင်မည်ဖြစ်၍ လူမှုဘဝတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းရုံးဟောင်းနေရာတွင် ရှေ့ပြေးအထည်ချုပ်စက်ရုံ တစ်ရုံကို ဒေသခံပြည်သူများအတွက် ငွေကျပ် သန်း ၁၀၀ အကုန်အကျခံပြီး တည်ဆောက်နေပြီ ဖြစ်သည်။

### လူမှုဘဝရပ်တည်မှု ခိုင်မာလာစေမည်

စက်ရုံတည်ဆောက်ပြီးပါက ဒေသခံလူငယ်များ အထူးသဖြင့် အမျိုးသမီးငယ်များ အလုပ်အကိုင် အခွင့်အလမ်းများရရှိကာ လူမှုဘဝရပ်တည်မှု ခိုင်မာလာစေမည်မှာအမှန်ပင်။

### ပုဏ္ဏားကျွန်းပင်မဓာတ်အားခွဲရုံ

ပုဏ္ဏားကျွန်းမြို့နယ်တွင်လည်း ပုဏ္ဏားကျွန်းပင်မဓာတ်အားခွဲရုံ တည်ဆောက်ထားသည်။ ယင်းဓာတ်အားခွဲစက်ရုံမှ ပုဏ္ဏားကျွန်း မြို့ပေါ်ရပ်ကွက်များနှင့် အနီးဝန်းကျင်ရှိ ကျေးရွာအချို့အား ဓာတ်အားလိုင်းများသွယ်တန်းပြီး လျှပ်စစ်ဓာတ်အားများ ဖြန့်ဝေပေးနိုင်နေပြီ ဖြစ်သည်။

### ခမီးကြိမ်ကျောင်းရေလှောင်တမံ

ပုဏ္ဏားကျွန်းမြို့မြောက်ဘက် ၁၁ မိုင်ခန့်အကွာရှိ ခမီးကြိမ်ကျောင်းရွာအနီး တည်ဆောက်ထားသော ခမီးကြိမ်ကျောင်းရေလှောင်တမံ ပြီးစီးနေပြီဖြစ်သကဲ့သို့ ပုဏ္ဏားကျွန်းမြို့ ရွာဟောင်းရပ်ကွက်တွင်ရှိသော ရေဝပ်ဧရိယာ ၂၅ ဒသမ ၉၅ ဧကရှိသော ဂူဝမိုးရေလှောင်ကန်ကိုလည်း ပြုပြင်တူးဖော်နိုင်ခဲ့ရာ ဒေသခံပြည်သူများအတွက် သောက်သုံးရေ ဂါလန် ၂၇၃၆ သန်းကျော် ပေးဝေနေသည်။

အချပ်ပို (ခ) သို့



ကျောက်ဖြူမြို့နယ် ကဏန်းပျော့မွေးမြူရေး လုပ်ငန်းခွင်ကို တွေ့ရစဉ်

မြေပုံမြို့တွင် ငါးမွေးမြူရေးကန်ပေါင်း ၅၂၂ ကန်ရှိပြီး မွေးမြူရေး ဧက ၁၃၈၇၄ ဧကရှိရာ ငါးမွေးမြူရေးလုပ်ငန်းဖြစ်ထွန်းသည့် မြို့နယ်လည်းဖြစ်သည်။ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်နိုင်မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု၊ စိုက်ပျိုးရေးအတွက် တာတမံများ ဆောင်ရွက်ပေးနိုင်မှု၊ လယ်ယာသုံး စက်ပစ္စည်းများ ပံ့ပိုးပေးနိုင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာကာ လူမှုဘဝများ တိုးတက်လာတော့မည် ဖြစ်သည်။



စစ်တွေမြို့၏ ဖွံ့ဖြိုးတိုးတက်မှုရှုခင်းကို ဝေဟင်မှ တွေ့ရစဉ်

အချပ်ပို(က)မှ

### ရေစင်တားတာများ တည်ဆောက်ပေး

ပုဏ္ဏားကျွန်းမြို့နယ်တွင် တံဘက်လုမ်းကျေးရွာ၊ ခမောင်းတောကျေးရွာ၊ ကျောက်ပြင်ဆိပ်ကျေးရွာနှင့် အလယ်ချောင်းကျေးရွာတို့တွင် လယ်သမားတာများနှင့် ရေစင်တားတာများ တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ဒေသခံတောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန် ကူညီပံ့ပိုးနိုင်ခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းသုံး စက်ကိရိယာများ ပံ့ပိုးပေးနိုင်မှုကြောင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် အခက်အခဲအတားအဆီးများမရှိဘဲ စိုက်ပျိုးထုတ်ကုန်များ အပြည့်အဝထုတ်လုပ်နိုင်မည်ဖြစ်ရာ တောင်သူလယ်သမားတို့၏ ဘဝများ တိုးတက်မြင့်မားလာစေခဲ့သည်။

### ပုဏ္ဏားကျွန်းမြို့နယ် လူငယ်လက်မှုသင်တန်းကျောင်း

ပုဏ္ဏားကျွန်းမြို့တွင် ကားလမ်းများ အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ရေကြောင်းသွားလာရေးအတွက် သင်္ဘောဆိပ်လည်း တည်ရှိနေမှုကြောင့် ကုန်းလမ်းရေလမ်း သွားလာမှုများအဆင်ပြေကာ လူနေမှုဘဝများ တိုးတက်လာလျက်ရှိသည်။ ပုဏ္ဏားကျွန်းမြို့တွင် နယ်စပ်ရေးရာ လူငယ်လက်မှုသင်တန်းကျောင်းလည်းရှိရာ ဒေသခံလူငယ်များ လက်မှုအတတ်ပညာများကို နီးနီးနားနားသင်ကြားနိုင်ပြီး မိမိတို့၏ဘဝများကို အသက်မွေးပညာရပ်တတ်မြောက်ကာ ဖြတ်သန်းနိုင်ကြတော့မည်ဖြစ်သည်။

ပုဏ္ဏားကျွန်းဘူတာရုံကိုလည်း တည်ဆောက်ပေးထားရာ ဒေသခံပြည်သူများ ရထားဖြင့် ခရီးသွားလာနိုင်ရေးအတွက်လည်း အဆင်ပြေချောမွေ့စေရန် ပံ့ပိုးဖြည့်ဆည်းပေးထားနိုင်သည်။

### ရတီဆိပ်ကမ်း

မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်သည်လည်း ကားလမ်းဆက်သွယ်မှု ကောင်းမွန်လျက်ရှိပြီး စစ်တွေ-ရန်ကုန်ကားလမ်းနှင့် ဆက်စပ်လျက်ရှိသည်။ ကျောက်တော်မြို့အနီး ကစ္ဆပနဒီမြစ် ဖြတ်သန်းစီးဆင်းလျက်ရှိသဖြင့် ကျောက်တော်မြို့ရတီဆိပ်ကမ်းကို အစိုးရတစ်နှစ်တာကာလအတွင်း အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်ခဲ့သည်။

ရတီဆိပ်ကမ်းသည် ကျောက်တော်မြို့အပါအဝင် အနီးဝန်းကျင်ဒေသများမှ ထွက်ရှိသော ကုန်ပစ္စည်းများကို တင်ပို့တင်သွင်းခြင်းပြုလုပ်ရာ အဓိကဆိပ်ကမ်းဖြစ်ပြီး ဒေသခံပြည်သူများအတွက် ထိရောက်သော ဝန်ဆောင်မှုတစ်ရပ်ဖြစ်နေသည်။

### ကုန်ရောင်းကုန်ဝယ်ပြုနိုင်ကြပြီ

ကစ္ဆပနဒီမြစ် အနောက်ဘက်ကမ်းခြေတွင်ရှိသော ကျောက်တော်မြို့သည် ရတီဆိပ်ကမ်းကိုအသုံးပြုပြီး ရေယာဉ်နှင့် သင်္ဘောများ ဆိုက်ကပ်ထွက်ခွာ ပြေးဆွဲပေးလျက်ရှိရာ ဒေသခံကျေးရွာများမှ ပြည်သူများ ရေကြောင်းခရီးစဉ်ဖြင့် ကုန်ရောင်း ကုန်ဝယ်ပြုနိုင်ကြပြီ ဖြစ်သည်။

### ကျောက်တော်မြို့ ၆၆ ကေဗွီဓာတ်အားခွဲရုံ

ကျောက်တော်မြို့တွင် ၆၆ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်နိုင်ခဲ့သဖြင့် တစ်မြို့လုံးသို့ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။ ကျောက်တော်မြို့တွင်း ၌ လမ်းဘေးများတွင် ဓာတ်တိုင်များ အစီအရီစိုက်ထူကာ ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုကြောင့် နေအိမ်များ လျှပ်စစ်မီးအသုံးပြုနိုင်ကြပြီး လူနေမှုဘဝမြင့်မားရေးနှင့် စက်မှုလုပ်ငန်းတိုးတက်ရေးအတွက် ဓာတ်အားများအသုံးပြုကာ ကြိုးစားဆောင်ရွက်နေကြပြီ ဖြစ်သည်။

### ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ

ကျောက်တော်မြို့သည် ကုန်းလမ်း၊ ရေလမ်း နှစ်မျိုးစလုံး ဆက်သွယ်သွားလာနိုင်သည်။ စစ်တွေ-ရန်ကုန်ကားလမ်းမှ စစ်တွေ-ကျောက်တော် ခရီးစဉ်၊ ကျောက်တော်-မြောက်ဦးခရီးစဉ်တို့ရှိပြီး ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ ပြေးဆွဲပေးလျက်ရှိရာ မော်တော်ယာဉ်ပြေးဆွဲမှု တိုးတက်များပြားလာသဖြင့် နေ့စဉ်ခရီးသွားလာမှု အဆင်ပြေလျက်ရှိသည်။

### ကျောင်းပေါင်း ၂၂၀ ခန့်

ကျောက်တော်မြို့နယ်တွင် အထက်တန်းကျောင်း ခြောက်ကျောင်းနှင့် အထက်တန်းကျောင်းခွဲ ခြောက်ကျောင်းရှိရာ အထက်တန်းကျောင်းပေါင်း ၁၂ ကျောင်းရှိနေသည့်အပြင် အလယ်တန်း၊ မူလတန်း စသည်ဖြင့် ကျောင်းပေါင်း ၂၂၀ ခန့်ရှိရာ ဒေသခံကလေးငယ်များ ပညာသင်ကြားရေးကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိနေသည်။

ဆက်လက်ပြီး ဝဲကြီးထောင့်ရွာ၌ အထက(ခွဲ) ကျောင်းသစ်ကို ဆောက်လုပ်ပေးခဲ့ရာ ပြီးစီးနေပြီဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ ရင်သွေးငယ်များ စာသင်ကြားရေးတွင် အထောက်အကူပြုနိုင်တော့မည်ဖြစ်သည်။



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်မှ စီးပွားဖြစ်လုပ်ကိုင်လျက်ရှိသည့် ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို တွေ့ရစဉ်

### နည်းပညာတတ်သောလူငယ်များ မွေးထုတ်ပေးနိုင်

ကျောက်တော်မြို့တွင် စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)ကို တည်ဆောက်ဖွင့်လှစ်ထားရာ ခေတ်မီစိုက်ပျိုးရေးနည်းပညာတတ်သော လူငယ်များ မွေးထုတ်ပေးနိုင်မှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအကျိုးကို ဖော်ဆောင်ပေးနိုင်တော့မည်ဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံသော ကျောက်တော်မြို့နယ်အတွက် ပြိုင်းချောင်းရေလှောင်တမံ၊ ပီကောက်ချောင်းနှင့် ဆက်စပ်နေသောတူးမြောင်းများ၊ ဇီးချောင်းရေလှောင်တမံနှင့် မင်းသားချောင်းရေလှောင်တမံတို့ကို ပြုပြင်တည်ဆောက်ခဲ့မှုကြောင့် စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းရန် အထောက်အကူပေးနိုင်ခဲ့ပြီး ပံ့ပိုးဖြည့်ဆည်းနိုင်ခဲ့သည်။

မြောက်ဦးမြို့သည် စစ်တွေ-ပုဏ္ဏားကျွန်း- ကျောက်တော်-မြောက်ဦး-မင်းပြားလမ်းပေါ်၌ တည်ရှိသည်။ ကားလမ်းဆက်သွယ်ရေးကောင်းမွန်ပြီး မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ပေးနိုင်ခဲ့မှုအပြင် လျှပ်စစ်ဓာတ်အားရရှိအသုံးပြုမှုကြောင့် မြောက်ဦးမြို့နေပြည်သူများ၏ လူမှုဘဝများ တိုးတက်လာနေပြီဖြစ်သည်။

### မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ

မြောက်ဦးမြို့တွင် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေတည်ရှိရာ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးလျက်ရှိပြီး ခရီးသွားလုပ်ငန်းတိုးတက်လာမှုကြောင့် ဒေသခံလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိသည်။

မြောက်ဦးလေဆိပ်အသစ်ကိုလည်း တည်ဆောက်လျက်ရှိပြီး ပြီးစီးပါက ဒေသခံလူငယ်များ အလုပ်အကိုင် အခွင့်အလမ်းရရှိကာ လူမှုဘဝတိုးတက်မှုများ ရရှိလာနိုင်မည်ဖြစ်သည်။ မြောက်ဦးမြို့တွင် အဝေးပြေးကားဂိတ်နှင့် ရေယာဉ်ဆိပ်များရှိရာ ယခုအခါ မြောက်ဦးမြို့သို့ ကားလမ်းနှင့်ရော ရေလမ်းခရီးဖြင့်ပါ အလွယ်တကူ သွားလာနိုင်ကြပြီ ဖြစ်သည်။

### ရေပိုလွှဲပြုပြင်ခြင်းနှင့် ရေထိန်းမျှော်စင်ပြုပြင်ခြင်း

မြောက်ဦးမြို့နယ်ရှိ စိုက်ပျိုးရေးလုပ်ငန်းအတွက် အထောက်အကူဖြစ်စေရန် ဂါယာဆည်ရေပိုလွှဲပြုပြင်ခြင်းနှင့် ရေထိန်းမျှော်စင်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ရိတ်သိမ်းခြွေလှေ့စက်များ ပံ့ပိုးပေးနိုင်မှုကြောင့် အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ခဲ့သည်။

### လက်တွန်းလယ်ထွန်စက် ၅၂ စီး ရောင်းချပေးနိုင်ခဲ့

ဒေသခံတောင်သူများအတွက် လယ်ယာသုံးစက်ကိရိယာများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ယခုနှစ်အတွင်း လက်တွန်းလယ်ထွန်စက် ၅၂ စီး ရောင်းချပေးနိုင်ခဲ့သဖြင့် တောင်သူလယ်သမားတို့၏ နေထိုင်လုပ်ကိုင်မှုဘဝကို မြှင့်တင်ပေးနိုင်ခဲ့သည်။

အချပ်ပို(ဂ)သို့

အချပ်ပို(ခ)မှ

### ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း

မြောက်ဦးမြို့နယ်တွင် ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိရာ မြောက်ဦးမြို့ရှိ လေးမြို့မြစ်အထက်ဘက်အခြမ်းတွင်ရှိသော ချင်းတိုင်းရင်းသားများ အခြေချနေထိုင်သည့် ကျေးရွာသုံးရွာကို ယခုအစိုးရသစ်လက်ထက်တွင် အကောင်အထည်ဖော်နိုင်ရေး ၁-၄-၂၀၁၆ ရက်မှ ၂၀၁၇ ခုနှစ် မတ်လအထိ တစ်နှစ်တာကာလအတွင်း တာဝန်ရှိသူများက နှစ်ကြိမ်တိုင် သွားရောက်လေ့လာကာ အကောင်အထည်ဖော်နိုင်ရေး ကြိုးစားလျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကြောင့် ယင်းကျေးရွာသုံးရွာမှ ကျေးလက်ဒေသခံများ၏ဘဝ တိုးတက်ပြောင်းလဲလာတော့မည်ဖြစ်ရာ ကျေးရွာသုံးရွာမှ ပြည်သူများဘဝအတွက် အိပ်မက်သဖွယ်ဖြစ်စေခဲ့ပြီ။

ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်းပေါ်ရှိ မင်းပြားမြို့နယ်သည်လည်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာပြီး ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် အဆင်ပြေစွာ သွားလာနိုင်လျက်ရှိရာ မင်းပြားမှ ရန်ကုန်အထိ ကားလမ်းဖြင့် လည်းကောင်း၊ မြေပုံမြို့၊ ကျောက်ဖြူမြို့နှင့် တောင်ကုတ်မြို့တို့သို့ ရေလမ်းခရီးဖြင့်လည်းကောင်း အချိန်မရွေးသွားလာနိုင်ပြီဖြစ်ပြီး ဒေသခံပြည်သူများ၏ လူမှုဘဝများ တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။

မင်းပြားမြို့တွင်းလမ်းအချို့ကို ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ထားသည်ဖြစ်ရာ နေအိမ်တိုက်တာအဆောက်အအုံများ တိုးတက် ဖြစ်ထွန်းလာသည်။

### ဖွံ့ဖြိုးစ မြို့တစ်မြို့

မင်းပြားမြို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်မှုကြောင့် ဖွံ့ဖြိုးစ မြို့တစ်မြို့အဖြစ် ရောက်ရှိလာသည်။ မင်းပြားမြို့အနီး ခုနစ်မိုင်ခန့်အကွာတွင် ယခု အစိုးရသစ်လက်ထက်၌ တည်ဆောက်ပြီးစီးသွားသော မြောင်းကြီးဆည်မှာ သောက်သုံးရေအတွက် မင်းပြားမြို့သို့ ရေပေးဝေနိုင်လျက်ရှိရာ မြို့နေပြည်သူလူထု သောက်သုံးရေအတွက် အဆင်ပြေလျက်ရှိသည်။

**ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်းပေါ်ရှိ မင်းပြားမြို့နယ်သည်လည်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာပြီး ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် အဆင်ပြေစွာ သွားလာနိုင်လျက်ရှိရာ မင်းပြားမှ ရန်ကုန်အထိ ကားလမ်းဖြင့် လည်းကောင်း၊ မြေပုံမြို့၊ ကျောက်ဖြူမြို့နှင့် တောင်ကုတ်မြို့တို့သို့ ရေလမ်းခရီးဖြင့်လည်းကောင်း အချိန်မရွေးသွားလာနိုင်ပြီဖြစ်ပြီး ဒေသခံပြည်သူများ၏ လူမှုဘဝများ တိုးတက်ပြောင်းလဲလာမည်ဖြစ်**

### ရေခန်တားရေကာတာများ

မင်းပြားမြို့နယ်တွင် ရေခန်များ မဝင်ရောက်နိုင်ရန် နိုင်ငံတော်က ဗလိပေါက် ရေခန်တားရေကာတာ၊ ရွှေဘုံသာ ရေခန်တားရေကာတာနှင့် သက်ပုံးရေခန်တား ရေကာတာများ တည်ဆောက်ပေးထားသည့်အပြင် ဒေသခံပြည်သူများကလည်း ကိုယ့်အားကိုယ်ကိုးပြီး အိုင်ဝန်းရေခန်တားရေကာတာ၊ စွန်ရဲရေခန်တားရေကာတာ၊ သင်္ဂနက် ရေခန်တားရေကာတာနှင့် ကြောင်ရှည်ချောင်း ရေခန်တားရေကာတာ အပါအဝင် ရေခန်တားရေကာတာပေါင်း ရှစ်ခု ပြုလုပ်ကာကွယ်ထားရာ စိုက်ပျိုးမြေများ အောင်မြင်ဖြစ်ထွန်းပြီး သီးနှံအထွက်နှုန်းများ ပိုမိုတိုးတက်လာခဲ့သည်။

### နတလသင်တန်းကျောင်း

မင်းပြားမြို့နှင့် တစ်ဆက်တည်းရှိသော ကင်းဆိပ်ရွာတွင် နတလသင်တန်းကျောင်း တည်ဆောက်ဖွင့်လှစ်ထားပေးရာ တိုင်းရင်းသားလူငယ်များအနေဖြင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားတတ်မြောက်စေရန် နိုင်ငံတော်က အခမဲ့သင်ကြားပေးနေရာမိမိတို့ဘဝတိုးတက်မြင့်မားရေးနှင့် ဒေသအကျိုးပြုရေးအတွက် အထောက်အကူဖြစ်စေလျက်ရှိသည်။



ကညင်ချောင်းကုန်သွယ်ရေးဇုန်တွင် ဆောက်လုပ်ပြီးစီးနေသည့် ဆိပ်ခံတံတားကို တွေ့ရစဉ်

### လမ်းဆုံနေရာ

မင်းပြားမြို့နယ်သည် ရခိုင်ပြည်နယ်တွင် လမ်းဆုံနေရာ၌ တည်ရှိရာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်အပြင် ရခိုင်ပြည်နယ်မှ ရာမောင်တံတားကို ဖြတ်ကျော်ကာ ပြည်မသို့ ကားလမ်းထွက်ပေါက်ရှိသည့် မြို့နယ်ဖြစ်သဖြင့် မကြာမီ ကာလအတွင်း အရှိန်အဟုန်ဖြင့် တိုးတက်လာတော့မည့် မြို့ဖြစ်သည်။

မင်းပြားမြို့တွင် ဓာတ်အားခွဲရုံ တည်ဆောက်နိုင်ခဲ့ရာ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေး ကြိုးစားဆောင်ရွက်လျက်ရှိသဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု မြင့်မားလာသည်နှင့် အမျှ စီးပွားရေးလုပ်ငန်းများတိုးတက်လာပြီး တစ်ဦးချင်း၏ လူနေမှုဘဝများလည်း မြင့်မားလာမည်ဖြစ်သည်။

### ၃၃ ကေဗွီ မင်းပြား-မြေပုံ ဓာတ်အားလိုင်းသွယ်တန်းမှု

ရခိုင်ပြည်နယ်တွင် ရေလမ်းကြောင်းသာ အသုံးပြုနေရာသည့် မြေပုံမြို့သည်လည်း ၃၃ ကေဗွီ မင်းပြား-မြေပုံ ဓာတ်အားလိုင်းသွယ်တန်းမှုကြောင့် လျှပ်စစ်ဓာတ်အားများ ရရှိအသုံးပြုနိုင်တော့မည်ဖြစ်သည်။

### ကြက်ဆင်မြစ်ကူးတံတား

မြေပုံနှင့် မင်းပြားမြို့နယ်ကို ဆက်စပ်ပေါင်းကူးပေးမည့် အရှည်ပေ ၁၉၂၀ ရှိသော ကြက်ဆင်မြစ်ကူးတံတား တည်ဆောက်လျက်ရှိရာ တံတားတည်ဆောက်မှု ပြီးစီးပါက ကုန်းလမ်းဆက်သွယ်ရေးနှင့် ဆက်သွယ်မှုပြတ်တောက်နေသော မြေပုံမြို့သည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

### ငါးမွေးမြူရေးကန်ပေါင်း ၅၀၀ ကျော်

မြေပုံမြို့တွင် ငါးမွေးမြူရေးကန်ပေါင်း ၅၂၂ ကန်ရှိပြီး မွေးမြူရေးဧက ၁၃၈၇၄ ဧကရှိရာ ငါးမွေးမြူရေးလုပ်ငန်း ဖြစ်ထွန်းသည့် မြို့နယ်လည်း ဖြစ်သည်။ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်နိုင်မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု၊ စိုက်ပျိုးရေးအတွက် တာတမံများ ဆောင်ရွက်ပေးနိုင်မှု၊ လယ်ယာသုံး စက်ပစ္စည်းများ ပံ့ပိုးပေးနိုင်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာကာ လူမှုဘဝများ တိုးတက်လာတော့မည်ဖြစ်သည်။ နှစ်ပေါင်းများစွာ ကုန်းလမ်းခရီး မပေါက်ခဲ့သော အခြေအနေမှ ယခုအခါ ပြောင်းလဲမှုများဖြစ်ပေါ်စေတော့မည်။

### ကျောက်ဖြူမြို့ရှိ ငလပွေ့ဆိပ်ကမ်း

ကျောက်ဖြူခရိုင်အတွင်းရှိ ကျောက်ဖြူမြို့သည် ရေလမ်း၊ ကုန်းလမ်းဖြင့် သွားလာနိုင်သောမြို့ဖြစ်သည်။ ကျောက်ဖြူတွင် ဆိပ်ကမ်းနှစ်ခုရှိပြီး စစ်တွေဘက်မှလာသော ခရီးသည်တင်ရေယာဉ်များ၊ ကုန်တင်ရေယာဉ်များနှင့် ငါးဖမ်းရေယာဉ်များ လာရောက်ဆိုက်ကပ်ထွက်ခွာသော အဓိကဆိပ်ကမ်းမှာ ငလပွေ့ဆိပ်ကမ်းဖြစ်သည်။

### ကုန်တင်သင်္ဘောကြီးများ ဆိုက်ကပ်ထွက်ခွာ

ကုန်တင်သင်္ဘောကြီးများ အချိန်နှင့်အမျှ ဆိုက်ကပ်ထွက်ခွာနေပြီး ငါးဖမ်းရေယာဉ်များစွာကလည်း ဆိုက်ကပ်ထွက်ခွာလျက်ရှိသည့် ဆိပ်ကမ်းလည်းဖြစ်သည်။ ငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်သော ကျောက်ဖြူမြို့နယ်သည် မြို့တွင်းကားလမ်းများ အဆင့်မြှင့်တင်ထားသဖြင့် ကောင်းမွန်ချောမွေ့နေပြီး နေအိမ်တိုက်တာ အဆောက်အအုံများဖြင့် ဖွံ့ဖြိုးသောမြို့ဖြစ်သည်။

### လမ်းပန်းဆက်သွယ်ရေးကောင်းမွန်

ကျောက်ဖြူလေဆိပ်လည်းရှိပြီး လေကြောင်းခရီးစဉ်ဖြင့်လည်း အလွယ်တကူ လာရောက်နိုင်သည့်မြို့ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အပြင် လျှပ်စစ်ဓာတ်အားလည်း အပြည့်အဝအသုံးပြုနိုင်မှုကြောင့် ကျောက်ဖြူမြို့သည် လူမှုဘဝတိုးတက်မြင့်မားသော မြို့ဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်းစီမံကိန်းများကြောင့် မကြာမီကာလအတွင်း ရခိုင်ပြည်နယ်တွင် စီးပွားရေးတိုးတက်မှု အကောင်းဆုံး မြို့တစ်မြို့ဖြစ်လာမည်ဖြစ်သည်။ ကျောက်ဖြူမြို့နယ်ရှိ စိုက်ပျိုးရေးတောင်သူများအတွက် စိုက်ပျိုးရေးသုံး စက်ပစ္စည်းများဖြစ်သည့် ခြွေလှေ့စက်၊ ထွန်စက်ကြီးနှင့် လက်တွန်းထွန်စက် စုစုပေါင်း အစီး ၃၀၀ ခန့် ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

### မိုဘိုင်းတာဝါတိုင်ချိတ်ဆက်

လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုနိုင်ရန် သင်တန်းများလည်းပေးခဲ့ရာ လူ့စွမ်းအားအရင်းအမြစ်လည်း တိုးတက်စေခဲ့သည်။ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများ ဖြည့်ဆည်းပေးပြီး မိုဘိုင်းတာဝါတိုင်ချိတ်ဆက်မှုများကြောင့် တယ်လီဖုန်းအသုံးပြုသူများ တိုးတက်များပြားခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း လက်ရှိအစိုးရသစ်တစ်နှစ်တာကာလအတွင်း မိုဘိုင်း တာဝါတိုင် ၄၇၉ တိုင် အထိ တိုးချဲ့တည်ဆောက်နိုင်ခဲ့ရာ ယခင်ဘဏ္ဍာရေးနှစ်က ၂၉၇ တိုင်သာရှိခဲ့သဖြင့် မိုဘိုင်းတာဝါတိုင် ၁၈၂ တိုင်အထိ တိုးမြှင့်လာနိုင်ခဲ့သည်။ ထို့ကြောင့် ရခိုင်ပြည်နယ်တစ်ခုလုံး ဆက်သွယ်ရေး ဧရိယာလွှမ်းခြုံနိုင်ခဲ့သည်။ အင်တာနက်ချိတ်ဆက်မှုနှင့် မိုဘိုင်းဖုန်းသုံးစွဲမှုများလည်း မြင့်တက်လာခဲ့ရာ ယခင်ကထက် လူမှုဘဝတိုးတက်လာခဲ့ပြီဖြစ်သည်။

အချပ်ပို(ဃ)သို့



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းကို တွေ့ရစဉ်

အချပ်ပို(ဂ)မှ

### လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့

ရမ်းဗြဲနှင့် မာန်အောင်တို့တွင်လည်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသော တောင်သူများအတွက် အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း လယ်ယာသုံးစက်ကိရိယာများ စုစုပေါင်း အစီး ၄၃၀ ခန့် ဖြန့်ဖြူးပေးနိုင်ခြင်း၊ ရေငန်တားတာများ တည်ဆောက်ပေးခြင်း၊ မျိုးစပါးနှင့် ချေးငွေများ ဖြည့်ဆည်းပေးနိုင်ခြင်းကြောင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲနိုင်ရန် ဦးတည်ပေးနိုင်ခဲ့သည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၆-၂၀၁၇ ခု တစ်နှစ်တာကာလအတွင်း စိုက်ပျိုးရေးကဏ္ဍအတွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖြန့်ဝေပေးမှုမှာ စုစုပေါင်း ၁၄၄၉၆ တင်းရှိခဲ့သည်။ ရခိုင်ပြည်နယ်ရှိ ဒေသခံတောင်သူများအတွက် လက်တွန်း လယ်ထွန်စက် ၄၄၆ စီး၊ ကိုင်းရှည်လက်တွန်းထွန်စက် ၁၂ စီး၊ ထွန်စက်ကြီး ငါးစီး၊ စပါးခြွေလှေ့စက် ၅၇၂ စီးတို့ကို သက်သာသောနှုန်းထားဖြင့် ဖြန့်ဝေပေးနိုင်ခဲ့သည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၆-၂၀၁၇ တစ်နှစ်တာကာလ ဆန်စပါးထွက်ရှိမှုမှာ တင်းပေါင်း ၇၄၄၂၇၅၄၆ တင်းဖြစ်ပြီး စားသုံးမှုနှင့် မျိုးစပါးမှာ တင်းပေါင်း ၄၉၃၄၆၈၉၄ ဖြစ်ရာ ပြည်နယ်ဆန်စပါးပိုလျှံမှု ၁၅၀ ဒသမ ၈၃ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

အမ်းမြို့နယ်တွင် ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်းပြီး လူထုဗဟိုပြု စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိသည်။ ရောဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းသို့လည်း သွားရောက်နိုင်အောင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လျက်ရှိသည်။

### ၂၃၀ ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်း

ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတွင်လည်း စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးခန်းများကြောင့် ကျောင်းသားလူငယ်များနှင့် ဒေသခံပြည်သူများ ပညာရေး၊ ကျန်းမာရေး ပံ့ပိုးစောင့်ရှောက်မှုများကို ရရှိလျက်ရှိသည်။ အရှည် ၆ ဒသမ ၉ မိုင်ရှိသော ၂၃၀ ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်းသွယ်တန်းနိုင်မှုကြောင့် အမ်းမြို့သည်လည်း လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရာ မြို့နှင့်ကျေးရွာများ စီးပွားရေးတိုးတက်မှုနှင့်အတူ လူမှုဘဝများ မြင့်မားလာမည်ဖြစ်သည်။

အမ်းမြို့နှင့် အနီးဝန်းကျင်ဒေသများ၌ ဆက်သွယ်ရေး မိုဘိုင်းဖုန်းအသုံးပြုသူများလည်း များပြားလာခဲ့ရာ လူမှုဘဝ ပြောင်းလဲမှုပုံရိပ်များပင်ဖြစ်သည်။

### နိုင်လွန်ကတ္တရာ ခင်းထား

သံတွဲခရိုင်သည်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ထားသလို ငပလီဘက်သို့သွားသော ဘုရင့်နောင်လမ်းမှာ နိုင်လွန်ကတ္တရာခင်းထားပြီး ဗိုလ်ချုပ်လမ်းနှင့် မာဂလမ်းတို့မှာလည်း နိုင်လွန်ကတ္တရာခင်းထားသဖြင့် သွားလာရေးအဆင်ပြေသည်။

### ကုန်သွယ်ရေးနှင့်ခရီးသွားလာရေး တိုးတက်လာသောမြို့

သံတွဲမြို့တွင် အဝေးပြေးကားဂိတ်ရှိပြီး ရန်ကုန်-သံတွဲခရီးစဉ်အပြင် သံတွဲမြို့နှင့် ကားလမ်းဆက်စပ်လျက်ရှိသော မြို့များကို သွားရောက်နိုင်သော ယာဉ်လိုင်းများရှိရာ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးတိုးတက်လာသောမြို့ဖြစ်သည်။

### ရွှေလေ့တံတားနှင့် ဒွါရဝတီတံတား

တောင်ကုတ်မြို့နှင့် သံတွဲမြို့များကို ဆက်သွယ်ထားသော ကားလမ်းပိုင်းတွင် ရွှေလေ့တံတားနှင့် ဒွါရဝတီတံတားတို့ တည်ဆောက်ဆက်သွယ်ထားသည်။ တစ်ဖန် သံတွဲနှင့် ဂွမြို့သို့လည်း ကားလမ်းဆက်သွယ်ထားရာ သံတွဲခရိုင်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချိတ်ဆက်သွားလာနိုင်နေပြီဖြစ်သည်။

သံတွဲမှ ရန်ကုန်သို့ နေ့ချင်းပေါက် မော်တော်ယာဉ်ဖြင့် မောင်းနှင်သွားလာနိုင်ပြီဖြစ်သလို တောင်ကုတ်နှင့် ဂွတို့မှလည်း ရန်ကုန်မြို့သို့ တိုက်ရိုက်မောင်းနှင်သွားလာနိုင်ပြီဖြစ်ရာ ဒေသခံပြည်သူတို့၏ စီးပွားရေးနှင့် လူနေမှုဘဝများတိုးတက်လာမည်ဖြစ်သည်။



မောင်တောမြို့နယ် ရွှေရင်အေးကျေးရွာရှိ တိုင်းရင်းသားများအတွက် ဆောက်လုပ်ပေးထားသည့် လုံးချင်းအိမ်ရာများ

### ငပလီကမ်းခြေ

သံတွဲမြို့အနီး သံတွဲလေဆိပ်နှင့် ငပလီကမ်းခြေရှိပြီး ဂွမြို့အနီးတွင်လည်း ကမ်းသာယာကမ်းခြေရှိသည်။ ငပလီကမ်းခြေတွင် ဟိုတယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ပြည်တွင်းပြည်ပ ခရီးသွားများလာရောက်မှုကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိရာ လူမှုဘဝတိုးတက်မှုများရရှိစေရန် အခွင့်အလမ်းများဖြစ်ပေါ်လျက်ရှိသည်။

### တောင်ကုတ်ဒီဂရီကောလိပ်

သံတွဲခရိုင်အတွင်း တောင်ကုတ်မြို့တွင်လည်း တောင်ကုတ်ကောလိပ်ဖွင့်လှစ်ထားရာ ဒေသခံကျောင်းသားလူငယ်များ မိမိရပ်ရွာဒေသ၌သာ အဆင့်မြင့်ကောလိပ်ပညာသင်ကြားရသဖြင့် အဆင်ပြေလျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်း အစိုးရသစ်လက်ထက် တစ်နှစ်တာအတွင်း အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ရာ အထက်တန်းကျောင်း ၁၁ ကျောင်း၊ အထက်တန်းကျောင်းခွဲ ၁၂ ကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ ၇၉ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၆၇ ကျောင်း၊ မူလတန်းကျောင်း ၁၉ ကျောင်းနှင့် မူလတန်းကျောင်းခွဲ ၂၉ ကျောင်း စုစုပေါင်း ၃၂၄ ကျောင်းအား အဆင့်တိုးမြှင့်ပေးနိုင်ခဲ့သည်။

တိုးတက်လာသော ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သော ဆရာ ဆရာမများ အင်အားဖြည့်ဆည်းပေးခဲ့ရာတွင် မူလတန်းပြ ၁၃၃၂ ဦးကို ခန့်အပ်တာဝန်ပေးခဲ့သည်။

အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (သံတွဲ)၊ အစိုးရစက်မှုလက်မှု အထက်တန်းကျောင်း (စစ်တွေ)တို့ကို ဖွင့်လှစ်ကာ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားတတ်မြောက်စေခဲ့ခြင်းဖြင့် လူမှုဘဝတိုးတက်မှုများဖြစ်ပေါ်လာစေမည်ဖြစ်သည်။ စစ်တွေတက္ကသိုလ်၊ တောင်ကုတ်ကောလိပ်နှင့် ကျောက်ဖြူပညာရေးကောလိပ်တို့အပြင် ယခုအစိုးရသစ်လက်ထက်တွင် တောင်ကုတ်ကောလိပ်ကို တောင်ကုတ်ဒီဂရီကောလိပ်အဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။

### တောင်ကုတ်မြို့ ခုတင် ၁၀၀ ဆေးရုံသစ်

တောင်ကုတ်-အမ်း-စစ်တွေ ကားလမ်းဘေးတွင်ရှိသော တောင်ကုတ်ကောလိပ်က ပညာတတ်လူသားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိပြီး လူမှုဘဝတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည်။ တောင်ကုတ်မြို့တွင် ခုတင် ၁၀၀ ဆေးရုံသစ်ကို တည်ဆောက်လျက်ရှိရာ ပြီးစီးတော့မည်ဖြစ်သည်။

ယခင်က ခုတင် ၄၀ ဆံ့ ဆေးရုံရှိသော်လည်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုဖြည့်ဆည်းကုသပေးနိုင်ရေးအတွက် ခုတင် ၁၀၀ ဆေးရုံသစ်ကို တည်ဆောက်ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်တွင် လူဦးရေ ၃ ဒသမ ၃ သန်းကျော်အတွက် ကျေးလက်ကျန်းမာရေးဌာန ၁၂၀ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅၅၈ ခုတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်တွင် ပြည်သူ့ကျန်းမာရေးအဆောက်အအုံများ အဆင့်မြှင့်တင်နိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း ၂၂ ခု အတွက် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၆၅ ဒသမ ၀၀ သန်း သုံးစွဲခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း ၅၂ ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၃၉၅၃ ဒသမ ၄၉၀ သန်းအထိ တိုးမြှင့်သုံးစွဲကာ ရခိုင်ပြည်နယ် ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

### တောင်ကုတ်-မာန်အောင်-ကျောက်တော်-မြောက်ဦးခရီးစဉ်

တောင်ကုတ်မြို့၌ ဆိပ်ကမ်းရှိပြီး ရေကြောင်းခရီးစဉ်ဖြင့်လည်းသွားလာ၍ရသဖြင့် တောင်ကုတ်-မာန်အောင်-ကျောက်တော်-မြောက်ဦးခရီးစဉ်အတွက် ရေယာဉ်များ ပြေးဆွဲလျက်ရှိသည်။

ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းလိုင်းများဖြင့် သွားလာရေးအဆင်ပြေမှု၊ ရေလုပ်ငန်းဖြစ်ထွန်းအောင်မြင်မှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုနှင့် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးတို့ ဖြည့်ဆည်းပေးနိုင်မှုတို့ကြောင့် သံတွဲခရိုင်သည် လူမှုစီးပွားဘဝ တိုးတက်လာနေပြီဖြစ်သည်။ သံတွဲခရိုင်တွင်လည်း မိုဘိုင်းဖုန်းအသုံးပြုသူဦးရေ တိုးတက်များပြားလာမှုကလည်း ထင်သာမြင်သာဖြစ်သည်။

### ကျေးလက်အိမ်ရာ အလုံး ၁၀၀

မောင်တောခရိုင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် ကျေးလက်အိမ်ရာများ အကောင်အထည်ဖော်လျက်ရှိပြီး အိမ်အလုံး ၁၀၀ တည်ဆောက်ပေးလျက်ရှိသည်။



ကုလားတန်မြစ် ဘက်စုံသုံးသယ်ယူပို့ဆောင်ရေးစီမံကိန်းတွင် ပါဝင်သည့် စစ်တွေဆိပ်ကမ်း တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်

### ပန်ဇင်းချောင်းတံတားသစ်

မောင်တောခရိုင်တွင်လည်း ယခုအစိုးရသစ်လက်ထက် တစ်နှစ်တာကာလအတွင်း ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တို့သို့ ဆက်သွယ်ထားသည့် ပန်ဇင်းချောင်းတံတားသစ်ကို ၂၀၁၇ ခုနှစ် မတ် ၂၅ ရက်က ဖွင့်လှစ်ခဲ့ရာ ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့သည်။

### ဘူးသီးတောင်-မောင်တောကတ္တရာလမ်းသစ်

ပန်ဇင်းချောင်းတံတားသည် ဘူးသီးတောင်-ရသေ့တောင်လမ်းပေါ်၌တည်ရှိပြီး ရာသီမရွေးအချိန်မရွေး ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်။ ဆက်လက်ပြီး ဘူးသီးတောင်-မောင်တောကတ္တရာလမ်းသစ်ကိုလည်း မတ် ၂၅ ရက်က ဖွင့်လှစ်ခဲ့ရာ မောင်တောခရိုင်အတွင်းရှိ ဒေသခံပြည်သူများအား စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည်တို့ အဘက်ဘက်မှ တိုးတက်လာစေရန် အထောက်အကူပေးနိုင်တော့မည်ဖြစ်သည်။

### ခမောင်းဆိပ်နှင့် မြင်းလွတ်မြို့သစ် နှစ်မြို့

မောင်တောခရိုင်တွင် ခမောင်းဆိပ်နှင့် မြင်းလွတ်တို့ကို အစိုးရသစ်တစ်နှစ်တာကာလအတွင်း မြို့အဆင့်သတ်မှတ်ပေးခဲ့ရာ မြို့အင်္ဂါရပ်များဖြင့်ပြည့်စုံရန် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးရန် စီစဉ်လျက်ရှိသည်။ မောင်တောခရိုင်မြောက်ပိုင်းတွင်ရှိသော ခမောင်းဆိပ်သည် ယခင်က ရွာအဆင့်သာရှိခဲ့ပြီး မောင်တောခရိုင်တောင်ပိုင်းတွင်ရှိသော မြင်းလွတ်ရွာကိုလည်း မြို့အဆင့်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ခမောင်းဆိပ်မြို့ကို ရပ်ကွက်ငါးခုဖြင့် မြို့စတင်အကောင်အထည်ဖော်ရန်စီစဉ်နေပြီး မြို့အဖြစ် တည်ဆောက်ပြီးပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးမြို့အဖြစ် တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရှိနေသည်။

ယခုအခါ ခမောင်းဆိပ်မြို့ တည်ဆောက်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးမှူးရုံးဖွင့်လှစ်ထားပြီဖြစ်သည်။ ခမောင်းဆိပ်နှင့် မောင်တောမြို့မှာ မိုင် ၄၀ ကွာဝေးပြီး ခမောင်းဆိပ်ကို မြို့အဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံများလည်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လူမှုဘဝများ အဘက်ဘက်မှ တိုးတက်လာမည်မှာ ဧကန်မလွဲပင်။

### ကျေးရွာ ၁၂၂ ရွာအတွက် ရန်ပုံငွေကျပ်သန်း ၃၆၆၀

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်ပြီး ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာပေါင်း ၁၂၂ ရွာအတွက် ရန်ပုံငွေကျပ်သန်း ၃၆၆၀ ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိသည်။

### နယ်စပ်ဒေသအိမ်ရာများ

ရခိုင်ပြည်နယ်အတွင်း နယ်စပ်ဒေသအိမ်ရာများအား ကျေးရွာကိုးရွာတွင် အိမ် ၁၈၃ လုံးနှင့် ရုံးအဆောက်အအုံများ တည်ဆောက်ပေးနိုင်ခဲ့သည်။

အစိုးရသစ်တစ်နှစ်တာကာလအတွင်း ရခိုင်ပြည်နယ်ကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေသဖြင့် ပြည်နယ်အတွင်းရှိ မြို့ရွာနှင့် ကျေးလက်များမှ ဒေသခံတိုင်းရင်းသားတို့၏ လူနေမှုဘဝတိုးတက်မြင့်မားလာမှုများမှာ တဖြည်းဖြည်းနှင့် ထွန်းသစ်စနေခြည်ကဲ့သို့ လင်းဖြာစည်ဝေလာတော့မည်ဖြစ်သည်။